# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၉၅)

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ စနေနေ့။


## မေတ္တာ အာနိသင်

မေတ္တာတရားကို ပွားများခြင်းသည် အကျိုးစီးပွားကို အလိုရှိသူတို့အတွက် လည်းကောင်း၊ အလိုမရှိသူတို့အတွက် လည်းကောင်း၊ ကုသိုလ်ကျေးဇူးကို ဆောင်ရွက်နိုင်၏။

လူတိုင်း လူတိုင်းသည် အာနိသင်ကြီးမားလှသော မေတ္တာပွားများခြင်းကို ကောင်းစွာမှီဝဲအပ်၏။

(မိလိန္ဒပဉှာ၊ မေတ္တာဘာဝနာနိသံသ-၁၉၇)

# ဥပဒေအသက်ဝင်လာပါက လယ်သမားများနှင့် ရေလုပ်သားများဘဝမြင့်မားရေး ၉၀ ရာခိုင်နှုန်းကျော်ဖြည့်ဆည်းနိုင်မည်

ထားဝယ် ဇန်နဝါရီ ၂

**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားကြီးများ စုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ကြသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားတွင် သဘာပတိ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တောင်သူလယ်သမားကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းတင်ပြကြရာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုံးသပ်ဖြည့်စွက်ပြောကြားရာတွင် ယနေ့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကျင်းပသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲသည် အခြားတိုင်းဒေသကြီးများတွင် ကျင်းပခဲ့သည့် တွေ့ဆုံပွဲများထက်ပိုမို၍ ထူးခြားသည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့ကာလသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ နှင့် နှိုင်းယှဉ်ပါက ယနေ့အချိန်သည် ပါတီစုံဒီမိုကရေစီနှင့်

စာမျက်နှာ ၈ ကော်လံ ၁

## (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမျက်နှာစုံညီအစည်းအဝေးတွင် အတည်ပြုခဲ့သည့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်အချို့နှင့်စပ်လျဉ်း၍

သတင်းစာမျက်နှာ ➢ ၆

# နတ်ရဲတောင်တောကို ကြိုးပြင်ကာကွယ်တောအဖြစ် ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် သစ်ပင်သစ်တောများ ထူထပ်များပြားစွာပေါက်ရောက်

ဘုတလင် ဇန်နဝါရီ ၂

မုံရွာခရိုင် ဘုတလင်မြို့နယ် ဘုရားကြီးကျေးရွာအနီးရှိ နတ်ရဲတောင်တောကို ကြိုးပြင်ကာကွယ်တောအဖြစ် သက်ဆိုင်ရာ သစ်တောဦးစီးဌာနက တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ထားရှိခြင်းကြောင့် သစ်ပင်သစ်တောများ ထူထပ်များပြားစွာ ပြန်လည်ပေါက်ရောက်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

"နတ်ရဲတောင်က အရှေ့တောင်နဲ့ အနောက်တောင်ဆိုပြီး တောင်နှစ်ခုကပ်ပြီးရှိနေတာ။ ရှေးတုန်းကတည်းက တောင်ပေါ်မှာ သစ်ခုတ်ဝါးခုတ်လုပ်တဲ့သူတွေကြောင့် သစ်တောသစ်ပင် မရှိသလောက်ဖြစ်သွားရာကနေ နောက်တော့ သစ်တောဦးစီးဌာနက ကြိုးပြင်ကာကွယ်တောသတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်တဲ့အခါကျမှ သစ်ပင်သစ်တော

စာမျက်နှာ ၁၀ ကော်လံ ၄



**ပြည်တွင်း**

ကမ္ဘောဇအသင်း အိမ်ကွင်းအဖြစ် လက်ခံကျင်းပမည့် ပြည်နယ်အားကစားကွင်း အမိုးများ တည်ဆောက်လျက်ရှိ

စာမျက်နှာ ❖ ၅

**ပြည်တွင်း**

မြန်မာနိုင်ငံသား ၃၁ ဦး ထိုင်းနိုင်ငံက လွှဲပြောင်းပေးအပ်

စာမျက်နှာ ❖ ၁၆

**ပြည်တွင်း**

မြစိမ်းရောင်အိမ်ရာဝင်းအတွင်းမှ ကျူးကျော်တဲများ ရှင်းလင်းဖယ်ရှား

စာမျက်နှာ ❖ ၁၇

**ကြော်ငြာအချုပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချုပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။




မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လွတ်လပ်ရေးကို ထိန်းသိမ်းပါ

တိုင်းတစ်ပါးတို့၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ လွတ်မြောက်လာခဲ့သော တိုင်းပြည်နိုင်ငံများတွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိသည့်နေ့ကို လွတ်လပ်ရေးနေ့ဟူ၍ အထွတ်အမြတ် သတ်မှတ်ထားကြလေသည်။ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက် တနင်္ဂနွေနေ့သည်ကား ကိုလိုနီလက်အောက် နှစ်ပေါင်း ၁၀၀ ကျော်ကြာ ကျရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံတော်အဖြစ်သို့ ကောင်းစွာရောက်ရှိသောနေ့ဖြစ်လေသည်။

ထိုနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံသားများအဖို့ ထူးမြတ်သော နေ့တစ်နေ့ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံအနှံ့ အပြားရှိ မြို့ရွာများတွင် ထိုနေ့ကိုမှတ်တမ်းတင်သော မော်ကွန်းကျောက်စာတိုင်များ စိုက်ထူကြပြီးလျှင် အောက်ပါအတိုင်း ကမ္ပည်းထိုးကြလေသည်-

"မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက် တနင်္ဂနွေနေ့သည်ကား ဤငါတို့မြန်မာပြည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီး အဖြစ် ကောင်းစွာရောက်သတည်း။"

ဤသို့လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရရှိခဲ့ခြင်းသည်ကား လွယ်လွယ်ကူကူရရှိခဲ့ခြင်းမဟုတ်ပေ။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတည်းဟူသောတိုင်းရင်းသား ညီအစ်ကို မောင်နှမများတို့၏ အသက်၊ ချွေး၊ သွေးမြောက်မြားစွာ ရင်းနှီးပေးဆပ်၍ သူ့ကျွန်ဘဝမှလွတ်မြောက်အောင် ကျားကုတ်ကျားခဲကြိုးပမ်းအားထုတ်ခဲ့ရခြင်းဖြစ်ပါသည်။ ဤသို့ ခက်ခဲစွာရယူခဲ့ရသော လွတ်လပ်ရေးကြီး ထာဝစဉ်တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်စေရန်မှာ တိုင်းရင်းသားအားလုံး ၏တာဝန်ဖြစ်သည်နှင့်အညီ မမေ့မလျော့ကြစေရန် သတိပေးနှိုးဆော်သည့်အနေဖြင့် နှစ်စဉ် ထိုနေ့တွင် နိုင်ငံတစ်ဝန်း လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ဆင်ယင်ကျင်းပကြလေသည်။

လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲများတွင် များသောအားဖြင့် လွတ်လပ်ရေးကျောက်တိုင်များ၌ စုဝေးကြ၍ ပြည်ထောင်စုကြီးတည်တံ့ရေး၊ တိုးတက်ရေးကို မမေ့မလျော့ကြစေရန် သန္နိဋ္ဌာန်များပြုကြလေ့ရှိသည်။ ပျော်ပွဲရွှင်ပွဲနှင့် ပြပွဲပြိုင်ပွဲများ အမျိုးမျိုးကိုလည်း တခမ်းတနားဆင်ယင် ကျင်းပလေ့ရှိကြသည်။ ယခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားဦးတည်ချက်လေးရပ်သည်ကား အောက်ပါ အတိုင်းဖြစ်ပါသည်-

-ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး။

-ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး။

-လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

-ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ဟူ၍ဖြစ်ပါသည်။

သို့ပါ၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် လွတ်လပ်ရေးကြီး ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သကဲ့သို့ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းမှုနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေး လက်တွဲညီညီဆက်လက်ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်ပေကြောင်း။ ။

ပြည်တွင်းသတင်း






## လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်

မန္တလေး ဇန်နဝါရီ ၂

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် (စာစီစာကုံး၊ ကဗျာ၊ ပိုစတာ)ပြိုင်ပွဲများကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက မန္တလေး တက္ကသိုလ် အင်းဝ (၂၇)ခန်းမ၌ ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် လွတ်လပ်ရေးအသိ၊ လွတ်လပ်ရေးသတိ ခေါင်းစဉ်ဖြင့် ကျောင်းသားကျောင်းသူ ၂၂ ဦးတို့က လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ထိန်းသိမ်းသင့်ပေ အမျိုးသားအမွေ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **မောင်မောင်**

## စာပေရေချမ်းစင်များ၌ စာစဉ်အသစ်များဖြည့်တင်း

တပ်ကုန်း ဇန်နဝါရီ ၂

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ အသိပညာဗဟုသုတများ ရရှိစေရန် ရပ်ကွက်၊ ကျေးရွာ လူစည်ကားသည့် နေရာ ၂၅ နေရာတို့တွင် စာစဉ် ၁၃ မျိုးပါ ရှိသည့် စာပေရေချမ်းစင်များထားရှိထားရာ ၄င်းနေရာများတွင် လျော့နည်းစာစဉ်များနှင့် အတွဲ ၂၊ အမှတ် ၁၁ စာစဉ်များကို ဒီဇင်ဘာ ၂၉ ရက်က မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လိုက်လံဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။ (၄၁၇)



## လွတ်လပ်ရေး၏ ကျေးဇူးဂုဏ်

❖ တော်ဝင်စွာ သဘင်မဟာပွဲတွေနဲ့
ပျော်ရွှင်စရာ ဆင်ကာနွှဲရပြီပေါ့
ရင်ထဲမှာ အထွတ်အမြတ်တွေးရမှာက
လွတ်လပ်ရေး ကျေးဇူးဂုဏ်. . .။

❖ အဘိုးအဘွားတွေနဲ့
ကြိုးစားကာ အဖေအမေတို့
သည်အခြေ သည်မြေရောက်ပါလို့
လွတ်မြောက်အောင် သွေးအသက်
ပေးဆပ်ခဲ့ပုံ။

❖ မမေ့ကြပါလေကုန်
ဖြစ်ရပ်စုံ အတိတ်ဟောင်း။

❖ မလွတ်လပ်လျှင်ဖြင့်
ဝပ်ပျက်ကာ အခြေမဟန်ဘု
ကိုယ့်ခြံမှာ ကိုယ်မနားရတဲ့အပြင်
ကိုယ့်ဆန်ကို ကိုယ်မစားရပေဘု
တစ်ပါးသူပြုသမျှ
နုရတာ အသေအချာမို့
ပြည်မြန်မာ လွတ်လပ်ရေးအတွက်
အသက်ပေးကာ စွမ်းဆောင်သွားကြလေတဲ့
တို့ဘိုးဘွား မျိုးချစ်သွေးတို့ရဲ့
ကျေးဇူးဂုဏ်အထွေထွေ တွေးရှုပါလို့
အလေးပြုသင့်ကြောင်း။ ။

**၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဗိုလ်ရှုခံ အခမ်းအနားအား ဂုဏ်ပြုကြိုဆိုလျက်-**

မြင်းမူမောင်နိုင်မိုး






ပြည်တွင်းသတင်း

# မြန်မာနှင့်ဆားဘီးယား စီးပွားရေးနယ်ပယ်များစွာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိ

**နေပြည်တော် ဇန်နဝါရီ ၂**


နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးမှာ (၆၅)နှစ်ခန့်ရှိခဲ့၍ ကောင်းမွန်ရှည်လျားသော သမိုင်းကြောင်း ဆက်ဆံရေးရှိခဲ့ပါကြောင်း၊ ရင်းနှီးသော မိတ်ဆွေနိုင်ငံများဖြစ်ပြီး နီးကပ်သောဆက်ဆံရေးများရှိ၍ အနာဂတ်တွင် ပိုမိုခိုင်မာကောင်းမွန်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တစ်စိတ်တစ်ဒေသ အကူအညီပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ဆားဘီးယားနိုင်ငံ၏ နည်းပညာမြင့်မားမှုဖြင့် စီးပွားရေးနယ်ပယ်များစွာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိကြောင်း၊ ဆားဘီးယားနိုင်ငံအနေဖြင့် ရှိရင်းစွဲဖွံ့ဖြိုးတိုးတက်မှုထက် ပိုမိုတိုးတက်အောင်မြင်စေရေး နှစ်သစ်အခါသမယတွင် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဆားဘီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.Miodrag Nikolin အား လက်ခံတွေ့ဆုံရာတွင် ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဆားဘီးယားနိုင်ငံ သံအမတ်ကြီးက နှစ်နိုင်ငံလုံးအတွက် အကျိုးဖြစ်ထွန်းစေသော စစ်ဘက်နှင့် စီးပွားရေးနယ်ပယ် အသီးသီးတို့တွင် ဆက်ဆံရေးကောင်းများ ရှိခဲ့ပါကြောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်၍ နယ်ပယ်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ဆားဘီးယားအစိုးရက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများ၏ တိုးတက်ဆောင်ရွက်မှုများအပေါ် အားပေးထောက်ခံပါကြောင်းကို နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားအဖြစ် ပါးလိုက်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆားဘီးယားနိုင်ငံသည် ယူဂိုဆလားဗီးယား ပြည်ထောင်စုမှ ပြည်နယ်အသီးသီးခွဲထွက်ကာ သီးခြားနိုင်ငံဖြစ်သွားသည့် နိုင်ငံခြောက်နိုင်ငံ မှ ယူဂိုဆလားဗီးယား ပြည်ထောင်စုကို ဆက်ခံသည့်နိုင်ငံဖြစ်သည်။ မြန်မာ-ယူဂိုဆလားဗီးယား သံတမန်ဆက်ဆံရေးသည် ၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာ ၂၉ ရက်တွင် စတင်ခဲ့ပြီး နှစ်နိုင်ငံမြို့တော်များ၌ ရုံးစိုက်၍ သံရုံးများ ဖွင့်လှစ်ထားသည်။ မြန်မာနိုင်ငံနှင့် စီးပွားရေး၊ စစ်ဘက်အဆက်အဆံများရှိခဲ့ပြီး ရထားစက်ခေါင်း၊ စစ်လက်နက်ပစ္စည်းအချို့နှင့် သင်္ဘောကျင်းလုပ်ငန်း၊ ဆည်မြောင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြောင်း သိရသည်။

**(မြဝတီ)**





# (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားတွင် ချီတက်မည့် အဖွဲ့ဝင်များအား အာဟာရများ ပေးဝေ

**နေပြည်တော် ဇန်နဝါရီ ၂**

(၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက် ချီတက်အလေးပြုမည့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ၌ တည်းခိုနေသည့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့က အချိုရည်နှင့် ရေသန့်ဘူးများအား လည်းကောင်း၊ အားကစားဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့က ရေသန့်ဘူးများကို လည်းကောင်း၊ ညနေ ၄ နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကိတ်မုန့်၊ ဖျော်ရည်ထုပ်၊ ကော်ဖီမစ်နှင့် ချိုချဉ်ထုပ်များကို လည်းကောင်း လှူဒါန်းခဲ့ကြောင်းသိရသည်။ **(ဝဲပုံ)**

အဆိုပါ လှူဒါန်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းနှင့် ဒေါ်မြသီဂီ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သီတာဝင်းထိန်နှင့်အဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် အတွင်းရေးမှူး ဒေါ်ဝင်းရွှေ ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်ချီတက် အလေးပြုမည့် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ယာယီတစ်နှစ်ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်း (၈) ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၂၄ ရက်က ကျင်းပသည့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၄) ၏ ဆုံးဖြတ်ချက်အရ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း ၁၁ ဖွဲ့ကို အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ယာယီတစ်နှစ်အတွက် ထုတ်ပေးခဲ့ပြီးဖြစ်သည်။

အသေးစား ငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးပြီးသည့် အဖွဲ့အစည်းများမှာ INGO အဖွဲ့အစည်း ခုနစ်ဖွဲ့၊ NGO အဖွဲ့အစည်း ၂၁ ဖွဲ့၊ သမဝါယမ အဖွဲ့အစည်း ၇၇ ဖွဲ့၊ ပြည်ပကုမ္ပဏီလီမိတက် အဖွဲ့အစည်း ၁၄ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီလီမိတက် အဖွဲ့အစည်း ၉၅ ဖွဲ့၊ အစုစပ် ကုမ္ပဏီလီမိတက်အဖွဲ့အစည်း တစ်ဖွဲ့ စုစုပေါင်းအဖွဲ့အစည်း ၂၁၅ ဖွဲ့ဖြစ်သည်။ ယာယီတစ်နှစ် လုပ်ကိုင်ရန် ထပ်မံလိုင်စင်ထုတ်ပေးသည့် အဖွဲ့အစည်းများမှာ ပြည်ပကုမ္ပဏီလီမိတက် အဖွဲ့အစည်းသုံးဖွဲ့နှင့် ပြည်တွင်းကုမ္ပဏီလီမိတက် အဖွဲ့အစည်း ရှစ်ဖွဲ့၊ စုစုပေါင်းအဖွဲ့အစည်း ၁၁ ဖွဲ့ ဖြစ်သည်။

အသေးစား ငွေရေးကြေးရေး လုပ်ငန်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းခြင်းဆိုင်ရာ ခိုင်မာမှု၊ အခြေခံလူတန်းစားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မှု၊ အဖွဲ့အစည်းရေရှည်တည်တံ့ပြီး ကျေးလက်မြို့ပြများသို့ နှံ့စပ်စွာဆောင်ရွက်နိုင်မှုများဖြင့် စံနှုန်းများချမှတ်လျက်ရွေးချယ်ရေးမှုများဖြင့် စိစစ်လျက်ရှိသည်။

အသေးစား ငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်လိုသော အဖွဲ့အစည်းများသည် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီများနှင့် လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနနှင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့ ချီတက်အလေးပြုမည့် နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြု အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ လေ့ကျင့်ရေးစခန်းသို့ ဇန်နဝါရီ ၂ ရက်က ပျဉ်းမနားမြို့နယ် အထောက်အကူပြုအဖွဲ့နှင့် အလှူရှင်များက စားသောက်ဖွယ်ရာများ လှူဒါန်းစဉ်။

မျိုးဇေယျာ(ပျဉ်းမနား)

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများကို ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၂-၁-၂၀၁၅) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ၇၂ ဦးနှင့် ထုတ်ဝေသူသက်တမ်းတိုး ၆၁ ဦးပေါင်း သက်တမ်းတိုး ၁၃၃ ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ ခုနစ်ဦး၊ ထုတ်ဝေခွင့်အတွက်အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့်ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် သုံးဦး၊ အထွေထွေထုတ်ဝေခွင့် ခြောက်ဦးပေါင်း ပုံနှိပ်လုပ်ငန်းနှင့်ထုတ်ဝေခွင့် ၁၅၄ ဦးတို့ကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ယခင်အပတ်က ဂျာနယ်အသစ်လျှောက်ထားသူ စိစစ်ဆဲ ခြောက်ဦးအနက် တစ်ဦးမှာ ဂျာနယ် Logo ပြောင်းရန် ပြန်လည်ပြင်ဆင်တင်ပြလာသဖြင့် ခွင့်ပြုပေးထားပြီးဖြစ်ပါသည်။ ယခုအပတ်တွင် တင်ပြသည့်အထဲမှ ဂျာနယ်ထုတ်ဝေခွင့်သက်တမ်းတိုးအတွက် အမည်နှင့်ပတ်သက်၍ စိစစ်ဆဲတစ်ဦးဖြစ်ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၂၉၅ ဦးနှင့်အသစ်လျှောက်ထားသူ ၅၄ ဦးအားလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၃၀၆ ဦးနှင့် အသစ်လျှောက်ထားသူ ၂၀၀ ဦးအားလည်းကောင်း စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း အသိအမှတ်ပြုလက်မှတ် ၈၅၅ စောင်ကို စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူ ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦး၊ ဂျာနယ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ အထွေထွေထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦးနှင့်သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ ပုံနှိပ်လုပ်ငန်း အသစ်လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

နိုင်ငံတကာသတင်း

# လျှိုမြောင်သုံးသွယ်လျှပ်စစ်ဓာတ်အားပေးစက်ရုံ ရေအားလျှပ်စစ်ထုတ်လုပ်မှု ကမ္ဘာ့စံချိန်သစ်တင်

**ရီချန်း ဇန်နဝါရီ ၂**

တရုတ်နိုင်ငံရှိ လျှိုမြောင်သုံးသွယ် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ၂၀၁၄ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကီလိုဝပ်နာရီပေါင်း ၉၈ ဒသမ ၈ ဘီလီယံသည် ကမ္ဘာ့စံချိန်ဖြစ်သည့် ဘရာဇီး အီတိုင်ပူ ရေအားလျှပ်စစ်စက်ရုံ၏ ရေအားလျှပ်စစ်ထုတ်လုပ်ပေးနိုင်မှုကို ကျော်လွန်၍ စံချိန်ချိုးခဲ့ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

၂၀၁၃ ခုနှစ်က လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီပေါင်း ၉၈ ဒသမ ၆ ဘီလီယံ ထုတ်လုပ်နိုင်သော ဘရာဇီး အီတိုင်ပူရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု အများဆုံးအဖြစ် အချိန်ကြာကြာ ရပ်တည်ခဲ့သည်။

ကီလိုဝပ်နာရီပေါင်း ၉၈ ဒသမ ၈ ဘီလီယံထုတ်လုပ်နိုင်မှုသည် ကျောက်မီးသွေးသုံးစွဲမှုတန်ချိန် ၃၉ သန်းနှင့် ညီမျှသည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုတန်ချိန် သန်း ၁၀၀ ထုတ်လွှတ်အားကို တားဆီးကာကွယ်နိုင်ကြောင်း လျှိုမြောင်သုံးသွယ် ကော်ပိုရေးရှင်းက ပြောခဲ့သည်။

ကမ္ဘာ့ရေအားလျှပ်စစ်အများဆုံးထုတ်လုပ်နိုင်သည့် လျှိုမြောင်သုံးသွယ် လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်စွမ်း ကီလိုဝပ်နာရီပေါင်း ၂၂ ဒသမ ၅ သန်းရှိပြီး အီတိုင်ပူ ရေအားလျှပ်စစ်စက်ရုံသည် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်စွမ်း ကီလိုဝပ်နာရီပေါင်း ၁၄ သန်း ထုတ်လုပ်နိုင်သည်။

**(ဆင်ဟွာ)**

# ဘရာဇီးသမ္မတ ဒီမာရိုဆက်ဖ် ဒုတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို စီးပွားရေးပြန်လည်ဦးမော့လာစေရန် ကတိပြု

**ဘရာဇီးလီးယား ဇန်နဝါရီ ၂**



ဘရာဇီးသမ္မတ ဒီမာရိုဆက်ဖ်သည် ဒုတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ အသက် ၆၇ နှစ် အရွယ်ရှိ မစ္စရိုဆက်ဖ်သည် လူမှုဖူလုံရေးအစီအစဉ်များ တိုးချဲ့ဆောင်ရွက်ပေးရန် ကတိကဝတ်ပြုပြီး သန်းပေါင်းများစွာသော ပြည်သူများအား ဆင်းရဲတွင်းမှ လွတ်ကင်းအောင် ဆောင်ရွက်ပေးမည်ဟု ဆိုသည်။

ဘရာဇီးမြို့တော် ဘရာဇီးလီးယား၌ ကျင်းပသော ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ထောင်ပေါင်းများစွာသော ထောက်ခံသူများ တက်ရောက်ရာ ၂၀၁၃ ခုနှစ်က အာဏာရခဲ့သော မစ္စရိုဆက်ဖ်၏ အလုပ်သမားပါတီ(ပီတီ) ၏ အရောင်ဖြစ်သော အနီရောင်အင်္ကျီများကို ဝတ်ဆင်ထားကြသည်။

"ကျွန်မအနေနဲ့ ၃၆ သန်းရှိတဲ့ ပြည်သူတွေကို အလွန်အမင်း ဆင်းရဲခြင်းမှ ကယ်တင်ပေးနိုင်ခဲ့ပါတယ်" ဟု ၎င်းက လွှတ်တော်အဆောက်အအုံအတွင်း လွှတ်တော်ကိုယ်စားလှယ်များအား ပြောကြားခဲ့သည်။

"အခုအချိန်ဟာ ဘရာဇီးပြည်သူတွေလိုအပ်နေတဲ့ အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှုနဲ့ အဆင့်မြင့်ပညာရေး ဝန်ဆောင်မှုတွေ ဖြည့်ဆည်းပေးရမယ့် အချိန်ပါပဲ။ လုံခြုံရေးတိုးတက်အောင် ဆောင်ရွက်ပြီး လာဘ်စားမှုတွေကိုလည်း ကိုင်တွယ်ဖြေရှင်းသွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ နိုင်ငံပေါင်း ၁၃၀ မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဒုသမ္မတ ပိုက်ကလိတီမာ၏ ကျမ်းသစ္စာကျိန်ဆိုမှုကိုပါတွေ့မြင်ခဲ့ကြရသည်။ **(ဘီဘီစီ)**

# ဆီးရီးယားပဋိပက္ခလေးနှစ်အတွင်း ၂၀၁၄ ခုနှစ်သည် သေပျောက်မှုအများဆုံးနှစ်ဖြစ်၊ သေဆုံးသူ ၇၆၀၀၀ ကျော်ရှိခဲ့



**ဒမတ်စကတ် ဇန်နဝါရီ ၂**

ဆီးရီးယားနိုင်ငံ၏ လေးနှစ်ကြာပဋိပက္ခအတွင်း ၂၀၁၄ ခုနှစ်သည် သေပျောက်မှု အများဆုံးဖြစ်ပြီး သေဆုံးသူ ၇၆၀၀၀ ကျော်ရှိခဲ့ကြောင်း တက်ကြွလှုပ်ရှားသူများက ပြောသည်။

ကလေး ၃၅၀၁ ဦး အပါအဝင် အရပ်သား သေဆုံးမှုမှာ ၁၇၇၉၀ ဦး ရှိခဲ့ကြောင်း ယူကေအခြေစိုက် ဆီးရီးယား လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောသည်။

ထိုအတောအတွင်း အီရတ်နိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများ၌ လူပေါင်း ၁၅၀၀၀ ကျော် သေဆုံးခဲ့ရာ ၂၀၀၇ ခုနှစ် နောက်ပိုင်း အဆိုးရွားဆုံးနှစ်တစ်နှစ်ဟု ဆိုသည်။

အဆိုပါ နှစ်နိုင်ငံအတွင်း အိုင်အက်စ်စစ်သွေးကြွများနှင့် အခြားသော စစ်သွေးကြွ အုပ်စုများ၏ ပဋိပက္ခများကြောင့် သေဆုံး သူများ သိသိသာသာတိုးလာလျက် ရှိသည်။ ဆီးရီးယားတွင် အစိုးရတပ်များနှင့် သူပုန်များအကြားတိုက်ပွဲများဖြစ်ပွားနေချိန် အိုင်အက်စ်စစ်သွေးကြွများအား အမေရိကန်က လေကြောင်းမှ တိုက်ခိုက်ခဲ့သည့်အတွက် သေဆုံးသူ အရေအတွက်သည် သိသိသာသာ တိုးပွားလာသည်ဟု ဆိုသည်။

အမေရိကန်တို့က ဆီးရီးယားမြို့များဖြစ်သည့် ရက်ကွာ၊ ကိုဘိန်းနှင့်ဒီယာ အယ်လ်ဇူယာမြို့များအနီးရှိ အိုင်အက်စ်ပစ်မှတ်များသို့ ၁၇ ကြိမ်ပစ်မှတ်ထား တိုက်ခိုက် ခဲ့သည့်အပြင် အီရတ်မြို့ကြီးများ ဖြစ်သည့် ဖလူးဂျာ၊ မိုဆူးလ်နှင့် ဆင်ဂျာအနီးရှိ ပစ်မှတ်တို့ကိုလည်း ၁၂ ကြိမ်တိုင် ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။

ထိုအတောအတွင်း ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်က ဒမတ်စကတ်ဆင်ခြေဖုံး ဂျိုဘာသို့ သွားရောက်ကာ ရှေ့တန်းတပ်ဖွဲ့ဝင်များနှင့်အတူ နှစ်သစ်ကူးပွဲ ကျင်းပခဲ့သည်ဟုဆိုသည်။ မစ္စတာ အာဆတ်၏တွစ်တာနှင့် ဖေ့စ်ဘွတ်ခ်အကောင့်များ၌ တင့်ကားတစ်စီးရှေ့၌ တပ်ဖွဲ့ဝင်နှစ်ဦးအားလက်ဆွဲနှုတ်ဆက်နေပုံများ လွှင့်တင်ထားသည်။ **(ဘီဘီစီ)**

# နိုင်ငံပေါင်းစုံကျွမ်းကျင်သူများအဖွဲ့ အဲအေးရှားလေယာဉ်ပျံသန်းမှု မှတ်တမ်းကိရိယာကို ဆက်လက်ရှာဖွေ

**ပေကျင်း ဇန်နဝါရီ ၂**

နိုင်ငံပေါင်းစုံမှ ပါဝင်သည့် ရှာဖွေရေးအဖွဲ့တစ်ဖွဲ့သည် အဲအေးရှားလေယာဉ်ပျက်ကျသည်ဟု ယူဆရသော ဘော်နီယိုကျွန်းကမ်းလွန်ပင်လယ်ပြင်သို့ သောကြာနေ့က ရောက်ရှိလာပြီး ပျက်ကျလေယာဉ်၏ ပျံသန်းမှုမှတ်တမ်းကိရိယာကို ရှာဖွေရန် ကြိုးစားကြသည်။

အင်ဒိုနီးရှားမှ စင်ကာပူသို့ ခရီးသည် ၁၆၂ ဦး တင်ဆောင်ပြီး ပျံသန်းထွက်ခွာလာသည့် A 320-200 အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ဂျာဗားပင်လယ်ကြမ်းပြင်တွင် ရှိနိုင်ကြောင်း၊ လေယာဉ်အပျက်အစီး အစိတ်အပိုင်းများစွာကို ရှာဖွေနိုင်ကြောင်း၊ သို့သော်လည်း လေယာဉ်ကိုယ်ထည်မှာ ယခုအချိန်ထိ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ယခုအချိန်ထိ သေဆုံးသူ ၁၀ ဦးကို ရှာဖွေနိုင်ပြီဖြစ်ကြောင်း၊ ကျန်သေဆုံးသူ အများစုမှာ လေယာဉ်ကိုယ်ထည်အတွင်း၌ ရှိနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မည်သူတစ်ဦးတစ်ယောက်မျှ အသက်ရှင်လျက် မတွေ့ရှိရကြောင်း၊ ထို့အပြင် လေယာဉ်ပျက်ကျသည့် အကြောင်းအရင်းကိုလည်း မသိရသေးကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂျာဗားပင်လယ်ပြင်တွင် ရာသီဥတုဆိုးရွားမှုကြောင့် ကယ်ဆယ်ရှာဖွေရေး လုပ်ငန်းများကို ခေတ္တခဏရပ်ဆိုင်းခဲ့ရကြောင်း၊ လေယာဉ်ပျက်ကျရာနေရာဟုယူဆရသောနေရာတွင် လှိုင်းထန်ပြီး လှိုင်းလုံးကြီးများသည် လေးမီတာအမြင့်ထိ မြင့်တက်နေသောကြောင့် မိမိ၏ အဖွဲ့သားများကိုပင် တွေ့မြင်နိုင်ရန် ခက်ခဲကြောင်း၊ ဤကဲ့သို့ အခြေအနေတွင် ရှာဖွေမှုကို ဆက်လက်လုပ်ဆောင်၍မရကြောင်း အင်ဒိုနီးရှားသဘော်ကပ္ပတိန်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

လေယာဉ်ပျံသန်းမှုမှတ်တမ်းကိရိယာကိုသာ ရှာဖွေတွေ့ရှိ နိုင်မည်ဆိုပါက လေယာဉ်တည်ရှိသောနေရာကို အတိအကျသိရှိနိုင်ပြီး မည်သို့မည်ပုံ ပျက်ကျခဲ့ကြောင်းကိုလည်း အဖြေရှာဖွေ တွေ့ရှိနိုင်မည်ဖြစ်သည်။

**(ဘီဘီစီ/ဆင်ဟွာ)**



# ဂျပန်၌ ၂၀၁၄ခုနှစ် ကလေးမွေးဖွားနှုန်း စံချိန်တင်ကျဆင်း

**တိုကျို ဇန်နဝါရီ ၂**

ဂျပန်နိုင်ငံ၏ကလေးမွေးဖွားမှုနှုန်းသည် ၂၀၁၄ ခုနှစ်အတွင်း စံချိန်တင်ကျဆင်းခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန စာရင်းဇယားများအရ သိရသည်။

၂၀၁၄ ခုနှစ်အတွင်း ကလေးမွေးဖွားသူ ၁၀၀၁၀၀၀ ရှိခဲ့ရာ ၂၀၁၃ ခုနှစ်ကထက် ၉၀၀၀ လျော့နည်းခဲ့သည်ဟု ဆိုသည်။ အဆိုပါ မွေးဖွားမှုနှုန်းကျဆင်းမှုသည် လေးနှစ်ဆက်တိုက် ကျဆင်းခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်အတွင်း သေဆုံးမှုနှုန်း မြင့်တက်ခဲ့သော်လည်း ယမန်နှစ်ကသေဆုံးမှုအရေအတွက် ၁ဒသမ ၃သန်းထက် လျော့နည်းခဲ့သည်။

၂၀၅၀ ပြည့်နှစ်အရောက်တွင် လက်ရှိ လူဦးရေ အရေအတွက်ထက် သန်း ၃၀ လျော့ကျကာ ၉၇ သန်းအောက် ရောက်ရှိသွားနိုင်သည်ဟု အချို့က ခန့်မှန်းထားကြသည်။ **(ဘီဘီစီ)**

# မိကျောင်းများအန္တရာယ် ဩစတြေးလျ သတိပေးချက်ထုတ်ပြန်

**ဆစ်ဒနီ ဇန်နဝါရီ ၂**

သားပေါက်ရာသီတွင် အရေအတွက် တိုးပွားလာသော မိကျောင်းများ၏အန္တရာယ်ကို ဒေသခံများနှင့် ကမ္ဘာလှည့်ခရီးသည်များ သတိပြုနိုင်ရန် အာဏာပိုင်များက သောကြာနေ့တွင် သတိပေးခဲ့သည်။

၂၀၁၄ ခုနှစ်တွင် မိကျောင်းတိုက်ခိုက်မှုကြောင့် လူလေးဦးသေဆုံးမှုကြောင့် အာဏာပိုင်များက သတိပေးခဲ့ခြင်းဖြစ်သည်။

ကမ္ဘာလှည့်ခရီးသွားများနဲ့ တောတွင်းခရီးသွားများ နှစ်ခြိုက်ရာနေရာဖြစ်သော မိကျောင်းကြီးများ ပေါက်ပွားသည့် ကက်သရင်းမြစ်ရှုခင်းများသို့ သွားရောက်လိုကြောင်း တောင်းဆိုမှုများ အများအပြား လက်ခံရရှိခဲ့သည်ဟု မြောက်ပိုင်းတောရိုင်းတိရစ္ဆာန် နယ်မြေထိန်းသိမ်းရေးအဖွဲ့ (PWCNT) က ပြောကြားခဲ့သည်။

စိုစွတ်သော ရာသီသည် ရေငန်မိကျောင်း သားပေါက်သောအချိန်ဖြစ်သည်ဟု NT ဥယျာဉ်နှင့် သဘာဝတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေးက ပြောသည်။

မကြာသေးမီက မြစ်ရေမြင့်တက်မှုကြောင့် မိကျောင်းများအနေဖြင့် မြစ်ကြောင်းတစ်လျှောက် လွတ်လပ်စွာ ရှင်သန်ကျက်စားနိုင်ကြောင်း PWCNT က ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်း

# အထက(၂) ဒဂုံမြို့မကျောင်း တင်းနစ်အားကစားကွင်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

တင်းနစ်အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းနေအရွယ်ကလေးများ တင်းနစ်ကစားခြင်းဖြင့် အားကစားစိတ်ဓာတ်၊ အသင်းအဖွဲ့စိတ်ဓာတ်နှင့် အနာဂတ်တင်းနစ်အားကစားစိတ်ဓာတ်ခွန်အားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ အထက(၂) ဒဂုံမြို့မကျောင်း တင်းနစ်အားကစားကွင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အဆိုပါကျောင်း တင်းနစ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝင်းဆွေ(ငြိမ်း)နှင့် ဒဂုံမြို့နယ် ပညာရေးမှူး ဒေါ်မြမြသင်းတို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဦးအောင်သိန်းလင်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးအေးသင်းတို့က တင်းနစ်အားကစားကွင်း ကမ္ပည်းမော်ကွန်းတိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ တင်းနစ်အားကစားကွင်းသည် နိုင်ငံတကာအဆင့်မီအားကစားကွင်းတစ်ကွင်းဖြစ်ပြီး အလျားပေ ၁၂၀၊ အနံ ပေ ၆၀ ရှိကာ ကုန်ကျငွေ ကျပ်သိန်း ၃၀ ဖြင့်တည်ဆောက်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောမြို့နယ်၌ အားကစားပြိုင်ပွဲများကျင်းပ

**ဆော ဇန်နဝါရီ ၂**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းလှုပ်ရှားမှုအဖြစ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ဂန့်ဂေါခရိုင် ဆောမြို့နယ် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်း ဦးဆောင်ပါဝင်သည့်အဖွဲ့နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းကို ဦးဆောင်ပါဝင်သည့် အဖွဲ့တို့၏ လွန်ဆွဲပွဲဖြင့် ဖွင့်လှစ်သည်။



အဆိုပါ အားကစားပြိုင်ပွဲတွင် ဌာနဆိုင်ရာအမျိုးသားဝန်ထမ်းများ၏ လွန်ဆွဲပြိုင်ပွဲ၊ ဌာနဆိုင်ရာ အမျိုးသမီးဝန်ထမ်းများ၏ ထုပ်ဆီးတိုးပြိုင်ပွဲများအပြင် ပြည်သူများပါဝင်ယှဉ်ပြိုင်ကြမည့် အခြားအားကစားနည်းများနှင့် ပျော်ပွဲရွှင်ပွဲ ၁၄ မျိုးတို့ကို ထည့်သွင်း၍ ဇန်နဝါရီ ၃ ရက်ထိ ကျင်းပ၍ ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

# ပင်လောင်းမြို့နယ်၌ ဘိန်းစိမ်း ၁၁ ဒသမ ၈ ကီလို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ


**နေပြည်တော် ဇန်နဝါရီ ၂**

ဒီဇင်ဘာ ၃၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှတပ်ဖွဲ့ဝင်များသည် ပင်လောင်းမြို့နယ် တုန်ဟုန်ကားလမ်း မိုင်တိုင်အမှတ်(၄၃/၁) တွင် ရှောင်တခင် စစ်ဆေးရေးပြုလုပ်စဉ် ပင်လောင်းမြို့ဘက်မှ မှော်ဘီတံတားဘက်သို့ လူတစ်ဦးစီးနင်းလာသည့် မော်တော်ဆိုင်ကယ်သည် စစ်ဆေးရေးပြုလုပ်နေသည့်နေရာမရောက်မီ ကိုက် ၁၀၀ ခန့်အကွာတွင် ပြန်ကွေ့ထွက်ပြေးရန် ကြိုးစားစဉ် ဆိုင်ကယ်လဲသွားခဲ့ပြီး မော်တော်ဆိုင်ကယ်စီးနင်းလာသူမှာ ကားလမ်းယာဘက် လျှိုစောင်းတောအုပ်အတွင်း ထွက်ပြေးတိမ်းရှောင်သွားသည်။

၄င်းစီးလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ပီနံအိတ်အတွင်း ပလိုင်းဖြင့်ထည့်ထားသည့် ဘိန်းစိမ်း ရှစ်ထုပ်အလေးချိန် (၁၁ ဒသမ ၈ ကီလို ) ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသဖြင့် နောင်တရားနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရှောင်လေဝေးဝေး မူးယစ်ဆေး



# ကမ္ဘောဇအသင်း အိမ်ကွင်းအဖြစ် လက်ခံကျင်းပမည့် ပြည်နယ်အားကစားကွင်းအမိုးများ တည်ဆောက်လျက်ရှိ

**တောင်ကြီး ဇန်နဝါရီ ၂**

မြန်မာနေရှင်နယ်လိဂ် ၂၀၁၅ ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်ကိုယ်စားပြု ကမ္ဘောဇအက်ဖ်စီအသင်း၏ အိမ်ကွင်းအဖြစ်လက်ခံကျင်းပမည့် တောင်ကြီးမြို့ ရှမ်းပြည်နယ်အားကစားကွင်းကို အရှေ့ဘက်ပွဲကြည့်စင်တစ်လျှောက်လုံး အမိုးတပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အသင်း၏ ပထမဆုံး အိမ်ကွင်းပွဲစဉ်အဖြစ်ကျင်းပမည့် ဇန်နဝါရီ ၃၁ ရက်အမီ အမိုးများ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးရန် ရှမ်းပြည်နယ်အစိုးရနှင့် အားကစားဝန်ကြီးဌာနတို့က ပြည်ထောင်စုခွင့်ပြု ဘတ်ဂျက်ရန်ပုံငွေအစီအစဉ်ဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**KZLM(တောင်ကြီး)**

# ၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါးများနှင့် ဓာတ်ပုံပြိုင်ပွဲအတွက် ထပ်မံနှိုးဆော်

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၁၄ ခုနှစ် ဒီဇင်ဘာအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲအတွက် စာမူများနှင့်ဓာတ်ပုံများကို ၂၀၁၄ ခုနှစ်(၁၇-၁၂-၂၀၁၄) ရက်နေ့ထုတ် မြဝတီသတင်းစာနှင့် (၁၂-၁၂-၂၀၁၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာများတွင် ကြော်ငြာထည့်သွင်းခေါ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များအနေဖြင့် မူလသတ်မှတ်ထားသည့် ရက်ဖြစ်သော ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားရှိကာ စာမူများနှင့် ဓာတ်ပုံများအရောက်ပေးပို့ကြပါရန် အားကစားဝန်ကြီးဌာနမှ ထပ်မံနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

ဒီဇင်ဘာ ၃၁ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့ ရပ်ကွက်(၈) မန်ဆူကားဝင်းအနီး လမ်းမပေါ်တွင် ရွှေခမ်း မောင်းနှင်ပြီး ခင်ဇော်လင်း လိုက်ပါလာသော မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ခင်ဇော်လင်း ဝတ်ဆင်ထားသည့် အကျႌအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀ သိမ်းဆည်းရမိသဖြင့် ခင်ဇော်လင်း(၁၉ နှစ်)နှင့် ရွှေခမ်း(၁၉ နှစ်)တို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ယာပုံ)**



ဇန်နဝါရီ ၁ ရက် မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်နေ စိုးမိုးထွန်း၏ နေအိမ်ကို သတင်းအရရှာဖွေရာ စိုးမိုးထွန်းဝတ်ဆင်ထားသော အနွေးထည်အကျႌအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ ကို သိမ်းဆည်းရမိသဖြင့် စိုးမိုးထွန်း (၄၄ နှစ်)ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေးတွင် အတည်ပြုခဲ့သည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်အချို့နှင့်စပ်လျဉ်း၍

အမေးအဖြေ- မင်းမင်းဇော်(သတင်းစဉ်)
ဓာတ်ပုံ-ထိန်နန်နော်(သတင်းစဉ်)

**အီးယူနိုင်ငံများက တင်သွင်းသည့် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာဆုံးဖြတ်ချက်ကို ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီတွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်များကိုပင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီက ကုလသမဂ္ဂအထွေထွေညီလာခံမျက်နှာစုံညီ အစည်းအဝေး၌ ဆက်လက်တင်သွင်းခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အချို့နှင့် ပတ်သက်၍ မှန်ကန်သည့် သတင်းအချက်အလက်များ သိရှိနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းနှင့် တွေ့ဆုံမေးမြန်းနိုင်ခဲ့သမျှကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။**

**မောင်ဖိုးဇော်(မေး) ။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်က ကုလသမဂ္ဂအထွေထွေညီလာခံမှာ မြန်မာနိုင်ငံနဲ့စပ်လျဉ်းပြီး ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခဲ့တယ်လို့ ကြားသိရပါတယ်။ ဘယ်လို ဆုံးဖြတ်ချက်မျိုးဖြစ်တယ်ဆိုတာ ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

ဦးထင်လင်း(ဖြေ) ။ ကျင်းပဆဲဖြစ်တဲ့ (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ဒီဇင်ဘာလ (၂၉) ရက်မှာ ကျင်းပတဲ့မျက်နှာစုံညီအစည်းအဝေးက မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်ဟာ အသစ်ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်တစ်ရပ်မဟုတ်ပါဘူး။ ဒီညီလာခံရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆုံးဖြတ်ချက်တွေကို သက်ဆိုင်ရာကော်မတီအသီးသီးမှာ ဦးစွာဆွေးနွေး အတည်ပြုပြီး မျက်နှာစုံညီအစည်းဝေးကို ဆက်လက်တင်ပြချမှတ်ခြင်းပဲဖြစ်ပါတယ်။ ဒီမြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်ဟာ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ပင်မကော်မတီ တစ်ရပ်ဖြစ်တဲ့ လူမှုရေး၊ လူသားချင်းစာနာထောက်ထားမှုနဲ့ ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ (Social, Humanitarian and Cultural Matters) အတိုအားဖြင့် တတိယကော်မတီမှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က ဆွေးနွေးအတည်ပြုပြီးဖြစ်ပါတယ်။

**မေး ။ ဒီဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး ဘယ်လိုအချက်အလက်တွေပါတယ်၊ မြန်မာနိုင်ငံက ဘယ်လိုသဘောထားတယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ဒီဆုံးဖြတ်ချက်မှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ဒီမိုကရေစီပြောင်းလဲမှု၊ အမျိုးသားပြန်လည်သင့်မြတ်မှု၊ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်ရေးတွေမှာ ရရှိနေတဲ့ အပြုသဘောဆောင်တဲ့ တိုးတက်မှုတွေကို ကြိုဆိုထားပါတယ်။ ဒါ့အပြင် မြန်မာအစိုးရအနေနဲ့လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ လူ့အသိုက်အဝန်းတွေနဲ့ ဆက်လက်ထိတွေ့ဆွေးနွေးဆောင်ရွက်နေတာကိုလည်း ကြိုဆိုထားပါတယ်။ ဥပဒေပြုပြင်ပြောင်းလဲရေးနဲ့ ပြန်လည်သုံးသပ်ရေး၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးမှု၊ ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးရရှိဖို့အတွက် အားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးမှုကို ရှေးရှုပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းဆောင်ရွက်မှုတွေကိုလည်း ကြိုဆိုထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ မတူကွဲပြားခြင်းနဲ့ အမျိုးသားသဟဇာတရှိရေးဗဟိုဌာန ထူထောင်ခြင်း၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနဲ့ တိုးတက်ထိတွေ့ပူးပေါင်းဆောင်ရွက်မှု စတာတွေကိုလည်း အသိအမှတ်ပြု ကြိုဆိုထားပါတယ်။

ဒီအဆိုမူကြမ်းဟာ မြန်မာနိုင်ငံရဲ့ တိုးတက်မှုတွေကို အသိအမှတ်ပြုကြိုဆိုထားတဲ့အတွက် အဆိုကိုတင်သွင်းတဲ့ အီးယူနိုင်ငံတွေနဲ့ နှစ်ဖက်အပြုသဘော ပူးပေါင်းဆောင်ရွက်မှုတွေရှိတာကို ထောက်ထားသောအားဖြင့် အဆိုမူကြမ်းကို မဲခွဲဆုံးဖြတ်ရန် မြန်မာနိုင်ငံက တောင်းဆိုခြင်း မပြုဘဲ၊ မဲမခွဲဘဲ (without a vote) အတည်ပြုချမှတ်ရန်သာ အီးယူနဲ့ ညှိနှိုင်းရပ်တည်ခဲ့ပါတယ်။

ဒီလိုမြန်မာနိုင်ငံက ဆုံးဖြတ်ရပ်တည်ခဲ့ပေမယ့် အဆိုမူကြမ်းမှာ လက်မခံနိုင်တာတွေပါဝင်တဲ့အတွက် အဆိုမူကြမ်းချမှတ်စဉ်မှာ ပယ်ချခြင်းနဲ့ ချွင်းချက်ပြုဖော်ပြခြင်းများလည်း ပြုလုပ်ခဲ့ပါတယ်။ ဒီအဆိုမူကြမ်းဆွေးနွေးခြင်း၊ အတည်ပြုချမှတ်ခြင်း၊ မိမိရပ်တည်ချက်ကို ထင်ရှားစေရန် ချေပပြောဆိုခြင်းစတဲ့လုပ်ငန်းစဉ်တစ်လျှောက်လုံးမှာ ပါဝင်ဆွေးနွေးဆောင်ရွက်ခဲ့တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးအနေနဲ့ ပြောကြားလိုတာကတော့ ဒီအဆိုမူကြမ်းကို မြန်မာနိုင်ငံအနေနဲ့ တန်းတူရည်တူဆွေးနွေးပြီး မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေတွေနဲ့ ကိုက်ညီစေဖို့ အတတ်နိုင်ဆုံး စဉ်းစားဆုံးဖြတ်ဆောင်ရွက်ခဲ့တာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။



ခေတ္တညွှန်ကြားရေးမှူးချုပ်
ဦးထင်လင်း

**မေး ။ သတင်းတွေထဲမှာ လူမျိုးရေး၊ ဘာသာရေးအပေါ် ခွဲခြားဆက်ဆံတဲ့မူဝါဒကို အဆုံးသတ်ဖို့ တိုက်တွန်းလိုက်တယ်လို့ ရေးသားတာတွေလည်း တွေ့ရပါတယ်။ အဲဒါဘာကို ဆိုလိုပါသလဲလို့ သိချင်ပါတယ်။**

ဖြေ ။ ဆုံးဖြတ်ချက်မှာပါတဲ့ အချို့သော ကိစ္စတွေဟာ အချက်အလက်တွေမှန်ကန်မှုမရှိဘဲနဲ့ သိမ်းကျုံး စွပ်စွဲပြောဆိုချက်တွေ ဖြစ်နေတာ တွေ့ရပါတယ်။ ဒီလိုစွပ်စွဲချက်တွေဟာ မြန်မာနိုင်ငံအတွင်း ရာစုနှစ်ပေါင်းများစွာ သဟဇာတရှိရှိနေထိုင်လာတဲ့ လူမျိုးတွေနဲ့ ဘာသာဝင်တွေအကြား အမုန်းပွားမှုကိုသာဖြစ်စေနိုင်ကြောင်း ကျွန်တော်တို့ကိုယ်စားလှယ်အဖွဲ့က ထောက်ပြကန့်ကွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဒီလိုခွဲခြားဆက်ဆံတဲ့မူဝါဒမရှိသလို ကျင့်သုံးခြင်းလည်းမရှိပါဘူး။ ဒါပေမယ့် သဘာဝရေမြေအနေအထား၊ လမ်းပန်းဆက်သွယ်ရေးစတဲ့အကန့်အသတ်တွေကြောင့် မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားလူမျိုးစု အချို့ဒေသတွေမှာ အထွေထွေဖွံ့ဖြိုးတိုးတက်မှု နောက်ကျတာတော့ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့ဒေသအားလုံး အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေတာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။

**မေး ။ အချို့သော သတင်းတွေထဲမှာ လူနည်းစုတွေကို နိုင်ငံသားအဖြစ် သတ်မှတ်ပေးဖို့၊ 'ရိုဟင်ဂျာ'အဖြစ် ခေါ်ဆိုခွင့်ပြုဖို့ ဆုံးဖြတ်ချက်က တိုက်တွန်းကြောင်း စသည်ဖြင့် ဖော်ပြတာတွေ တွေ့ရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။**

ဖြေ ။ ဒီနေရာမှာ ဆုံးဖြတ်ချက်ပါ အချက်အလက်ကို နားလည်မှု လွဲမှားတာလို့ ယူဆပါတယ်။ ဆုံးဖြတ်ချက်မှာကတော့ နိုင်ငံသားဖြစ်ရေးအတွက် လိုအပ်တဲ့အခွင့်အရေးတွေ ညီတူညီမျှပေးအပ်ဖို့လို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။ နိုင်ငံသားအဖြစ်သတ်မှတ်ပေးဖို့ မည်သူတစ်ဦးတစ်ယောက်ကမျှ မြန်မာနိုင်ငံအစိုးရကို တိုက်တွန်းလို့မရပါဘူး။ နိုင်ငံသား ဖြစ်ရေးဟာ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေတွေ၊ အထူးသဖြင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဖြစ်မှုဥပဒေနဲ့အညီသာ ဆောင်ရွက်ရမှာဖြစ်ကြောင်း မြန်မာကိုယ်စားလှယ်အဖွဲ့က ရှင်းလင်းပြောကြားခဲ့ပါတယ်။ ပထမအဆင့်အနေနဲ့ နိုင်ငံသားစိစစ်မှုရှေ့ပြေးစီမံချက်တစ်ရပ်ကိုဆောင်ရွက်ခဲ့ပြီး ဥပဒေနဲ့ကိုက်ညီတဲ့သူများကို နိုင်ငံသားပြုခွင့်ရသူ(သို့မဟုတ်) နိုင်ငံသားအဖြစ် စိစစ်ခွင့်ပြုခဲ့ပါတယ်။ နိုင်ငံသားအဖြစ် ဆုံးဖြတ်ပေးခဲ့သူများ၊ နိုင်ငံသားပြုခွင့်ရသူများနဲ့ ၎င်းတို့ရဲ့သားသမီးတွေဟာ ဒီဥပဒေနဲ့အညီအခွင့်အရေးတွေရရှိပြီးဖြစ်ပါတယ်။ ဒီလိုစိစစ်မှုတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**ဆုံးဖြတ်ချက်မှာ သုံးနှုန်းထားတဲ့ 'ရိုဟင်ဂျာ' လူနည်းစုဆိုတဲ့ ဖော်ပြချက်ကို မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ကန့်ကွက်ပြောကြားခဲ့ပါတယ်။ ဒီလိုပြောကြားရာမှာ မြန်မာနိုင်ငံရဲ့ လူမျိုးစု ၁၀၀ ကျော်စာရင်းနဲ့ ဗြိတိသျှ ကိုလိုနီလက်ထက် သန်းခေါင်စာရင်းမှတ်တမ်းတွေမှာ ဒီအသုံးအနှုန်းမရှိကြောင်း၊ ဒီလိုမရှိတဲ့ အသုံးအနှုန်းတစ်ခုကို ပြောဆိုသုံးစွဲတာဟာ မည်သည့်ဖြေရှင်းမှုမျိုးကိုမှ ပေါ်ထွက်လာစေမှာမဟုတ်ဘဲ အဟန့်အတားသာ ပေါ်ပေါက်စေမှာဖြစ်ကြောင်း အခိုင်အမာရပ်တည်ပြောကြားခဲ့ပါတယ်။ ဒါ့အပြင်ကုလသမဂ္ဂအနေနဲ့ ဒီအသုံးအနှုန်းမျိုးဖော်ပြခြင်းဟာ မြန်မာပြည်သူတွေကို စိတ်မချမ်းမသာဖြစ်စေပြီး ရေရှည်တည်တံ့မယ့် အဖြေတစ်ရပ်ရှာဖို့ ကြိုးစားနေတဲ့ မြန်မာအစိုးရရဲ့ ဆောင်ရွက်ချက်တွေကို အထောက်အကူမပြုတဲ့အပြင် ပိုမိုခက်ခဲစေမှာဖြစ်ကြောင်း ကန့်ကွက်ပြောကြားခဲ့ပါတယ်။**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းရဲ့ မြန်မာနိုင်ငံခရီးစဉ် အတွင်း ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဒီအသုံးအနှုန်းကို သုံးစွဲခဲ့တဲ့အတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပေးစာတစ်စောင် ပေးပို့ခဲ့ပါတယ်။ အပြည့်အစုံကိုတော့ နိုဝင်ဘာလ ၁၄ ရက်ထုတ်သတင်းစာတွေမှာ ဖော်ပြခဲ့ပြီးဖြစ်လို့ ထပ်မံမပြောကြားတော့ပါဘူး။ ကုလသမဂ္ဂအနေနဲ့ အဖွဲ့ဝင်နိုင်ငံတွေက မိမိပြည်တွင်းရေးနဲ့ပတ်သက်ပြီး အဖြေရှာဖို့ ကြိုးစားနေတဲ့ အငြင်းပွားဖွယ်ကိစ္စရပ်တွေမှာ မည်သည့်ဘက်ကိုမျှ ဘက်မလိုက်ဘဲ သမာသမတ်ကျကျရပ်တည်သွားဖို့ လိုပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောပြချင်တာကတော့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ သဟဇာတဖြစ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေနဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်နေတယ်ဆိုတဲ့အချက်ပါပဲ။ ဒီလိုဆောင်ရွက်ရာမှာ ဖွံ့ဖြိုးရေးဟာ အဓိကသော့ချက်ကျတဲ့အတွက် ရခိုင်ပြည်နယ် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတကာ အသိုက်အဝန်းအနေနဲ့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမှန်တကယ်လိုအပ်ပြီး လက်တွေ့ကျတဲ့ ဖွံ့ဖြိုးတိုးတက်မှုအကူအညီတွေပေးအပ်သွားဖို့လိုကြောင်း ပြဿနာရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာမယ့်အစား အဖြေရဲ့အစိတ်အပိုင်းတစ်ရပ်ဖြစ်ဖို့ လိုတယ်ဆိုတာကို ပြောကြားလိုပါတယ်။

# တောင်သာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

**တောင်သာ ဇန်နဝါရီ ၂**

တောင်သာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ပြည်သူများအား စမ်းသပ်ခြင်း၊ ခွဲစိတ်ခြင်း၊ မျက်မှန်တပ်ဆင်ပေးခြင်း၊ အသွားအပြန်ခရီးစရိတ်ထောက်ပံ့ခြင်း၊ စားသောက်စရိတ်များကို အခမဲ့ပံ့ပိုးပေးခြင်း စသည့်အစီအစဉ်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် IBTC ဖောင်ဒေးရှင်းနာယက ဦးအောင်မိုးကျော်တို့၏ မွန်မြတ်သောစေတနာများဖြင့် မျက်စိဝေဒနာရှင် ပြည်သူများအား အခမဲ့ကွင်းဆင်းကုသပေးသည့် ဖွင့်ပွဲအခမ်းအနားကို ဇလျမ်း-ကန်မြဲကျေးရွာတွင် ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီ ၃၅ မိနစ်က ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝင်းမြင့်က အမှာစကားပြောကြားခဲ့ပြီး IBTC ဖောင်ဒေးရှင်းနာယက ဦးအောင်မိုးကျော်၏ ကိုယ်စား ဦးစောဖုန်းနိုင်က ဖောင်ဒေးရှင်းအနေဖြင့် လှူဒါန်းရခြင်း အကြောင်းများ ရှင်းလင်းဆွေးနွေးခဲ့သည်။ ၎င်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထင်ကျော်တို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြသည်။

တောင်သာမြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင် ပြည်သူများအား အခမဲ့စမ်းသပ်ကွင်းဆင်းစစ်ဆေးကုသခြင်းများကို စုရပ်သုံးနေရာခွဲ၍ ဒီဇင်ဘာ ၂၆ ရက်မှစတင်ပြီး ရုံးစည်ကြီးကျေးရွာအုပ်စု စုရပ်မှပြသသူ ၈၃၇ ဦး၊ မျက်မှန်တပ်ဆင်ရမည့်သူ ၃၈၂ ဦး၊ ခွဲစိတ်ကုသရမည့်သူ ၅၅ ဦးကို မျက်စိအထူးကု ဒေါက်တာဦးကိုကိုသန်း (မိတ္ထီလာပြည်သူ့ဆေးရုံ)၊ ဒေါက်တာဒေါ်ပွင့်ဖြူဝင်း(ကျောက်ပန်းတောင်းပြည်သူ့ဆေးရုံ)တို့က စစ်ဆေးခဲ့သည်။ ဒီဇင်ဘာ ၂၈ ရက်တွင် ဇလျမ်း-ကန်မြဲစုရပ်မှ ပြသသူ ၇၈၂ ဦး၊ မျက်မှန်တပ်ဆင်ရမည့်သူ ၃၄၄ ဦး၊ ခွဲစိတ်ကုသမည့်သူ ၁၄၂ ဦးကို မျက်စိအထူးကုဒေါက်တာဒေါ်သန္တာထွန်း၊ ဒေါက်တာဒေါ်အေးသီတာမြင့် (မြင်းခြံပြည်သူ့ဆေးရုံ)တို့က စစ်ဆေးခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်တွင် ဆီမီးကန်ကျေးရွာစုရပ်မှ ပြသသူ ၈၅၆ ဦး၊ မျက်မှန်တပ်ဆင်ရမည့်သူ ၃၀၅ ဦး၊ ခွဲစိတ်ကုသမည့်သူ ၁၂၀ ကို မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးတင်မောင်စိုး ခေါင်းဆောင်သောအဖွဲ့တို့က အခမဲ့စမ်းသပ်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

ခွဲစိတ်ကုသခြင်း လုပ်ငန်းကို တောင်သာမြို့နယ် ပြည်သူ့ဆေးရုံတွင် ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးတင်မောင်စိုး ဦးဆောင်သောအဖွဲ့က ခွဲစိတ်ကုသပေးခဲ့ပြီး ယနေ့အထိ ၃၁၇ ဦးခွဲစိတ်ပြီးဖြစ်ကြောင်း သိရသည်။

တောင်သာမြို့နယ် အတွင်း စုစုပေါင်းပြသသူ ၂၄၇၅ ဦး၊ မျက်မှန်တပ်ဆင်ရမည့်သူ ၁၀၃၁ ဦး၊ ခွဲစိတ်ကုသရမည့်သူ ၃၁၇ ဦးရှိခဲ့သည်။

တောင်သာမြို့နယ်သည် မိုးခေါင်ရေရှား ပူးပြင်းခြောက်သွေ့သောရာသီဥတုကို ပြင်းထန်စွာခံစားရသောကြောင့် ဒေသတွင်းပြည်သူများအနေဖြင့် မျက်စိဝေဒနာခံစားရသူ မြောက်မြားစွာရှိသည်။ ၎င်းကိုကုစားပေးသည့်အနေဖြင့် တောင်သာမြို့နယ်အတွင်း ပြည်သူများ၏ မျက်စိကျန်းမာရေးအတွက် ကုန်ကျစရိတ်များအားလုံးကို ဦးအောင်မိုးကျော်(ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းနာယက၊ ရာသက်ပန်အလှူ IBTC ဖောင်ဒေးရှင်းနာယက)က လှူဒါန်းခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်သမ္မတရုံး ကျန်းမာရေးဝန်ကြီးဌာန အလှူရှင်များကို ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ကိုထိန်(တောင်သာ)**



# သီပေါမြို့နယ်ရဲလုပ်ငန်းဆောင်ရွက်မှု သတင်းစာရှင်းလင်းပွဲကျင်းပ

**သီပေါ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူများ ထိတွေ့ဆက်ဆံရေး ဆွေးနွေးပွဲနှင့် ရဲလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းစဉ်များအကြောင်း၊ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် ပညာပေးဆွေးနွေးမှုများအကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းလှိုင်ကနယ်မြေလုံခြုံရေးအတွက် ညကင်းများ လှည့်လည်ဆောင်ရွက်နေမှုများနှင့်မြို့မိမြို့ဖများနှင့်လူမှုရေးအသင်းအဖွဲ့များက မြို့တွင်းဆိုင်ကယ်များ စည်းကမ်းမဲ့စွာ အရှိန်အဟုန်ပြင်းစွာ မောင်းနှင်ခြင်းဖြင့် ကျောင်းသားလူငယ်များအန္တရာယ်ရှိမှုများ စသည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တိုင်းရင်းသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နိုင်ငံတစ်ဝန်း စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၂**

ကမ္ဘာ့နိုင်ငံများ၌ နိုင်ငံသားဖြစ်မှုသတ်မှတ်ရာ၌ နိုင်ငံ၏ ပိုင်နက်မြေပေါ်၌ မည်မျှကြာမြင့်စွာ နေထိုင်ခဲ့သည်ကို လည်းကောင်း၊ သွေးသားချင်းဆက်စပ်မှု အခြေအနေကိုလည်းကောင်း အမျိုးမျိုးမူတည်သတ်မှတ်ကြပါသည်။ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံသားဖြစ်မှုကို မျိုးရိုးစဉ်ဆက် သွေးသားတော်စပ်မှု၊ သွေးသားချင်းဆက်စပ်မှုကို မူတည်သတ်မှတ်သည်မှာ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရသာ ဖြစ်ပါသည်။

ယခုအခါ တိုင်းရင်းသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နိုင်ငံတစ်ဝန်း မိုးပွင့်စီမံချက်များဖြင့် လွယ်ကူလျင်မြန်စွာရရှိရေး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ မိမိတို့ဌာနအနေဖြင့် ပြည်သူများအတွက် ဖြည့်ဆည်းပေးမှုဖြစ်ပါကြောင်း၊ အချို့ဒေသများတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအလှူရှင်များ၏ စေတနာအလျောက် လှူဒါန်းမှုများကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်မှု ကုန်ကျစရိတ်များကို အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်သည့် အထောက်အထားတစ်ခုဖြစ်သည်နှင့် အညီ ပြည်သူများအနေဖြင့် ရရှိပြီးသော နိုင်ငံသားစိစစ်ရေး ကတ်ပြားကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန်လိုကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြောင်းမြမြို့နယ် တောင်ပေါ်စုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ဒေသခံပြည်သူများကို မိုးပွင့် အဆင့် (၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးရာ၌ ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးကတ်ပြားအကြောင်း သိကောင်းစရာများကိုမေးမြန်းရာ ဖြေဆိုနိုင်သူများအား ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များပြန်လည်ပေးအပ်ပြီး ကျေးရွာလူငယ်များနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲ ကျောက်တန်း၌ ကျင်းပ

**ကျောက်တန်း ဇန်နဝါရီ ၂**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အလက(မြို့မ)၌ ကျင်းပရာ၊ အထက(၁)၊ အထက(၂)သော်ကနှင့်၊ မြို့မအလကတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးကိုယ်စား အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးမျိုးညွန့်က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသောင်းဝင်း (မောင်နီမှိုင်း-ကျောက်တန်း)က လူငယ်နှင့် အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စာရေးဆရာ အသင်းနာယက ဦးစိုးဝင်း(မျှော်ဝန်း-ဝင်းမြတ်)က လွတ်လပ်ရေးနှင့်ဇာတိမာန် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြသည်။

ဟောပြောပွဲအပြီးတွင် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် လွတ်လပ်ရေးနေ့ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကျင်းပပြီး ဆုရရှိသူများအား ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**(ဝ၁၉)**



# ဓမ္မပူဇာသဘင် နှိုးဆော်လွှာ

သာသနဟိတဓရအသင်း နေပြည်တော်မှ ပင့်ဖိတ်စီစဉ်ထားသော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မသိပ္ပံပါမောက္ခချုပ်၊ စစ်ကိုင်းတောင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ မဟာထေရ်မြတ်ကြီးက တရားတော်များ ဟောကြားတော်မူမည် ဖြစ်ပါသည်။

ဓမ္မပူဇာသဘင်အခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၇ ရက် (ဗုဒ္ဓဟူးနေ့)၊ ၈ ရက် (ကြာသပတေးနေ့)၊ ၉ ရက် (သောကြာနေ့)များ၌ ညစဉ် ၇ နာရီခွဲအချိန်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ချီတက်အလေးပြုကြမည့် ကင်းထောက်လူငယ်များအား တွေ့ဆုံအားပေး

နေပြည်တော် ဇန်နဝါရီ ၂

**(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားသို့ ချီတက်အလေးပြုရန် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော်တည်းခိုရေးစခန်း၌ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်နေသည့် ကင်းထောက်လူငယ်ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ယနေ့နံနက်ပိုင်းတွင် သွားရောက်တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်ငွေများနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။**



ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့် တာဝန်ရှိသူများက စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်နေသော ကင်းထောက်လူငယ်များ၏ ကျန်းမာရေး၊ စားသောက်ရေး၊ နေထိုင်ရေး၊ ရေကောင်းရေသန့် လုံလောက်စွာရရှိရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် အာဟာရပြည့် ဖြည့်စွက်စာများ စီစဉ်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကင်းထောက်လူငယ် အုပ်ချုပ်သူ ၃၆ ဦးနှင့် အလံကိုင်အဖွဲ့ဝင် ၉၀ တို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို တာဝန်ရှိသူများထံပေးအပ်ကာ ကင်းထောက်လူငယ်ကျောင်းသား ကျောင်းသူ ၇၂၀ အတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ယခုကဲ့သို့ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားသို့ ချီတက်အလေးပြုရမည့် ကင်းထောက်လူငယ်များအား ကျေးဇူးတင်ရှိကြောင်းနှင့် ဂုဏ်ယူထိုက်သည့် ဆောင်ရွက်မှုတစ်ခု ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ချီတက်အလေးပြုရန် ကင်းထောက်လူငယ်စစ်ရေးပြတပ်ခွဲများသည် ရွာတော်တည်းခိုရေးစခန်းသို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ရောက်ရှိခဲ့ပြီး စခန်းသွင်းလေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့ကြသည်။ ကင်းထောက်လူငယ်အုပ်ချုပ်သူများ၊ အလံကိုင်များနှင့် ကင်းထောက်လူငယ်စုစုပေါင်း ၈၄၆ ဦး ချီတက်အလေးပြုကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိုးလေဝသ ခန့်မှန်းချက်များ

**နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

# မိဘပြည်သူများထံ အသိပေးတင်ပြခြင်း

၁။ အစဉ်အလာအရ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းအား မြို့နယ်လဝကရုံးများတွင် ကိုယ်တိုင်လျှောက်ထားရမည်ဖြစ်သော်လည်း တိုင်းရင်းသားပြည်သူများ အချိန်၊ ငွေကြေး၊ သက်သာ၊ လွယ်ကူ၊ လျင်မြန်စေရန်အတွက် One Stop Service ဖြင့် လိုအပ်ချက်များအား ဖြေလျှော့ပေးသောနည်းလမ်းကို အသုံးပြုကာ မိုးပွင့်စီမံချက်များအား နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၁-၇-၂၀၁၁မှ ၃၁-၁၂-၂၀၁၄ အထိ မိုးပွင့်အဆင့်(၁)မှ အဆင့် (၇) အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း (၄၀၆၂၇၇၃)၊ အိမ်ထောင်စုလူဦးရေစာရင်းပေါင်း (၆၄၂၅၅၃) ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ ဆောင်ရွက်ရန် ကျန်နေသူများအတွက် မိုးပွင့်(အထူး) စီမံချက်အဖြစ် ၁-၁-၂၀၁၅ မှ ၃၀-၆-၂၀၁၅ အထိ ခြောက်လတာ နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၄။ အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

(က) အသက် (၁၀) နှစ်ပြည့်နှင့် (၁၈) နှစ်ပြည့် တိုင်းရင်းသားများသည် မိမိနေထိုင်သော ရပ်ကွက်၊ ကျေးရွာရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများထံ လျှောက်ထားလိုကြောင်း စာရင်းပေးသွင်းရပါမည်။

(ခ) မိမိဌာနမှကြိုတင်ဖြန့်ဝေထားသော ရွှေ့ပြောင်းလျှောက်လွှာပုံစံများတွင် အချက်အလက်များ ဖြည့်စွက်ရပါမည်။

(ဂ) တင်ပြရမည့် အထောက်အထားများအား လက်ကမ်းစာစောင်များ၊ မီဒီယာများတွင် ဖော်ပြထားပြီးဖြစ်၍ တစ်ပါတည်း ပါရှိရပါမည်။

(ဃ) ရရှိသော စာရင်းဇယားပေါ်မူတည်၍ ဗဟိုကျသောနေရာတွင် အခြေပြုပြီး ဝန်းကျင် ကျေးရွာ/ ရပ်ကွက်များမှ လာရောက်စုစည်းလုပ်ကိုင်သည့် ပုံစံမျိုးဖြင့် ကွင်းဆင်းဆောင်ရွက်ပေးပါမည်။

(င) ဆောင်ရွက်ဆဲ မိုးပွင့်စီမံချက်များအတိုင်း နှစ်လကွင်းဆင်း၊ တစ်လရုံးတွင် ပြန်လည်စိစစ်ခြင်းနှင့် လက်ခံဆောင်ရွက်ခြင်း စနစ်ဖြင့် ဆောင်ရွက်ပါမည်။

(စ) တိုင်းရင်းသားမဟုတ်သော သွေးနှောများအတွက် ရုံးမှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးရန် လိုအပ်ချက်ကြောင့် မြို့နယ်ရုံးများတွင်သာ လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဆ) နိုင်ငံသားစိစစ်ရေးကတ်ပြားသည် တရားဝင် အိမ်ထောင်စုလူဦးရေစာရင်းရှိသူများကိုသာ ဆောင်ရွက်ပေးနိုင်သဖြင့် အိမ်ထောင်စုလူဦးရေစာရင်းရှိသော နေရာများတွင်သာ လျှောက်ထားရမည် ဖြစ်ပါသည်။

(ဇ) နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်မှုအတွက် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခငွေမှာ အသစ်ပြုလုပ်မှု(၆)ကျပ်၊ ပျောက်ဆုံး/ပျက်စီး (၁၀)ကျပ်နှင့် လဲလှယ်(၃)ကျပ်ဖြစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်းအား အခမဲ့ဆောင်ရွက်ပေးသွားပါမည်။

(ဈ) ဓာတ်ပုံဖိုး၊ သွေးစစ်ခ၊ မိတ္တူကူးခ၊ ထောက်ခံစာများနှင့် ကျန်စရိတ်စကများမှာ ဌာနနှင့်သက်ဆိုင်ခြင်းမရှိဘဲ ပြည်သူများကိုယ်တိုင် ကျခံရမည် ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

၆။ ကွင်းဆင်းဆောင်ရွက်မှုများအပေါ် ကျေလည်မှုမရှိသည်များ၊ လွဲချော်နေသည်များရှိပါက ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၈) နေပြည်တော် ဖုန်းနံပါတ် ၀၆၇-၄၃၁၀၄၅ နှင့် ၀၆၇-၄၃၁၀၄၇ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။ ကာယကံရှင်အား ပြန်လည်ရှင်းလင်း အသိပေးနိုင်ရန်အတွက် မေးမြန်းသူ၏ လိပ်စာအပြည့်အစုံအား တစ်ပါတည်း ပြောကြားပေးစေလိုပါသည်။

၇။ အကြံပြုချက်များကိုလည်း လေးစားစွာ လက်ခံပါမည်။

၈။ နိုင်ငံသားဖြစ်မှုသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အချက်အလက်မပြည့်စုံပါက စိစစ်ရန် လိုအပ်သည့်အချိန်ရယူရပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပြည်တွင်းသတင်း

❍ *ရွှေဖုံးမှ*

ဒီမိုကရေစီ လူ့အခွင့်အရေးကိစ္စရပ်များကို အရရှိဆုံးအချိန်ဖြစ်ပါကြောင်း၊ ယင်းသို့ နိုင်ငံသားများအတွက် ထူးခြားစွာရရှိသည့် အခွင့်အရေးများကို ယနေ့တွေ့ဆုံပွဲကြီး၌ ထိရောက်စွာ အသုံးချနိုင်ခဲ့ပါကြောင်း။

ယနေ့တင်သွင်းခဲ့သည့် အဆိုများတွင် တောင်သူလယ်သမားဘဝမြင့်မားတိုးတက်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ရေလုပ်သားများ၏ လူမှုဘဝမြင့်မားတိုးတက်ရေးနှင့် ရေသယံဇာတထိန်းသိမ်းရေး၊ လယ်ယာမြေပြဿနာများကို ဥပဒေနှင့်အညီ အမြန်ဆုံးဖြေရှင်းပေးရေးဆိုသည့်အချက်များ ပါဝင်ကြကြောင်း၊ မေးခွန်းများသည်လည်း အဆိုများနှင့် သက်ဆိုင်နေသည့် အချက်များပင်ဖြစ်ကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး၊ ဥပဒေကိုလည်း သုံးသပ်ဆွေးနွေးသွားသည်ကို တွေ့ရပါကြောင်း၊ တောင်သူလယ်သမားများ ဘဝမြင့်မားတိုးတက်ရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဖြေရှင်းဆောင်ရွက်ပေးနိုင်မှသာ မိမိတို့နိုင်ငံကို နိမ့်ကျနေသည့်အဆင့်မှရုန်းထွက်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများဖြစ်ကြပြီး တောင်သူလယ်သမားကြီးများ၏ဘဝ မြင့်မားအောင် ပြည်ထောင်စုလွှတ်တော်က တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်ပါကြောင်း။

အဆိုပါဥပဒေ၏ နည်းဥပဒေ၊



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စည်းမျဉ်းစည်းကမ်းများ ပေါ်ထွက်လာပြီး ဥပဒေအသက်ဝင်လာပါက အဆိုတွင်ပါရှိသည့်အတိုင်း တောင်သူလယ်သမားများနှင့် ရေလုပ်သားများဘဝမြင့်မားတိုးတက်ရေးကို ၉၀ ရာခိုင်နှုန်းကျော် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ဒုတိယသမ္မတဦးစီး၍ ပြည်ထောင်စုဝန်ကြီးများပါဝင်သော ဗဟိုအဖွဲ့ဖွဲ့စည်းပြီးဥပဒေပါ အကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မည်ဆိုသည့် ယခင်ချမှတ်ခဲ့သည့်လုပ်ငန်းစဉ်အတိုင်း ဆက်လက်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

တောင်သူလယ်သမားများ ဘဝဖွံ့ဖြိုးတိုးတက်ရေးသာမက တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရန်ပုံငွေများ တိုးမြှင့်ချထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်က တိုင်းဒေသကြီးအတွင်းစိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးတို့ကို အားထားလုပ်ဆောင်ခဲ့ရာမှ စက်မှုလုပ်ငန်းများတွင်လည်း ပါဝင်ရင်းနှီးလုပ်ကိုင်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ပေါ်လာပါက ဒေသခံပြည်သူများအနေဖြင့် အခွင့်အလမ်းကောင်းများရရှိနိုင်မည်ဖြစ်ကြောင်း၊ စက်မှုဇုန်နှင့်ရေနက်ဆိပ်ကမ်းတို့တွင် ပါဝင်ဆောင်ရွက်ခွင့်ရမည့် ကဏ္ဍအသီးသီးအတွက် လူသားအရင်းအမြစ်တိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရေးတို့ကို ပြင်ဆင်ထားရမည့်အချိန်လည်း ဖြစ်ပါကြောင်း၊ သဘာဝအရင်းအမြစ်များ တိုးတက်ထုတ်လုပ်လာနိုင်သည်နှင့်အမျှ ခရီးသွားလုပ်ငန်းလည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် အနာဂတ်တွင် ထူးခြားစွာ တိုးတက်လာနိုင်သည့် ဒေသဖြစ်၍ မည်သည့်အချက်များကြိုတင်ပြင်ဆင်ထားရမည်ဆိုသည်ကိုစဉ်းစားဆုံးဖြတ်ပြီး နိုးကြားတက်ကြွစွာလုပ်ကိုင်ရန် လိုအပ်ပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားဥပဒေစိုးမိုးမှုရှိရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်များက ပြဋ္ဌာန်းထားသည့် ဥပဒေများအပါအဝင် တည်ဆဲဥပဒေများကို အားလုံးလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ အစိုးရအဖွဲ့၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မှသာ တရားဥပဒေစိုးမိုးမှုရှိမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီခေတ်ဖြစ်သည်နှင့်အညီ ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်များသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ဥပဒေပြုနေခြင်းဖြစ်ပြီး တစ်ပါတီ၊ တစ်ဖွဲ့အတွက်မဟုတ်ကြောင်း၊ ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူ့အကျိုးကို ဖော်ဆောင်နိုင်မည့် ဥပဒေများ ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာကွန်ဗင်းရှင်းများ၊ Treaty များနှင့်အညီ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူကိုဗဟိုပြုဆောင်ရွက်နေသည့်အတွက် အစိုးရ၊ လွှတ်တော်တို့နှင့်သာ ဆောင်ရွက်၍မရဘဲ ပြည်သူအားလုံး ပါဝင်မှသာ အောင်မြင်မှုရမည်ဖြစ်ကြောင်း၊

တနင်္သာရီတိုင်းဒေသကြီးသည် အခြားတိုင်းဒေသကြီးများထက် ထူးခြားသည့် အခြေအနေများကို ပိုင်ဆိုင်ထားသည့်အတွက် အခြားတိုင်းဒေသကြီးများထက် လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်မည့်အခြေအနေရှိကြောင်း၊ စာရင်းဇယားများအရလည်း လူတစ်ဦးချင်းဝင်ငွေသည် အခြားတိုင်းဒေသကြီးများထက် ပိုမိုကြောင်း၊ နောင်အနာဂတ်တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်သည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားသဖြင့် တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူများအနေဖြင့် ရရှိသည့် အခွင့်အလမ်းများကို ပိုင်ပိုင်နိုင်နိုင် အသုံးချရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီး လွှတ်တော်တို့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက မိမိတို့တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရုံသာမက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တက်ရောက်လာကြသော တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကွင်းအတွင်း ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာပေးပြခန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်းပြခန်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြခန်းတို့ကို ကြည့်ရှုလေ့လာခဲ့သည်။

**(သတင်းစဉ်)**

---

✻ *ကျောဖုံးမှ*

မြန်မာ့ရုပ်မြင်သံကြားက နေ့စဉ်ထုတ်လွှင့်နေတဲ့ အဝေးသင် သင်ခန်းစာပို့ချချက် ၁၅ မိနစ်နဲ့က ကျောင်းသား ကျောင်းသူတွေ အနေနဲ့က သိပ်မလုံလောက်ဘူး။ အဲဒါကြောင့် နိုင်ငံတကာ အဝေးသင်တက္ကသိုလ်တွေမှာ ဘယ်လိုလုပ်နေသလဲဆိုတာ ကြည့်လိုက်တဲ့အခါမှာ အင်တာနက်ကို အသုံးပြုပြီးတော့ Internet Protocol Television System (IPTV) နဲ့ ထုတ်လွှင့်နေတာကို တွေ့ခဲ့တယ်။

ဒီလိုမျိုး IPTV စနစ်ကိုအသုံးပြုပြီး ကျွန်တော်တို့ ကျောင်းသားကျောင်းသူတွေ အားလုံး ၂၄ နာရီကြည့်ရှုခွင့်ရလို့ရှိရင်၊ ပြဋ္ဌာန်းစာအုပ်ဖတ်လို့ နားမလည်ရင် ဆရာ ဆရာမတွေရှင်းပြတာကို နားထောင်ပြီး နားလည်သွားမယ်။ ဒါဆိုလို့ရှိရင် ကျောင်းသား ကျောင်းသူတွေ အရည်အသွေးပိုပြီး တက်လာလိမ့်မယ်။ ဒ့ါကြောင့်မို့ အဝေးသင် ကျောင်းသား ကျောင်းသူတွေ အရည်အသွေး မြင့်မားလာဖို့နဲ့ နိုင်ငံတကာအဝေးသင်တက္ကသိုလ်နည်းတူ မြန်မာနိုင်ငံရဲ့အဝေးသင်တက္ကသိုလ်တွေကလည်း ခေတ်မီနည်းပညာကို အသုံးပြုပြီး သင်ကြားပို့ချနေပြီဆိုတာ ပြသနိုင်ဖို့အတွက် ဒီစနစ်ကိုအသုံးပြုပြီး ထုတ်လွှင့်ခြင်းဖြစ်ပါတယ်။



**ဒေါက်တာလှတင့်**
**ပါမောက္ခချုပ်**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

ဒီဇင်ဘာ ၁ ရက်ကစပြီး စမ်းသပ်လွှင့်တယ်။ အားနည်းချက်တွေပြန်ပြီးရှာတယ်။ လက်တော့ပ်တစ်ခုတည်းမဟုတ်ဘဲနဲ့ မိုဘိုင်းဖုန်းတွေ၊ အိုင်ပက်၊ တက်ဘလက်စသဖြင့် ဘယ်လိုပစ္စည်းနဲ့မဆို အင်တာနက်သုံးလို့ရရှိနိုင်တဲ့နေရာမှာ ကြည့်လို့ရနိုင်အောင်ဆိုပြီး အမျိုးမျိုးစမ်းသပ်ပြီးတော့လွှင့်တာ အောင်မြင်သွားပါတယ်။ ဇန်နဝါရီ ၁ ရက်ကစပြီး လွှင့်ပါတယ်။ တောက်လျှောက်လွှင့်သွားမှာပါ။ မြန်မာ့အသံမှာလွှင့်နေတဲ့ ၁၅ မိနစ် သင်ခန်းစာကလည်း ဆက်လက်လွှင့်သွားမှာပါ” ဟု ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှတင့်က ပြောသည်။

“အရင်တုန်းက အင်္ဂလိပ်လိုချည်းပဲရေးထားတဲ့ Study Guide Book မှာ အခု မြန်မာလိုပါ တွဲပေးတယ်။ Assignment ကို အပြင်က ထုတ်တဲ့ စာအုပ်တွေမဝယ်ပါနဲ့၊ ဒါတွေက အမှတ်ပေးစည်းမျဉ်းနဲ့လည်း မညီပါဘူး။ ဖြေပုံဖြေနည်းကို Assignment စာအုပ်ထဲမှာ ထည့်ပေးထားတယ်။

ဒီမှာက စတူဒီယို သုံးခုရှိတယ်။ စတူဒီယို A က အသံသွင်းတာ။ ပညာရေးသုတေသန ဝင်းထဲမှာရှိတဲ့ စတူဒီယိုမှာတော့ အခုသင်ခန်းစာတွေရိုက်ကူးပြီးတော့ ဝက်ဘ်ဆိုက်ဘက်ကို တင်တယ်” ဟု ထုတ်လုပ်ရေးဌာနမှူး ဦးနိုင်ဝင်းက ပြောပြသည်။



**ဦးနိုင်ဝင်း**
**ထုတ်လုပ်ရေးဌာနမှူး**

“ပထမနှစ် သင်တန်းတွေကို ဒီဇင်ဘာ ၂၉ ရက် ကစပြီး ကျောင်းအပ်လက်ခံတယ်။ သိပ္ပံဘာသာ လက်တွေ့တွေကို ဇန်နဝါရီ ၁၇ ရက်နဲ့ ၁၈ ရက်မှာ ပထမဦးဆုံးလုပ်ရပါမယ်။ သိပ္ပံလက်တွေ့တွေ မလုပ်ခင်မှာ အဝေးသင်တက္ကသိုလ်ဝက်ဘ်ဆိုက်မှာ သင်ခန်းစာတွေကို လွှင့်ထုတ်ပေးမယ်။ အဲ့ဒီသင်ခန်းစာနဲ့အညီ လက်တွေ့တွေကျတော့ အောက်မြန်မာပြည်ဆိုရင် ၁၅ ဌာနခွဲရှိတယ်။ အဲ့ဒီမှာ တစ်ပြိုင်တည်း ကျောင်းသားတွေ လက်တွေ့လုပ်ရမှာ ဖြစ်ပါတယ်။ ဒါမှသင်ခန်းစာလည်းရ လက်တွေ့တွေလည်း တစ်ပြိုင်တည်း လုပ်နိုင်မှာ ဖြစ်ပါတယ်” ဟု သင်တန်းရေးရာဌာနမှူး ဦးအောင်ခိုင်သန်းက ပြောသည်။

“မြန်မာ့အသံမှာက ၁၅ မိနစ်ပဲရတယ်။ ကျွန်မဥပဒေဘာသာရပ်ဆိုရင် တစ်လမှာ နှစ်ကြိမ်လောက်ပဲ ထုတ်လွှင့်ပြသနိုင်တယ်။ အခုတော့ အဝေးသင်ဝက်ဘ်ဆိုက်မှာ နေ့တိုင်း အထူးပြုဘာသာသုံးခုအတွက် သင်ခန်းစာတွေ ထုတ်လွှင့်ဖို့ အစီအစဉ်လုပ်ထားပေးပါတယ်။ အစီအစဉ်ဆိုတဲ့ နေရာမှာလည်း ရက်တွေနဲ့ ဖော်ပြထားတဲ့အတွက် ဘယ်နေ့မှာ ဘယ်ဘာသာ လွှင့်တင်မလဲဆိုတာ ကြိုသိနိုင်တယ်။ အခန်းလိုက် ထုတ်လွှင့်တာဖြစ်တဲ့အတွက် သင်ခန်းစာတွေကိုစုထားပြီး အားတဲ့အချိန်တွေမှာ သင်ခန်းစာတွေကို ပြန်လေ့လာနိုင်တယ်။ အဝေးသင်ရဲ့ သင်ကြားရေးစနစ် တစ်ခေတ်ဆန်းတဲ့အနေအထား ဖြစ်ပါတယ်” ဟု ဥပဒေပညာဌာနပါမောက္ခဌာနမှူး ဒေါက်တာ တင်မေထွန်းက ပြောကြားသည်။

“Android Version နဲ့ မဆိုင်ဘူး။ အင်တာနက်ကြည့်လို့ရတဲ့ ဘယ်ပစ္စည်းမျိုးမဆို ထုတ်လွှင့်မှုအစီအစဉ်ကို ကြည့်လို့ရပါတယ်။ သီးခြား Software ထည့်စရာမလိုဘူး။ မြန်မာနိုင်ငံမှာရှိတဲ့ Internet Service Provider နှစ်ခုပဲရှိတယ်။ မြန်မာ့ဆက်သွယ်ရေးနဲ့ ရတနာပုံတယ်လီပို့ပါ။ မြန်မာ့ဆက်သွယ်ရေး ဟံသာဝတီမှာ Server သုံးလုံးတပ်ထားတယ်။ အဲ့ဒီပုံစံအတိုင်း အဝေးသင်တက္ကသိုလ်မှာလည်း သုံးလုံးတပ်ထားတယ်။ Server သုံးလုံးထဲက တစ်လုံးလုံးပျက်သွားလို့ရှိရင် ပုံစံတူတည်ဆောက်ထားတဲ့ တစ်လုံးကို အစားထိုးတပ်ဆင်ပြုပြင်နိုင်အောင် ဝက်ဘ်ဆိုက် အကြာကြီးမရပ်ဆိုင်းဘဲ ဆက်လက်ထုတ်လွှင့်နိုင်အောင်လို့ စီစဉ်ထားပါတယ်”ဟု Winner Company နည်းပညာမန်နေဂျာ ဦးကျော်ကျော်ဝင်းက ပြောပြခဲ့သည်။

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်အောက်တွင် ၁၉၇၅-၁၉၇၆ ပညာသင်နှစ်မှစ၍ တက္ကသိုလ်စာပေးစာယူ သင်တန်းကို စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၈၀ တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်အောက်မှ ခွဲထွက်ပြီး ပညာရေးဝန်ကြီးဌာနအောက်တွင် တက္ကသိုလ်စာပေးစာယူသင်တန်းအဖြစ် သီးခြားတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်ခဲ့သည်။ ၁၉၉၂ ခုနှစ် ဇူလိုင်လတွင် တက္ကသိုလ်စာပေးစာယူအဆင့်မှ ရန်ကုန်အဝေးသင်တက္ကသိုလ်အဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ၁၉၉၈ ခုနှစ် မေလတွင် မန္တလေးအဝေးသင်တက္ကသိုလ်ကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် အောက်မြန်မာပြည် အဝေးသင်ဌာနခွဲ ၁၅ ခုရှိပြီး မန္တလေးအဝေးသင်တက္ကသိုလ်တွင် အထက်မြန်မာပြည် အဝေးသင်ဌာနခွဲ ၂၀ ရှိသည်ဟု သိရှိရသည်။



**ဒေါက်တာ တင်မေထွန်း**
**ပါမောက္ခဌာနမှူး**
**ဥပဒေပညာဌာန**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် လွှင့်တင်သော ဝက်ဘ်ဆိုက်မှ သင်ရိုးများသည် အဝေးသင်ကျောင်းသား ကျောင်းသူများအတွက်သာမက နေ့သင်တန်း ကျောင်းသား ကျောင်းသူတို့၏ သင်ရိုးများနှင့်လည်းတူညီသဖြင့် မည်သည့်ကျောင်းသားမဆို မိမိနှင့်သက်ဆိုင်ရာဘာသာရပ်များကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ခင်ချိုဝင်း**

ပြည်တွင်းသတင်း

# ရခိုင်ပြည်နယ်ကို ဖွံ့ဖြိုးသောပြည်နယ်သစ်အဖြစ်တည်ဆောက်ရန် စွမ်းရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်

**နေပြည်တော် ဇန်နဝါရီ ၂**



ရခိုင်ပြည်နယ်သို့ ရောက်ရှိနေသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ရသေ့တောင်မြို့၊ စစ်တွေမြို့၊ မြောက်ဦးမြို့၊ ကျောက်တော်မြို့၊ သံတွဲမြို့များသို့ သွားရောက်ပြီး အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီမှ ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ ပညာရေးဖောင်ဒေးရှင်းများအား အလှူငွေနှင့် ဗလာစာအုပ်များ လှူဒါန်းခြင်း၊ အကူအညီ လိုအပ်လျက်ရှိသူများကို အနွေးစောင်များ လှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ဒီဇင်ဘာ ၃၀ရက်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့သည် ရသေ့တောင်မြို့နယ် မေယုခန်းမ၌ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီမှ ဆားငန်ရေ ဝင်ရောက်သည့် ကျေးရွာများအတွက် လှူဒါန်းငွေကျပ်သိန်း ၂၀၀၊ တန်ဖိုးငွေကျပ် ၃၆သိန်းရှိ ဆိုလာမီးအိမ် ၇၂ လုံးတို့ကို ကော်မတီဥက္ကဋ္ဌကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်နှင့် ဦးခင်မောင်လတ်တို့က ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် ငွေကျပ်သိန်း ၆၀နှင့် ဗလာစာအုပ် ဒါဇင် ၆၀၀၊ ငခူတောင်ဘုန်းတော်ကြီးကျောင်း ပြန်လည်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၁၀၀၊ မောင်တောမြို့ ရှင်အပါး ၅၀၀ အလှူတော်မင်္ဂလာအတွက် ငွေကျပ်သိန်း ၁၀၀၊ ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းအတွက် ငွေကျပ်သိန်း ၅၀ နှင့် အကူ အညီလိုအပ်လျက်ရှိသူများအတွက် အနွေးစောင် ၁၈၉၅၇ ထည်တို့ကို ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးမောင်နှင့် ဦးဖေသောင်းတို့က ပေးအပ်လှူဒါန်းကြသည်။

ဒီဇင်ဘာ ၃၁ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့မှ မြောက်ဦးမြို့သို့ ထွက်ခွာကာ ရှစ်သောင်းပုထိုးတော်ကြီးကို ဖူးမြော်ကြည်ညိုပြီး အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းသည်။ ထို့နောက် မြောက်ဦးမြို့ အလိုတော်ပြည့်ကျောင်းတိုက်သို့ သွားရောက်ပြီး အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ အရိယဝံသ ဦးဆောင်ကာ ပြည်တွင်းပြည်ပ ဆေးပညာရှင်များဖြင့် အခမဲ့ဆေးကုသမှု အခမ်းအနားသို့ တက်ရောက်ပြီး အလိုတော်ပြည့်ဆရာတော်နှင့်အတူ အခမ်းအနားကိုဖွင့်လှစ်ပေးသည်။ ယင်းနောက် အလိုတော်ပြည့်ဆရာတော်၏ ဩဝါဒကိုခံယူပြီး ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြား၍ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီမှ လှူဒါန်းသည့် အလိုတော်ပြည့်ကျောင်းအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် ငွေကျပ်သိန်း ၅၀ ကို ဒေါက်တာခင်ရွှေနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်တို့က ပေးအပ်လှူဒါန်းကြသည်။

ထိုမှဆက်လက်၍ ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့သည် ကျောက်တော်မြို့သို့ ထွက်ခွာကာ မဟာမုနိဘုရားကို ဖူးမြော်ကြည်ညိုပြီး အလှူငွေကျပ် သိန်း ၂၀ ကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဘုရားတန်ဆောင်းအတွင်း မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦးက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက်နှင့် ကျောက်တော်မြို့နယ် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကူညီမှုအသင်းအတွက် ငွေကျပ်သိန်း ၅၀ စီတို့ကို ပေးအပ်လှူဒါန်းသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရမ်းဗြဲမြို့နယ်၊ မကျည်းကျွန်းသို့ သွားရောက်ပြီး ၁၁ ပါးမြောက် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တကုန္ဒပါလ တည်ထားသော တိပိဋကဉာဏ် သင်္ဂဟစေတီတော်ထီးတော်တင်လှူပွဲသို့ တက်ရောက် လှူဒါန်းသည်။

ယင်းနောက် သံတွဲမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သံတွဲမြို့နယ်ပညာသင်ထောက်ပံ့ကူညီမှုအသင်းအတွက် ငွေကျပ်သိန်း ၁၀၀၊ ရက္ခိတ သွေးလှူရှင် အသင်းအတွက် ငွေကျပ်သိန်း ၂၀၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် ငွေကျပ်သိန်း ၅၀ နှင့် အနွေးစောင်များကို ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်တို့က ပေးအပ်လှူဒါန်းကြသည်။ ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနက ငပလီမြို့သစ်အတွက် ပေးပို့သော မီးသတ်ယာဉ် နှစ်စီးကို ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းထံ လွှဲပြောင်းပေးအပ်ပြီး မီးသတ်ကားများက စွမ်းရည်ပြသကြသည်။

အဆိုပါ အခမ်းအနားများ၌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုအခါ ရခိုင်ပြည်နယ်တွင် လျှပ်စစ်စွမ်းအားရရှိသင့်သလောက် ရရှိလာပြီဖြစ်ကြောင်း၊ ယခင်ကာလတစ်ခု၌ "လျှပ်စစ်ဖြင့် လောကနိဗ္ဗာန် တည်ဆောက်အံ့" ဆိုသော ဆောင်ပုဒ်တစ်ခု ရရှိခဲ့ကြောင်း၊ လောကနိဗ္ဗာန်ဖြစ်ဖို့အတွက် အခြေခံအားဖြင့် တည်ငြိမ်အေးချမ်းခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ လူနေမှုဘဝ မြင့်မားခြင်းတို့ဖြစ်ပေါ်ဖို့လိုကြောင်း၊ လျှပ်စစ်စွမ်းအားကို တစ်နိုင်ငံလုံး လုံလုံလောက်လောက် ရရှိသုံးစွဲနိုင်စေရန် ပြည်ထောင်စုအစိုးရကကြိုးပမ်းဆဲအခြေအနေတွင် မိမိတို့ပြည်နယ်အတွက် ရရှိသည့်စွမ်းအားကို အကျိုးရှိရှိ အသုံးပြုဖို့လိုအပ်ကြောင်း၊ ယခုအချိန်တွင် လူမှုရေးအဆင့်အတန်းမြင့်မားရေးထက် စီးပွားရေးအရ အကျိုးရှိမှုအတွက်ကိုပါ ခွဲဝေသုံးစွဲသင့်သည်ကို ပြည်သူတိုင်းကဉာဏ်နှင့် ယှဉ်စေလိုကြောင်း၊ ရခိုင်ပြည်နယ်သည် စီးပွားရေးဦးမော့ရန် အခွင့်အရေးများ ရရှိလာနေပြီဖြစ်ကြောင်း၊ ဤနေရာတွင် ပြည်တော်သာခေတ်က ဆောင်ပုဒ်တစ်ခုဖြစ်သော "လူသစ်တည်၍ ပြည်သစ်ဆောက်အံ့" ဆောင်ပုဒ်ကိုပင် ရည်ညွှန်းလိုကြောင်း၊ အဓိပ္ပာယ်မှာ ရခိုင်ပြည်နယ်ကြီးကို ကြီးပွားဖွံ့ဖြိုးသော ပြည်နယ်သစ်အဖြစ် တည်ဆောက်ရန် အရည်အချင်းမြင့်မားသောစွမ်းရည် ပြည့်ဝသည့် လူသားအရင်းအမြစ် အသစ်များ ပေါ်ပေါက်လာရန် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ ရခိုင်စီးပွားတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နည်းလမ်းများကိုသာ နမူနာယူ၍မဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ မြေအသုံးချမှု၊ လူသားအရင်းအမြစ် တစ်ဦးချင်းစုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးအခြေခံ အဆောက်အအုံများ၊ သတင်းနှင့်ဆက်သွယ်ရေး အခြေခံများကိုဇယားချ၍ အားသာချက်၊ အားနည်းချက်များ ဖော်ထုတ်ပြီး ရခိုင်နည်းလမ်း၊ ရခိုင်ပုံစံတစ်ခုကို ဖော်ထုတ်ဖို့လိုကြောင်း၊ ထိုသို့ဖော်ထုတ်ကျင့်သုံးရာ၌ ပြည်နယ် တစ်ခုတည်းအတွင်း၌ပင် မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့အတွက် ပုံစံငယ်များ ထပ်မံ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ပြည်သူတစ်ဦးချင်းကဖွဲ့လုံ့လ၊ ဝီရိယဖြင့် အလုပ်ကို မနားမနေလုပ်ကိုင်ရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာပြုပြင်မှုသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ အချို့ကမူ ကိုယ်ပိုင် အရင်းအနှီးမရှိသော်လည်း လူသားစွမ်းရည်ရှိသဖြင့် အစုရှယ်ယာထည့်ဝင်သူများရှိလာ၍ လုပ်ငန်းကြီးများ လုပ်ကိုင်နိုင်ကြကြောင်း၊ ထို့ပြင် ဈေးကွက်ကို ရှာတတ်ဖို့လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံရှိဈေးကွက် လိုအပ်ချက်ကို လေ့လာပြီးမှ စိုက်ပျိုးခြင်း၊ ကုန်ထုတ်လုပ်ခြင်းတို့ကို ပြုလုပ်ပြီး ရောင်းဝယ် ဖောက်ကားရမည်ဖြစ်ကြောင်း၊ မိမိက ပင်ပင်ပန်းပန်းထုတ်လုပ်ထားသော ထွက်ကုန်ပေါ်တွင် မိမိထက်ပွဲစားက ပိုမြတ်သွားခြင်းမျိုး မဖြစ်စေရန်လည်း လိုကြောင်း၊ အရင်းအနှီး ရရှိရေးနှင့် ပွဲစားအတွက် မဖြစ်ရေးတို့အတွက် စုပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဖြေကို ရှာလျှင် သမဝါယမစနစ်သည် လက်ရှိအခြေအနေနှင့် အသင့်တော်ဆုံး ဖြစ်ကြောင်း၊ အကောင်အထည်ဖော်သည့် ပုဂ္ဂိုလ်များ၏ စီးပွားရေးအမြင် လုပ်ရည်ကိုင်ရည်နှင့် ရိုးသားဖြောင့်မတ်မှုအပေါ်များစွာမူတည်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ လူသား အရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ယနေ့ကျောင်းနေအရွယ် ကလေးများမှစ၍ ပြုစုပျိုးထောင်ပါက ယင်းတို့ သင်ကြားမှုပြီးဆုံးချိန်သည် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ချိန်ပင် ဖြစ်ကြောင်း၊ ဘာပဲလုပ်လုပ် အနာဂတ်အတွက် ရေရှည်အကျိုးကိုမျှော်ကိုး၍ လုပ်ကိုင်ကြဖို့လိုကြောင်း ပြောကြားသည်။

**(အပေါ်ပုံ) (သတင်းစဉ်)**

## လွတ်လပ်ရေးနေ့ဂုဏ်ပြု မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ အလှူငွေပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၂**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမေရိကန်ပြည်ထောင်စုနေ ဦးခင်မောင်သိန်း-ဒေါ်စုဇန်သိန်း (စာရေးဆရာမ စစ်ကိုင်းစိမ်းစိမ်း) မိသားစုက မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ လှူဒါန်းသော အမေရိကန်ဒေါ်လာ ၅၀၀ ကို အလှူရှင်များကိုယ်စား စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်ဆွေတင့်နှင့် ဒေါ်ခင်ဆွေဝင်းတို့က ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီတွင် လာရောက်ပေးအပ်ရာ အသင်းဒုတိယဥက္ကဋ္ဌ (၂) ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၉)တွင် ကျွန်းလှမြို့၌ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးဖွင့်လှစ်၊ မျက်စိနှင့် သွားခံတွင်း၊ ဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေး ဟူသော ခေါင်းစဉ်ဖြင့်ဖော်ပြပါရှိသည့် သတင်းတွင် **"သီတဂူစက္ခုဒါနဆေးရုံတော်ကြီးအတွက် စေတနာရှင် ပြည်သူများက အလှူငွေများကိုပေးအပ်လှူဒါန်းခဲ့ကြရာ ငွေပဒေသာပင် အလှူငွေကျပ်သိန်းပေါင်း ၆၅၀၀နှင့် ဆေးပဒေသာပင် အလှူငွေကျပ်သိန်းပေါင်း ၂၉၉၂ သိန်း လက်ခံရရှိသည်"** ဟုဖော်ပြခဲ့မှုအစား **"သီတဂူစက္ခုဒါန ဆေးရုံတော်ကြီးအတွက် စေတနာရှင်ပြည်သူများက အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြရာ ငွေပဒေသာပင် အလှူငွေကျပ်သိန်းပေါင်း ၆၅၀၀ နှင့် ဆေးပဒေသာပင် အလှူငွေကျပ်သိန်းပေါင်း ၁၉၂ သိန်း လက်ခံရရှိသည်"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(သတင်းစဉ်)**

## (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ကိုယ်စားလှယ်များ လေ့လာရေးခရီးသွားရောက်

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင်ကျင်းပမည့် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံစစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားလှယ်များသည် နေပြည်တော်လေ့လာရေး အစီအစဉ်အရ မွန်းလွဲ ၁ နာရီခွဲတွင် တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ အားကစားရုံများ၊ အားကစားကွင်းများသို့ သွားရောက်လေ့လာခဲ့ကြသည်။





ထို့နောက် အားကစားရုံ(B) ၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ယဉ်ကျေးမှုနှင့် လူမှုရေးအဖွဲ့ခေါင်းဆောင် ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဒေါ်ခင်ဆွေမြင့်က မြန်မာနိုင်ငံအမျိုးသမီးများနှင့် ယဉ်ကျေးမှုအခန်းကဏ္ဍကို လည်းကောင်း **(ယာပုံ)**၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို လည်းကောင်း ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်အတွင်း၌ ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒထုတ်ဖော်


သီပေါမြို့၌ ဒေသခံပြည်သူများ ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒထုတ်ဖော်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင် သီပေါမြို့နယ်တွင် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက စိုင်းကျော်ညွန့် ဦးဆောင်သော မြို့ပေါ် ရပ်ကွက်များမှ ဒေသခံရှမ်းတိုင်းရင်းသား အင်အား ၁၀၇၀ ဖြင့်လည်းကောင်း၊ တောင်ကြီးမြို့တွင် ပအိုဝ်းတိုင်းရင်းသားများ၏ ဆန္ဒဖော်ထုတ်ပွဲကို ခွန်တင်ထွန်း ဦးဆောင်၍ ဒေသခံတိုင်းရင်းသားအင်အား ၂၀၀၀ ခန့်ဖြင့်လည်းကောင်း၊ နမ့်ဆန်မြို့တွင် လူထုကိုယ်စားလှယ် ဦးဘသောင်း ခေါင်းဆောင်၍ ပလောင်တိုင်းရင်းသားအင်အား ၁၁၀၀ ခန့်တို့မှလည်းကောင်း တောင်းဆိုချက်များပါဝင်သော လက်ကိုင်ပိုစတာများကို ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍ စုပေါင်းဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်ရာတွင် ပြည်တွင်းငြိမ်းချမ်းရေးကို အစိုးရမှ အောင်မြင်သည်အထိ ဖော်ဆောင်ပေးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကို အစိုးရမှ အမြန်ဆုံး ဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားများအရေး အစိုးရမှဦးဆောင်ပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတွင် တိုင်းရင်းသားအားလုံးပါဝင်ရေး၊ ခြောက်ပွင့်ဆိုင်အလိုမရှိ၊ တောင်းဆိုချက်များ အမြန်ဆုံးအကောင်အထည်ဖော်ပေးရေးတို့ကို နိုင်ငံတော်အစိုးရသို့အသိပေးလိုသည့်အတွက် သက်ဆိုင်ရာ၏ကြိုတင်ခွင့်ပြုချက်ရယူကာ ယခုကဲ့သို့ မြို့တွင်းလှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။


တောင်ကြီးမြို့၌ ဒေသခံပြည်သူများ ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒထုတ်ဖော်စဉ်။

အလားတူ ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ မြို့မရပ်ကွက်တွင် ဦးအောင်စိုးမင်းနှင့် ဦးအေးမြင့်ကျော်တို့ဦးဆောင်၍ ဒေသတွင်းနေ ပြည်သူလူထု ၂၀၀၀ ခန့်သည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အောင်မြင်ပြီးဆုံးသည်အထိ အမြန်ဆုံးဆောင်ရွက်ပေးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကို အစိုးရက အမြန်ဆုံး ဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် လိုလားတောင်းဆိုချက်များကို ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတွင် တိုင်းရင်းသားများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရေး၊ တောင်းဆိုချက်များ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးရေးစသည့် အချက်ငါးချက်ပါဝင်သော တောင်းဆိုချက်များဖြင့် စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဆန္ဒထုတ်ဖော်ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်မှုအခြေအနေများကို ဦးအေးမြင့်ကျော်ကလည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်မှုအခြေအနေများကို ဦးသက်တင်ကလည်းကောင်း၊ တိုင်းရင်းသားရေးရာကိစ္စအခြေအနေများကို ဦးစောညွန့်ကလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးစိုင်းလူကလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသည့် ဒေသခံပြည်သူလူထု ၂၀၀၀ ကျော်ခန့်က ကြွေးကြော်သံများဖြင့် ထောက်ခံခဲ့ကြသည်။

ထိုနည်းတူ ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီကလည်း ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ်ရှိ ကိုးကန့်တိုင်းရင်းသား အင်အား ၁၇၀၀ ကျော်ခန့်သည် ဦးအောင်နိုင် (ခ) အားချန်ဦးဆောင်၍ အမှတ်(၂)ရပ်ကွက်ရှိ ကိုးကန့်ဘာသာအလယ်တန်းကျောင်း၌ စုဝေးပြီး တောင်းဆိုချက် ခြောက်ချက်ပါဝင်သည့် မြန်မာ-ကိုးကန့်နှစ်ဘာသာဖြင့် ရေးသားထားသော ဆိုင်းဘုတ်၊ လက်ကိုင်ပိုစတာများ ကိုင်ဆောင်ကြွေးကြော်ပြီး ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

သက်ဆိုင်ရာ၏ ကြိုတင်ခွင့်ပြုချက်ရယူကာ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အောင်မြင်ပြီးဆုံးသည်အထိ အမြန်ဆုံးဆောင်ရွက်ပေးရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကို အစိုးရမှ အမြန်ဆုံးဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် လိုလားတောင်းဆိုချက်များကို အစိုးရမှ ဦးဆောင်ဖြေရှင်းပေးရေး၊ ဖွဲ့စည်းပုံနှင့် အခြေခံဥပဒေပြင်ဆင်ရေးတွင် တိုင်းရင်းသားအားလုံး ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နိုင်ရေး၊ ခြောက်ပွင့်ဆိုင် အလိုမရှိ၊ တောင်းဆိုချက်များ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရေးတို့ကို နိုင်ငံတော်အစိုးရသို့ အသိပေးလိုသည့်အတွက် ယခုကဲ့သို့ ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**


ဟိုပန်မြို့၌ ဒေသခံပြည်သူများ ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒထုတ်ဖော်စဉ်။

# ရေကောင်းရေသန့်ဖြန့်ဝေသုံးစွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်သည် အေ၊ ဘီ၊ စီဘလောက်အလိုက် တိုက်ခန်းပေါင်း ၇၀၀၀ ကျော်၊ လူဦးရေ ငါးသောင်းကျော်ခန့် နေထိုင်လျက်ရှိပြီး ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ရပ်ကွက်အတွင်းသို့ နေ့စဉ်နှင့်အမျှ ရေကောင်းရေသန့် ဖြန့်ဝေသုံးစွဲနိုင်ရေးအတွက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁ ရက် ည ၇ နာရီခွဲခန့်က ရပ်ကွက်အတွင်းရှိ မဟာကန္တီ ဘုန်းတော်ကြီးကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားပြီး အိမ်ရာစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းက ရေကောင်း ရေသန့် ရရှိရေးအတွက် လုပ်ငန်း ဆောင်ရွက်ထားရှိမည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော မြို့တော်သူ မြို့တော်သားများနှင့် ရပ်မိရပ်ဖများက ပြန်လည်ဆွေးနွေးတင်ပြကြသည်။ **ကျင်မောင်**

## ■ ရှေ့ဖုံးမှ

အများအပြား ပြန်လည်ပေါက်ရောက် ရှင်သန်လာတာ။ ဒီနယ်တစ်ဝိုက်မှာ သန်း၊ ဒဟတ်၊ ရှားအပြင် အဖိုးတန်ကျွန်းပင်တွေလည်း ပေါပေါများများ ပေါက်ရောက်တယ်” ဟု ဘုရားကြီးကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။ နတ်ရဲတောင်တစ်ဝိုက် သစ်တောသစ်ပင်များ ပြန်လည်ရှင်သန်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်နေသကဲ့သို့ နတ်ရဲတောင်ခြေတွင် စည်းကမ်းမဲ့မြေကျင်းများ လာရောက်တူးဖော်သူများကြောင့် တောတောင်ပြုန်းတီးမှုမရှိစေရန် ဒေသခံများကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိစိတ်ဖြင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**(၄၃၅)**

# မြစိမ်းရောင်စီမံကိန်းကျေးရွာများ ကွင်းဆင်းဆောင်ရွက်

**မြောက်ဦး ဇန်နဝါရီ ၂**

မြောက်ဦးမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာပေါင်း ၂၀ ကို နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်မိုးလှိုင်၊ မြောက်ဦးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဝင်းနိုင်၊ မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဦးဘစောတို့ ပါဝင်သောအဖွဲ့သည် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကြီးစော**






## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းအထူးအဖွဲ့(၂)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုရန်ပုံငွေ ဖြင့်ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လိုအပ်သောလမ်းခင်းပစ္စည်းများအား(မြန်မာကျပ်ငွေ) ဖြင့်ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် ပစ္စည်းများ၏ အရေအတွက်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၅-၁-၂၀၁၅ ရက်မှစ၍ လေယာဉ်ကွင်းအထူးအဖွဲ့(၂)အောင်ဇေယျတံတားဝန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၄၃၇၀ တွင်ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၂-၁-၂၀၁၅ ရက် ၁၂း၀၀နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၂-၁-၂၀၁၅ ရက် ၁၃း၃၀နာရီ

**တင်ဒါဖွင့်မည့်နေရာ** - လေယာဉ်ကွင်းအထူးအဖွဲ့(၂)၊ လုပ်ငန်းခွင်ရှေ့တန်းစခန်းရုံး၊ ဘိုကလေးမြို့

**တင်ဒါစိစစ်ရေးကော်မတီ**
**လေယာဉ်ကွင်းအထူးအဖွဲ့(၂)**
**ရန်ကုန်မြို့**

**ပျောက်ဆုံးကြောင်း**

ဆရာတော်ဦးသုမန ၅/ရဥန(သ) ၀၀၀၀၉၁၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၅၅၀၁၉၅**

# ကနီမြို့နယ် ကင်းကျေးရွာတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ မကြာမီဖွင့်လှစ်တော့မည်

**ကနီ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကင်းကျေးရွာ၌ ၁၆ ခုတင်ဆံ့ဆေးရုံကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က စတင်ဆောက်လုပ်ခဲ့သည်။ ဆေးရုံဆောက်လုပ်မည့် မြေနေရာ ၃၁ ဒသမ ၆၂ ဧကကို ရွာပိုင်မြေမှ လှူဒါန်းပြီး ၎င်းမြေပေါ်တွင် အလျား ပေ ၁၂၀၊ အနံ ပေ ၆၀အကျယ်ရှိ ဆေးရုံ၊ အလျား ၄၈ ပေ၊ အနံ ၄၆ ပေရှိ ဓာတ်ခွဲဆောင် အလျား ၃၆ ပေ၊ အနံ ပေ ၃၀ရှိ ဝန်ထမ်းအိမ်ရာနှစ်လုံးနှင့် အလျား ၂၆ပေ၊ အနံ ၂၄ ပေရှိ ဓာတ်မှန်ဆောင်များတို့ကို ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ရာ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။



မကြာမီ ဖွင့်လှစ်တော့မည့် ၁၆ ခုတင်ဆံ့ ကင်းတိုက်နယ်ဆေးရုံသည် ကနီမြို့နယ်၊ မင်းကင်းမြို့နယ်၊ နှစ်မြို့နယ်အစပ်နှင့် ကနီ-မင်းကင်း ကားလမ်းဘေးရှိ ကင်းကျေးရွာတွင် တည်ဆောက်ထားသဖြင့် အချက်အချာကျပြီး ကနီမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ခြောက်အုပ်စု ကျေးရွာပေါင်း ၂၆ ရွာ၊ မင်းကင်းမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာပေါင်းခြောက်ရွာရှိပြီး မြို့နယ် နှစ်မြို့နယ်မှ ကျေးရွာပေါင်း ၃၂ ရွာရှိ ဒေသခံပြည်သူ နှစ်သောင်းကျော်တို့၏ ကျန်းမာရေးကို အနီးကပ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ၁၆ ခုတင်ဆံ့ ကင်းတိုက်နယ်ဆေးရုံကို ဦးခင်မောင်ရှိန်-ဇနီး ဒေါ်ခင်နှင်းလှိုင်၊ သမီး မခင်မြင့်မြတ်ရှိန်(ခ)မခင်သန့်ဇင် (ဖွဲ့မြင့်မြတ်ထွန်း ရေကြောင်းပို့ဆောင်ရေး ရန်ကုန်) မိသားစုတို့က ငွေကျပ်သိန်း ၃၉၀၀ အကုန်အကျခံဆောက်လုပ်လှူဒါန်းခဲ့သည်။**သန်းငွေအောင်(ကနီ)**

# ဖျာပုံမြို့အဝင် တိုဂံချွန်းထိပ် ယာဉ်မရပ်ရနေရာတွင် ခရီးသည်တင်ယာဉ်များ ရပ်နားပြေးဆွဲနေခြင်းကို ထိရောက်စွာတားဆီးပေးရန်လို

**ဖျာပုံ ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၏ အဝေးပြေးကားဝင်းနှင့် ဖျာပုံတံတားကြီး၏ ခြေဆင်းတွင် ပြည်သူများယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် ခရိုင်မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက် တည်ဆောက်ပေးထားသော တိုဂံချွန်းထိပ်ဘေးပတ်လည်ရှိ ယာဉ်မရပ်ရနေရာတွင် ယခုအခါ ဖျာပုံ-ရန်ကုန် ခရီးသည်တင် မော်တော်ယာဉ်များနှင့် ကုန်တင်ကားကြီးများ ရပ်နား၍ ကုန်တင်/ကုန်ချ ပြုလုပ်ခြင်းနှင့် ခရီးသည်များ ခေါ်ယူတင်ဆောင်ပြေးဆွဲနေသည်မှာ အချိန်ကာလ အတန်ကြာနေပြီဖြစ်သည်။

"ကျွန်တော်တို့ ဖျာပုံမြို့ရဲ့ အဝေးပြေးကားလမ်းတို့ဆုံရာနေရာ တိုဂံချွန်းကို ခရီးသွားပြည်သူတွေ မျက်စိပသာဒဖြစ်စေဖို့နဲ့ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် စတီးလက်ရန်းပတ်လည်ကာရံထားပြီး ညအချိန်မှာ ရောင်စုံလမ်းမီးတွေ ထွန်းညှိပေးထားပါတယ်။ ဒါပေမယ့် ခရီးသည်တင်ကားကြီး ကားသေးတွေ၊ မှန်လုံယာဉ်တွေ၊ အမျိုးအစားအလိုက် ယာဉ်မရပ်ရနေရာမှာဂိတ်ထိုးပြီး ခရီးသည်အပြိုင်အဆိုင်ခေါ်ပြီး စည်းကမ်းမဲ့ပြေးဆွဲနေတာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့လည်း မညီညွတ်ပါဘူး။ နောက်ပြီး ယာဉ်တိုက်မှုအန္တရာယ်တွေဖြစ်စေနိုင်လို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက အမြန်ဆုံးတားဆီးပေးဖို့ လိုအပ်နေပါတယ်" ဟု မြို့နေပြည်သူတစ်ဦးက ပြောသည်။

ယခုအခါ ဖျာပုံမြို့အဝေးပြေးကားဝင်းကြီးကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ တာဝန်ရှိဌာနဆိုင်ရာ၊ မြို့မိမြို့ဖများ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆင့်မြင့်ပြင်ဆင်ပေးနေပြီဖြစ်သော်လည်း ခရီးသည်တင်ယာဉ်လိုင်းအသီးသီးမှ သက်ဆိုင်ရာ ကားများသည် အဝေးပြေးကားဝင်းအတွင်း မိမိတို့သတ်မှတ်နေရာများတွင် ဂိတ်ထိုး၍ ခရီးသည်တင်ပြေးဆွဲခြင်းမရှိဘဲ လူစည်ကားရာ လမ်းဆုံ၊ လမ်းခွ၊ တိုဂံချွန်းထိပ်တွင် နံနက် ၄ နာရီမှ ညအချိန်ထိ ခရီးသည်ခေါ်ယူတင်ဆောင်ပြေးဆွဲနေသည့်အပြင် အဆိုပါနေရာတွင် ညဥ့်နက်ပိုင်းအချိန်များတွင် မူးယစ်သောက်စား၍ ခိုက်ရန်ဖြစ်ပွားနေမှုများကြောင့် ရပ်ကွက်နေပြည်သူများ၊ ခရီးသွားပြည်သူများ စိုးရိမ်ထိတ်လန့်စွာ ခရီးသွားလာနေထိုင်နေကြရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

(ဝ၇၁)



# မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးပေးခြင်း ဆောင်ရွက်ပေးမည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့် ၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | လယ်ဝေး |
| ၂။ | ကချင်ပြည်နယ် | တနိုင်း၊ မိုးကောင်း |
| ၃။ | ကရင်ပြည်နယ် | ဖာပွန် |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ချောင်းဦး၊ မြောင်၊ ကျွန်းလှ၊ မြို့သစ် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | တနင်္သာရီ |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည်၊ မိုးညို |
| ၇။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ နတ်မောက်၊ ရေစကြို၊ ပွင့်ဖြူ၊ အောင်လံ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ် |
| ၉။ | မွန်ပြည်နယ် | မုဒုံ |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး၊ ဒလ |
| ၁၂။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ နောင်ကား၊ မိုင်းပျဉ်း၊ တာလေ |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာ၊ ဓနုဖြူ၊ ဖျာပုံ၊ အင်္ဂပူ |

# စွန်ရဲအလက(ခွဲ)ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**မင်းပြား ဇန်နဝါရီ ၂**

မင်းပြားမြို့နယ် စွန်ရဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကမ္ဘာ့သာသနာပြုမဟာဇေယျသိဒ္ဓိ အဓိဌာန်ဆရာတော် ဘဒ္ဒန္တကုလရက္ခိတ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပြီး လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်မင်းက အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်၏ စာရွက်စာတမ်းများကို ကျောင်းဒါယကာကြီး ဦးထွန်းခိုင်က လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်မလှရွှေက လက်ခံယူခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းဦးစီးဌာန
## မကွေးတိုင်းဒေသကြီး၊ မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် မြေကြီးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရမည့်ရက်** - ၂-၁-၂၀၁၅ ရက်မှ ၁၅-၁-၂၀၁၅ ရက်အထိ

(ခ) **တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၁၆-၁-၂၀၁၅ ရက် ၁၆:၀၀ နာရီ

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၃-၂၈၆၂၄၊ ၀၆၃-၂၈၆၂၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## လျှောက်လွှာခေါ်ယူခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လားရှိုးမြို့၊ ထင်းရှူးမြိုင်အိမ်ရာစီမံကိန်းတွင် ကွန်ကရစ်လမ်း၊ အဆင့်မြင့်တန်ဖိုးသင့်/မျှ (၄)ခန်းတွဲ (၄)ထပ်လူနေအထပ်မြင့် (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်)ခန်းဖွဲ့ နှစ်ခန်း၊ ဧည့်ခန်းတစ်ခန်း ပါဝင်သည့် တိုက်ခန်းများ ဆောက်လုပ်လျက်ရှိပါသည်။ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း၊ အငြိမ်းစားများ (အမှန်တကယ်နေထိုင်မည့်သူများ)အား အရစ်ကျငွေချေစနစ်၊ အခန်းပိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် တိုက်ခန်းဝယ်ယူခွင့်လျှောက်လွှာ တစ်စောင်လျှင် ၂၀၀၀/- (နှစ်ထောင်ကျပ်)နှုန်းဖြင့် လျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာရောင်းချမည့်ရက်** - ၅-၁-၂၀၁၅ ရက်မှ ၃၁-၁-၂၀၁၅ ရက်အထိ (ရုံးဖွင့်ရက်ရုံးချိန်အတွင်း)

**လျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက်** - ၃၁-၁-၂၀၁၅ ရက်၊ ၁၆:၀၀ နာရီ

**လျှောက်လွှာ နောက်ဆုံးတင်ရမည့်ရက်** - ၃၁-၃-၂၀၁၅ ရက် (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

**လျှောက်လွှာရောင်းချမည့်နေရာ** - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့

## ပို့ဆောင်ရေးဝန်ကြီးဌာန
## လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ပို့ဆောင်ရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ်၊ မူဆယ်မြို့ရှိ လက်ရှိလေယာဉ်ကွင်းအနီး အလျား×အနံ ပေ(၄၀၀၀×၁၀၀) လေယာဉ်ပြေးလမ်းနှင့် ဆက်စပ်အဆောက်အအုံများပါဝင်သည့် ပြည်တွင်းလေဆိပ်သစ်တစ်ခုအား PPP စနစ်ဖြင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန် ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များအား ဖိတ်ခေါ်ပါသည်။

(၂) တင်ဒါပုံစံ၊ စည်းကမ်းချက်များကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့တွင် ၆-၁-၂၀၁၅ရက်မှ ၈-၁-၂၀၁၅ရက်အထိ လာရောက်ဝယ်ယူနိုင်ပါသည်။

(၃) တင်ဒါပုံစံများကို ၂၂-၁-၂၀၁၅ရက် ညနေ ၃နာရီတွင် နောက်ဆုံးထား၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်တင်ဒါစည်းကမ်းနှင့်ကိုက်ညီမှုမရှိသည့် တင်ဒါပုံစံများနှင့်သတ်မှတ်ချိန်ကျော်လွန်သည့် တင်ဒါပုံစံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၅၃၃၀၀၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။






## လူပျောက်



ပုသိမ်မြို့၊ (၅)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၁၅/က)နေ ဦးနေမင်းဝင်း ၁၄/ပသန (နိုင်)၁၅၀၀၅၇(အဖ-ဦးရွှေဝင်း)၏ဇနီးဖြစ်သူ မဆွေဇင်အိ ၁၄/ပသန(နိုင်)၀၀၆၃၈၅ အသက်(၃၂)နှစ် (အဖ-ဦးခင်မောင်အုန်း)သည် ၃၁-၁၂-၂၀၁၄ရက် ည ၁၁ နာရီတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၅၁၇၇၇၂၆သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။ လက်ခံထားရှိသူများအား တရားဥပဒေအရ အရေးယူပါမည်။ သားငယ်၊ သမီးငယ်လေးများနှင့် မိဘဆွေမျိုးများ စိတ်သောကရောက်ရှိနေ၍ အမြန်ဆုံးပြန်လာခဲ့ပါ။ အပြစ်ရှိသမျှ ခွင့်လွှတ်ပါသည်။

ခင်ပွန်းဖြစ်သူ ဦးနေမင်းဝင်း ၁၄/ပသန(နိုင်)၁၅၀၀၅၇

နိုင်ငံတကာအားကစားနှင့် ကျော်ငြာ

## လာလီဂါနှင့် ဖလားပွဲစဉ်များ (သီဟ)

| | | | |
|---|---|---|---|
| **စပိန်လာလီဂါ ပွဲစဉ်(၁၇)** | | | **ဇန်နဝါရီ ၃/၄** |
| အက်သလက်တီကို | - | လီဗန်တေး | ည ၉း၃၀ |
| ဆီဗီလာ | - | ဆယ်လ်တာဗီဂို | ည ၁၁း၃၀ |
| အယ်လ်ချီ | - | ဗီလာရီးရဲလ် | နံနက် ၁း၃၀ |
| ဒီပို့တီဗို | - | ဘီလ်ဘာအို | နံနက် ၃း၃၀ |
| မာလာဂါ | - | အယ်လ်မာရီးယား | နံနက် ၃း၃၀ |
| **အင်္ဂလန်အက်ဖ်အေဖလား** | | | **ဇန်နဝါရီ ၃** |
| ချာလ်တန် | - | ဘလက်ဘန်း | ည ၉း၃၀ |
| ရော့ချ်ဒယ်လီ | - | နော်တင်ဟမ် | ည ၉း၃၀ |
| ဝက်စ်ဘရွန်း | - | ဂါတီရှိတ် | ည ၉း၃၀ |
| စပါတန် | - | ဘာမင်ဂမ် | ည ၉း၃၀ |
| ရိုသာဟမ် | - | ဘုန်းမောက် | ည ၉း၃၀ |
| ဟက်ဒါဖီးလ် | - | ရီးဒင်း | ည ၉း၃၀ |
| ထရန်မဲရိုဗာစ် | - | ဆွမ်ဆီး | ည ၉း၃၀ |
| ဘော်လ်တန် | - | ဝီဂန် | ည ၉း၃၀ |
| မီဝေါလ် | - | ဘရက်ဖို့ဒ် | ည ၉း၃၀ |
| ဒါဘီ | - | ဆောက်ပေါ့တ် | ည ၉း၃၀ |
| ဘရန့်ဖို့ဒ် | - | ဘရိုက်တန် | ည ၉း၃၀ |
| ဖူလ်ဟမ် | - | ဝုလ်ဗာဟမ်တန် | ည ၉း၃၀ |
| လက်စတာ | - | နယူးကာဆယ် | ည ၉း၃၀ |
| ကမ်းဘရစ် | - | လူတန် | ည ၉း၃၀ |
| ဘန်စလေ | - | မစ်ဒယ်ဘရော့ | ည ၉း၃၀ |
| ပရက်စတန် | - | နော့ဝှစ်ချ် | ည ၉း၃၀ |
| ဒွန်ကတ်စတာ | - | ဘရစ္စတိုး | ည ၉း၃၀ |
| **နိုင်ငံခြေစမ်းပွဲစဉ်** | | | **ဇန်နဝါရီ ၃** |
| ကူဝိတ် | - | ယူအေအီး | ညနေ ၅း၃၀ |

# အသင်းကြီးတွေခက်ခဲမယ့် လာလီဂါပွဲစဉ်(၁၇)

မိုးမြင့်လင်းလက်

ဆောင်းခိုခဲ့တဲ့ ဥရောပလိဂ်ပွဲစဉ်တွေ ပြန်လည်စတင်ပြီဖြစ်ပါတယ်။ ဇန်နဝါရီ ၄ ရက်မှာ လာလီဂါပွဲစဉ် (၁၇)ကို ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး ထိပ်တန်းအသင်းတွေဖြစ်တဲ့ ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့ ပွဲကျပ်တွေအဖြစ် ရင်ဆိုင်ရမယ့်အနေအထားဖြစ်လို့ ကြည့်ကောင်းမယ့်ပွဲတွေပဲဖြစ်ပါတယ်။

**ဗလင်စီယာနှင့် ရီးရဲမက်ဒရစ်**

နိုင်ပွဲတွေဆက်နေတဲ့ ဗလင်စီယာဟာ အိမ်ကွင်းမှာ ရီးရဲမက်ဒရစ်ကိုအပြင်းအထန် ခုခံကစားပါလိမ့်မယ်။ ခြေစွမ်းထက်မြက်နေတဲ့ ရီးရဲမက်ဒရစ်ဟာ အခုပွဲကိုလည်း အဓိကကစားသမားတွေနဲ့ပွဲထွက်ပြီး နိုင်ပွဲရအောင်ဖန်တီးမှာ ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ရဲ့တိုက်စစ်ကို ဗလင်စီယာတို့ ကြာရှည်တောင့်ခံဖို့တော့ မလွယ်ပါဘူး။

**ဆိုစီဒက်နှင့် ဘာစီလိုနာ**

ဆိုစီဒက်ကွင်းမှာ ကစားတိုင်း ဘာစီလိုနာတို့ ရုန်းကန်ခဲ့ရတာများပါတယ်။ ဒါ့အပြင် ဆိုစီဒက်ကွင်းမှာ ဘာစီလိုနာတို့ နိုင်ပွဲမရတာငါးပွဲဆက်တိုက်ရှိပြီဖြစ်လို့ အခုပွဲဟာ ရင်ပူစရာကောင်းတဲ့ပွဲပါ။ ခံစစ်ပိုင်းမာကျောကျစ်လျစ်အောင် ပြင်ဆင်ကစားလာတဲ့ ဆိုစီဒက်ကို ဘာစီလိုနာတို့ ခက်ခဲစွာ ဖြတ်ကျော်ရမှာပါ။

**အက်သလက်နှင့် လီဗန်တေး**

ခြေစွမ်းတိုးတက်လာတဲ့ အက်သလက်တီကိုဟာ သရေပွဲများနေတဲ့ လီဗန်တေးကို အိမ်ကွင်းမှာအမှတ်ခွဲပေးဖို့ စိတ်ကူးမှာမဟုတ်ပါဘူး။ အက်သလက်တီကိုရဲ့ ကစားအားက ကောင်းနေတာမို့ လီဗန်တေးတို့ အမှတ်ရဖို့ဆိုတာ လွယ်ကူမှာမဟုတ်လို့ ဒီပွဲရဲ့အနိုင်ဟာ အိမ်ရှင်တို့ပဲ ဖြစ်သွားနိုင်ပါတယ်။

**ဆီဗီလာနှင့် ဆဲလ်တာဗီဂို**

ရှုံးပွဲဆက်နေတဲ့ ဆဲလ်တာဗီဂိုတို့အတွက် အဝေးကွင်းမှာ မျှော်လင့်ချက်မဲ့ဦးမယ့်ပွဲပါပဲ။ ဆီဗီလာတို့က အိမ်ကွင်းမှာ ကစားတိုင်း ဆဲလ်တာဗီဂိုကို နိုင်ပွဲရအောင် ကစားခဲ့တာမို့ အဲဒီမှတ်တမ်းကို ဒီပွဲမှာ ဆက်လက်ရေးထိုးဦးမှာဖြစ်ပါတယ်။

**အယ်လ်ချီနှင့် ဗီလာရီးရဲလ်**

အိမ်ကွင်း၊ အဝေးကွင်းရှုံးပွဲတွေများနေတဲ့ အယ်လ်ချီအတွက် ဒီပွဲမှာလည်း ပွဲကျပ်အဖြစ်ကစားရဦးမှာဖြစ်ပါတယ်။ ဗီလာရီးရဲလ်တို့ကလည်း ပွဲတိုင်းရုန်းကန်နေရတာမို့ အယ်လ်ချီကွင်းမှာ ခြေကုန်ထုတ်ရဦးမှာဖြစ်ပါတယ်။ ဒါပေမယ့် ဗီလာရီးရဲလ်ဟာ အခုတလော နိုင်ပွဲတွေဆက်တိုက်ရယူနေတာမို့ ဒီပွဲမှာလည်း အမှတ်ပြည့်ယူဦးမှာဖြစ်ပါတယ်။

**ဂီတာဖေးနှင့် ဗယ်လက်ကာနို**

ဂီတာဖေးရဲ့ခြေစွမ်းက တက်ရိပ်ပြနေပြီး ပွဲတိုင်းနိုင်ပွဲ၊ သရေပွဲတွေနဲ့ အမှတ်ရအောင်ယူနေပါတယ်။ ဗယ်လက်ကာနိုတို့ကလည်း အခုတလော ရလဒ်တွေဆိုးရွားနေတာမို့ အိမ်ရှင်ရဲ့စွမ်းဆောင်မှုကိုပဲ အသိအမှတ်ပြုရပါလိမ့်မယ်။

**ဒီပို့တီဗိုနှင့် ဘီလ်ဘာအို**

နှစ်သင်းစလုံး ခြေစွမ်းမတည်ငြိမ်တဲ့အသင်းတွေမို့ အပြန်အလှန်ဖိအားပေး ကစားကြပါလိမ့်မယ်။ ဒီပို့တီဗိုတို့က အိမ်ကွင်းမှာအားထုတ်မှုက အားရစရာ မကောင်းသလို ဘီလ်ဘာအိုတို့လည်း အဝေးကွင်းမှာ ခြေစွမ်းမပြနိုင်ပါဘူး။ ဒီပွဲဟာ သရေပွဲကိုဦးတည်ပြီး တစ်မှတ်စီခွဲယူကြရမယ့်ကိန်းပါပဲ။

**မာလာဂါနှင့် အယ်လ်မာရီးယား**

မာလာဂါတို့ရဲ့ စွမ်းဆောင်မှုတွေက အမှတ်တွေသိမ်းပိုက်နိုင်နေသလို အယ်လ်မာရီးယားတို့ကလည်း ခြေစွမ်းကောင်းမွန်နေပါတယ်။ ဒါပေမယ့် ပုံမှန်ခြေစွမ်းရနေပြီး ရလဒ်ကောင်းတွေ ဖန်တီးနိုင်နေတဲ့ အိမ်ရှင်တို့ပဲ အနိုင်ရလဒ်သိမ်းပိုက်ဖို့ အခွင့်အရေးများနေပါတယ်။

# စတီဗင်ဂျရတ် လီဗာပူးမှထွက်ခွာတော့မည်

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်သည် ယခုနှစ်ရာသီကုန်စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းမှထွက်ခွာတော့မည်ဟု ဆိုသည်။ အသက် ၃၄ နှစ်ရှိ ဂျရတ်သည် ၁၉၉၈ ခုနှစ်မှစတင်ကာ လီဗာပူး၌ စတင်ကစားခဲ့သည်။ ၎င်းသည် အခြားပရီမီယာလိဂ်ကလပ်များသို့ ပြောင်းရွှေ့မည်မဟုတ်ဘဲ အမေရိကန်ကလပ်တစ်ခုသို့ ပြောင်းရွှေ့ဖွယ်ရှိသည်။ အယ်လ်အေဂလက်ဆီအသင်းနှင့် စာချုပ်ချုပ်ဖွယ်ရှိသည်။ ဂျရတ်သည် ၂၀၀၃ ခုနှစ် အောက်တိုဘာလက လီဗာပူးအသင်းခေါင်းဆောင်နေရာကို စတင်တာဝန်ယူခဲ့သည်။ ၂၀၀၅ ခုနှစ်က လီဗာပူးအသင်းကို ချန်ပီယံလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းနှင့်အတူ ယူအီးအက်ဖ်အေဖလား၊ အက်ဖ်အေဖလားနှစ်ကြိမ်၊ လိဂ်ဖလားသုံးကြိမ်၊ ကွန်မြူနတီဒိုင်းတစ်ကြိမ်နှင့် ယူအီးအက်ဖ်အေစူပါဖလား နှစ်ကြိမ်ဆွတ်ခူးပေးနိုင်ခဲ့သည်။

# ချယ်လ်ဆီးရှုံးပွဲကြုံ၍ မန်စီးတီးနှင့်အတူ အမှတ်တူဦးဆောင်

ပရီမီယာလိဂ်ပွဲစဉ် (၂၀)ပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြသည်။ စပါးကအိမ်ကွင်း၌ ချယ်လ်ဆီးကို ငါးဂိုး-သုံးဂိုးဖြင့်နိုင်ခဲ့၍ ချယ်လ်ဆီးအသင်း၏ ဇယားထိပ်ဆုံးနေရာ စိုးမိုးထားမှုကို ဖယ်ရှားလိုက်သည်။ ချယ်လ်ဆီး၏ အဓိကပြိုင်ဘက် မန်စီးတီးက ဆန်းဒါးလန်းကို တိုရေး၊ ဂျိုဗီတစ်နှင့် လူစားဝင်လာသူ လမ်းပတ်တို့၏ ဂိုးများ သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ကာ ချယ်လ်ဆီးနှင့်အတူ အမှတ်တူ ဦးဆောင်လာနိုင်ခဲ့သည်။

ရမှတ် ၄၆ မှတ်ဖြင့် ဇယားထိပ်ကို ပူးတွဲဦးဆောင်နေသော ချယ်လ်ဆီးနှင့် မန်စီးတီးတို့ ရဂိုးရော၊ ပေးဂိုးပါတူနေပြီး ၎င်းတို့နောက်မှ မန်ယူက ကိုးမှတ်အကွာဖြင့် လိုက်နေသည်။ ဆောက်သမ်တန်က အိမ်ကွင်း၌ အာဆင်နယ်ဂိုးသမား၏ အမှားကြောင့် နှစ်ဂိုးပြတ်ဖြင့်နိုင်ကာ စတုတ္ထနေရာကို ဆက်လက်စိုးမိုးထားနိုင်ခဲ့သည်။ လီဗာပူးတို့ ဂျရတ်၏ ပယ်နယ်တီနှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း လက်စတာက နှစ်ဂိုးပြန်လည်ချေပလိုက်နိုင်၍ သရေပွဲနှင့် အဆုံးသတ်ခဲ့သည်။



ကောင်းမြတ်သူ-စုစည်းသည်။



သတင်းဆောင်းပါးနှင့် ဆောင်းပါး

# မုန်တိုင်းနှင့်ရေဒါ

ကျော်မိုးဦး

**မုန်တိုင်း၏အဓိပ္ပာယ်**

လေထုအတွင်းဖြစ်ပေါ်နေသော အနည်းဆုံးလေတိုက်နှုန်း တစ်နာရီ ၄၅ မိုင်မှ မိုင် ၅၀ ခန့်ဖြင့် တိုက်ခတ်နေသည့် အားကောင်းသည့် လေဆိုင်ဝဲကို "မုန်တိုင်း (STORM)" ဟု ခေါ်ဆိုပါသည်။ ဗဟိုချက်ကိုဝေ့ပတ်ကာ ခရုအိမ်သဖွယ်လှည့်ပတ် တိုက်ခတ်နေသော လေတို့သည် ဦးတည်ရာဘက်မှာ ကမ္ဘာ့မြောက်ဘက်ခြမ်းတွင် နာရီလက်တံလည်ရာနှင့် ဆန့်ကျင်ဘက် (လက်ဝဲရစ်) ဖြင့်လည်းကောင်း၊ ကမ္ဘာ့တောင်ဘက်ခြမ်းတွင် နာရီလက်တံလည်ရာဘက် (လက်ယာရစ်)ဖြင့်လည်းကောင်း ဦးတည်တိုက်ခတ်ပါသည်။ ၎င်းအပြင် အရပ်အဘက်ဘက်မှ မုန်တိုင်း၏ဗဟိုချက်ရှိရာသို့ တိုးဝင်လာနေကြသည့် ခရုပတ်လေ (Spiral wind) တို့သည် မုန်တိုင်းဗဟိုချက် ပတ်ဝန်းကျင်တွင် လေများစုဆုံရာအရပ်တစ်ခုကို ဖြစ်လာစေပြီး ဗဟိုချက်အနီးတစ်ဝိုက် ပတ်ပတ်လည်သို့ရောက်သောအခါ စုဆုံအား အကောင်းဆုံးဖြစ်လာကြပြီး အထက်သို့ ထိုးတက်သော လေများဖြစ်သွားကြပါသည်။ အဆိုပါအထက်သို့ ထိုးတက်သော လေများသည် အအေးဓာတ်ရလာစေပြီး ထူထပ်မြင့်မားသော တိမ်တောင်ကြီးများကို စီတန်းကာ ဗဟိုချက်ပတ်ပတ်လည်တွင် ဖြစ်ပေါ်လာစေပါသည်။ ထိုအခါ တိမ်တောင်ကြီးများသည် သွန်ချသကဲ့သို့ သည်းထန်စွာရွာစေသောမိုး (Torrential rain) နှင့်အတူ အလွန်ပြင်းထန်သည့် မိုးသက်လေပြင်းများ (violent wind) ကိုလည်း တိုက်ခတ်စေပါသည်။

**မုန်တိုင်းအင်အားအလိုက် အမျိုးအစားသတ်မှတ်ပုံ**

မုန်တိုင်းတစ်လုံး၏ ကနဦးအနိမ့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီမိုင် ၄၀ ခန့် ဖြစ်ပါသည်။ မုန်တိုင်းတစ်ခု၏ ဗဟိုချက်အနီးတွင် လေထုဖိအားအများဆုံး ကျဆင်းလေ့ရှိပါသည်။ မုန်တိုင်း၏ အင်အားပိုကောင်းလာသည်နှင့်အမျှ ဗဟိုချက်၏ဖိအားမှာလည်း ပိုမိုကျဆင်း၍ လေတိုက်နှုန်းမှာလည်း ပိုမိုပြင်းထန်လာလေ့ရှိပါသည်။ ထို့ကြောင့် မုန်တိုင်းတစ်လုံးကို ယင်း၏ လေတိုက်နှုန်းအလိုက် အောက်ပါအတိုင်း အမျိုးအစားသတ်မှတ်ခွဲခြားထားပါသည်-

| စဉ် | လေတိုက်နှုန်း | မုန်တိုင်းအမျိုးအစား |
|---|---|---|
| ၁ | တစ်နာရီ(၂၀-၃၁)မိုင် | လေဖိအားနည်းရပ်ဝန်း (Low Pressure area) |
| ၂ | တစ်နာရီ(၃၂-၃၈)မိုင် | မုန်တိုင်းငယ် (Depression) |
| ၃ | တစ်နာရီ(၃၉-၅၄) | အပူပိုင်းမုန်တိုင်း (Tropical storm) |
| ၄ | တစ်နာရီ(၅၅-၇၂) | ဆိုင်ကလုန်းမုန်တိုင်း (Cyclonic storm) |
| ၅ | တစ်နာရီ(၇၃)မိုင် အထက် | အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး (Severe cyclonic storm) |

မုန်တိုင်းတစ်လုံးသည် မုန်တိုင်းမျက်စိပေါ်လာသောအခါ အလွန်အားကောင်းသောအဆင့်ကို ရောက်ရှိလာပြီး အဆိုပါအဆင့်သို့ ရောက်လာသော အပူပိုင်း မုန်တိုင်းများကို ဖြစ်ပေါ်ရာ နေရာဒေသအလိုက် ဒေသနာမည်များဖြင့် ခေါ်ဝေါ်လာခဲ့ကြပါသည်။ အဆိုပါအများ ခေါ်ဝေါ်အသုံးပြုနေကြသော ဒေသသုံးအပူပိုင်းမုန်တိုင်းအမည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) ဆိုင်ကလုန်း (Cyclone)
- (ခ) တိုင်ဖွန်း (Typhoon)
- (ဂ) ဟာရီကိန်း (Hurricane)
- (ဃ) ဝီလီ-ဝီလီ (Willy- Willies)

**အပူပိုင်းမုန်တိုင်းအမည်များ အများခေါ်ဝေါ်အသုံးပြုပုံ**

အပူပိုင်းမုန်တိုင်းများသည် တစ်နာရီ ၇၃ မိုင်နှင့်အထက် လေတိုက်နှုန်းရှိလာသောအခါ ဖြစ်ပေါ်ရာဒေသကို အစွဲပြု၍ အမည်အားဖြင့် ဆိုင်ကလုန်း၊ တိုင်ဖွန်း၊ ဟာရီကိန်း၊ ဝီလီ-ဝီလီစသည်ဖြင့် အမျိုးမျိုး အမည်တပ်ခေါ်ဝေါ်ကြပါသည်။ မြန်မာနိုင်ငံနှင့် ပတ်သက်နေသော ဘင်္ဂလားပင်လယ်အော်တွင် ဆိုင်ကလုန်းမုန်တိုင်းဟု ခေါ်ဝေါ်ကြပါသည်။ အဆိုပါ အမည်များ၏ ဆိုလိုရင်း အဓိပ္ပာယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| ဆိုင်ကလုန်း | ဂရိ (Greek) ဘာသာစကား (Kyloma) ဟူသော စကားမှ ဆင်းသက်လာခဲ့ပြီး "ခွေနေသော မြွေ (Coil of a Snake) " ဟုအဓိပ္ပာယ်ရပါသည်။ | ၁၈၄၈ ခုနှစ်မှ စတင်ခေါ်ဝေါ်ခဲ့ပါသည်။ |
| တိုင်ဖွန်း | တရုတ်ဘာသာစကား (Taifung) ဟူသော စကားမှ ဆင်းသက်လာပြီး "ကြီးမားသောလေများ (Big Wind) "ဟု အဓိပ္ပာယ်ရပါသည်။ | ၁၅၈၈ ခုနှစ်မှ စတင် ခေါ်ဝေါ်ခဲ့ပါသည်။ |
| ဟာရီကိန်း | စပိန်ဘာသာစကား (Hurakan) ဟူသော စကားမှ ဆင်းသက်လာပြီး "မုန်တိုင်းများ၏ အရှင်သခင် (God of the Storm) " ဟု အဓိပ္ပာယ်ရပါသည်။ | ၁၅၅၅ ခုနှစ်မှ စတင်ခေါ်ဝေါ်ခဲ့ပါသည်။ |

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အနေဖြင့် မုန်တိုင်းများ၏အမည်ကို ဖြစ်ပေါ်သောခုနှစ်၊ ဖြစ်ပေါ်သည့်အကြိမ်မြောက်နှင့် ဖြစ်ပေါ်သည့်ဒေသကို အခြေပြု၍ အမည်ပေးသောစနစ်ကို အသုံးပြုပါသည်။ ဥပမာ ၂၀၀၅ ခုနှစ်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် စတုတ္ထမြောက်ဖြစ်ပေါ်သော ဆိုင်ကလုန်းမုန်တိုင်းကို 0405B ဟုလည်းကောင်း၊ ၂၀၀၅ ခုနှစ်အတွင်း အာရေဗျပင်လယ်ပြင်တွင် တတိယမြောက်ဖြစ်ပေါ်သော ဆိုင်ကလုန်းမုန်တိုင်းကို 0305A ဟုလည်းကောင်း ခေါ်ဝေါ်သောစနစ်ကို အသုံးပြုကြပါသည်။

**ကမ္ဘာ့အပူပိုင်းသမုဒ္ဒရာများအတွင်း အပူပိုင်းမုန်တိုင်းများ၏ ဖြစ်ပေါ်ရာဒေသ၊ ဖြစ်ပေါ်သည့်ရာသီကာလနှင့် ဒေသအလိုက် အခေါ်အဝေါ်များ**

| စဉ် | မုန်တိုင်း အခေါ် အဝေါ် | မုန်တိုင်းဖြစ်ပေါ်ရာ ဒေသ | ဖြစ်ပေါ်သည့် ကာလ |
|---|---|---|---|
| ၁ | ဆိုင်ကလုန်း | အာရေဗျပင်လယ်နှင့် ဘင်္ဂလားပင်လယ်တောင် အိန္ဒိယသမုဒ္ဒရာအနောက်ဘက်ပိုင်း | ဧပြီလမှဒီဇင်ဘာလ အထိအများဆုံးဖြစ်သော်လည်း တစ်နှစ်ပတ်လုံးဖြစ်နိုင်။ |
| ၂ | တိုင်ဖွန်း | မြောက်ပစိဖိတ်သမုဒ္ဒရာ အနောက်ဘက်ပိုင်း။ | ဇွန်လမှ နိုဝင်ဘာလ အထိ အများဆုံး ဖြစ်သော်လည်းတစ်နှစ်ပတ်လုံး ဖြစ်နိုင်။ |
| ၃ | ဟာရီကိန်း | မြောက်အတ္တလန္တိတ်သမုဒ္ဒရာ အရှေ့ဘက်နှင့် အနောက်ဘက်ပိုင်း။ မြောက်ပစိဖိတ် သမုဒ္ဒရာ အရှေ့ဘက်ပိုင်း။ တောင်ပစိဖိတ်သမုဒ္ဒရာ အနောက်ဘက်ပိုင်း။ | ဇွန်လမှ နိုဝင်ဘာလအထိ။ ဇွန်လမှနိုဝင်ဘာလ အထိ။ ဒီဇင်ဘာလမှ ဧပြီလအထိ။ |
| ၄ | ဝီလီ-ဝီလီ | တောင်အိန္ဒိယသမုဒ္ဒရာ အရှေ့ဘက်ပိုင်းဒေသ၊ | ဒီဇင်ဘာလမှ ဧပြီလအထိ။ |

(ဆက်လက်ဖော်ပြပါမည်)

## ရေဒါ(၃)ခု တည်ဆောက်ခြင်း


**စီမံကိန်းတန်ဖိုး** -ဂျပန်ယန်း (၄၀၇၃)သန်း

အမေရိကန်ဒေါ်လာ သန်း (၄၀)ခန့်

ရေဒါအဆောက်အအုံဆောက်လုပ်ခြင်း
ကျောက်ဖြူရေဒါ မတ်လ ၂၀၁၄ မတ်လ ၂၀၁၅
ပြီးစီးမှု ဆောက်လုပ်ရေး (၅၀.၄၄%)



ကိရိယာတပ်ဆင်ခြင်း
ဖေဖော်ဝါရီလ ၂၀၁၄ ဩဂုတ်လ ၂၀၁၅
Equipment work (45%)



Kyauk Phyu Meteorological Radar

## (၂၈)ကြိမ်မြောက် (၄၅)ရက် တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ မောင်းထောင်မြေဇင်းတောရတိုက်ခွဲ၊ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ ဆရာတော်အရှင်ကေလာသသည် မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ဥပနိဿယျအတိုင်း ၄၅ ရက် တရားစခန်းကို (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁ရက်) ၂၀-၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသည့် ယောဂီများ ကြိုတင်စာရင်းပေး၍ ထိုနေ့ထိုအချိန်တွင် လာရောက်ကြပါရန် အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်**

အပြည်ပြည်ဆိုင်ရာဗောဓိအေးငြိမ်းရိပ်သာ
ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၆၂၉၁၅၃၊ ၀၉-၂၀၃၃၃၄၄၊ ၀၉-၇၃၀၃၅၇၅၇၊ ၀၉-၇၃၄၉၁၃၃၇

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ စစ်ကိုင်းလမ်း၊ မြေကွက်အမှတ် ဥ-၅၀၅၄၊ မြေဧရိယာ ၀ဒသမ ၂၂၉ဧကရှိ ဦးအောင်မြင့် အမည်ပေါက် ဂရန်မြေကွက်အား ဦးဆွေလင်း ၇/တငန(နိုင်)၀၉၆၇၂၀ (ဘ) ဦးသိန်းအောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အသက်(၈၀)ပြည့်နှင့်အထက် အသင်းဝင်အဘိုး အဘွားများ၊ ၂၀၁၃-၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သား/သမီးများစာရင်းကို အထောက်အထားပြည့်စုံစွာဖြင့် အောက်ပါဖုန်းနံပါတ်များနှင့် နယ်မြေအမှုဆောင်များထံ ပေးပို့ကြပါရန် နိုးဆော်အပ်ပါသည်။

ဒုဥက္ကဋ္ဌ ဦးကျော်သူ ဖုန်း-၀၁-၂၂၃၆၃၃၊ ဒုဥက္ကဋ္ဌ ဦးမြင့်ဆွေ ဖုန်း-၀၉-၇၃၁၈၉၉၄၆၊ ဒုဥက္ကဋ္ဌ ဦးလှဝင်း ဖုန်း-၀၉-၄၃၀၃၀၈၈၃၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း-၀၉-၅၀၁၇၂၄၀၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်း ဖုန်း-၀၉-၅၁၂၀၇၆၄၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်သိန်း(ဓာတ်မှန်) ဖုန်း-၀၉-၄၀၁၅၅၄၁၀၀

**အမှုဆောင်အဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၉၆၉၂၄၊ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဗိုလ် ၅/စကန(နိုင်)၀၆၆၅၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၅၁၇၃၄၊ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ရှိန် ၅/ကဘလ(နိုင်)၀၉၄၃၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့**

## ရွှေဂွန်း (အထက) ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

အနန္တဂိုဏ်းဝင် ဆရာသခင်တို့အား ၁၁-၁-၂၀၁၅ ရက် နံနက် ၉ နာရီ (တနင်္ဂနွေနေ့)တွင် အာစရိယပူဇော်ပွဲကျင်းပပါမည်။ ၎င်းနေ့ ညနေ ၅နာရီတွင် ဖျော်ဖြေရေးအစီအစဉ်နှင့် ညစာစားပွဲ ကျင်းပပြုလုပ်ပါမည်။

ရွှေဂွန်း အထက၊ အလက၊ အမကမှ အသက်(၆၀)ပြည့်ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံတွင် ဆက်သွယ်နိုင်ပါသည်။

**ရွှေဂွန်း**

ဒေါက်တာတင်ဝင်းကျော် ဖုန်း-၀၉-၈၇၂၅၆၄၆၊ ဦးတင်ဖေ ဖုန်း-၀၉-၈၇၃၀၉၄၄၊ ဦးသန်းစိုး ဖုန်း-၀၉-၈၇၃၀၁၂၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချိုဆင့် ဖုန်း-၀၉-၄၄၉၂၅၃၁၅၊ ၀၉-၄၉၇၇၂၂၀၅

**ရန်ကုန်**

ဦးတင်အေး ဖုန်း-၀၉-၅၀၁၆၆၇၄၊ ဒေါ်စောနွဲ့ ဖုန်း-၀၉-၅၁၈၃၁၂၄၊ ဦးမောင်ကြီး ဖုန်း-၀၁-၅၆၉၅၄၃၊ ၀၉-၂၅၀၀၇၈၉၈၇

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၅၁၂၅၉ Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းတလထော က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၃၄၀၇ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဗိုလ်မှူးမင်းတလထော က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# မြန်မာနိုင်ငံသား ၃၁ ဦး ထိုင်းနိုင်ငံကလွှဲပြောင်းပေးအပ်



**တာချီလိတ် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ရှိ မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတား၌ ဒီဇင်ဘာ ၃၀ ရက် ညနေ ၃ နာရီက ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်သည့် မကဖ(၈)မှ ဦးစီးအရာရှိ ဦးဇော်မင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်မင်းအောင်နှင့် ရဲအရာခံခင်မောင်ရွှေနှင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံလဝကအရာရှိ Suthi Panr Kyan၊ မယ်ဆိုင်မြို့နယ်လဝကမှူး Sarloe Ponew Zolonelayan တို့မှ တရားမဝင်မြန်မာအလုပ်သမားအမျိုးသားနှစ်ဦးနှင့် အမျိုးသမီး ၂၉ ဦးတို့ကို လာရောက်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား ၃၁ ဦးအား တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းဝင်းအတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့ရာ အမျိုးသမီး ၂၉ ဦးသည် လွန်ခဲ့သည့်နှစ်လခန့်က ၎င်းတို့ မိဘဆွေမျိုးများ၏ လိုက်ပါပို့ဆောင်မှုဖြင့် ထိုင်းနိုင်ငံအတွင်းသို့ တာချီလိတ်-မယ်ဆိုင်အမှတ်(၁) ချစ်ကြည်ရေးတံတားမှ ဝင်ရောက်ပြီး မယ်ဆိုင်မြို့ ပီယာ့ဖောင်းရပ်ကွက်ရှိ ထန၌ာနီဂေဟာ(ဆင်းရဲချို့တဲ့သည့် ကလေးငယ်များ၊ စောင့်ရှောက်ရေးမူလထီဖောင်ဒေးရှင်း) ကျောင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ တာဝန်ရှိသူများ၏ ရှောင်တခင် ဝင်ရောက်စစ်ဆေးချက်အရ ဖမ်းဆီးခံရပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်း မရှိကြောင်း၊ ၎င်းတို့အား အခကြေးငွေရယူကာ စည်းရုံးပို့ဆောင်ပေးသူများ မရှိဘဲ တရားမဝင် ဝင်ရောက်နေထိုင်ပြီး ဘာသာရေးကျမ်းစာသင်တန်း တက်ရောက်နေကြခြင်းဖြစ်ကြောင်းနှင့် အမျိုးသားနှစ်ဦးမှာ မိုင်းဖုန်း(က) အုပ်စု၊ ဝမ်တုံရေဆိပ်မှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်ရာမှ ဖမ်းဆီးခံရသူများဖြစ်ကြောင်း သိရသည်။

လွှဲပြောင်း လက်ခံထားသည့် မြန်မာနိုင်ငံသား ၃၁ ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် ၎င်းတို့၏မိဘဆွေမျိုးများထံ ညနေ ၅ နာရီ ၁၀ မိနစ်တွင် ခံဝန်ဖြင့် အပ်နှံပေးခဲ့သည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပြီး မြန်မာအလုပ်သမားများမှာ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ အမျိုးသား ၅၇၇၇ ဦး၊ အမျိုးသမီး ၁၉၉၄ ဦး စုစုပေါင်း ၇၇၇၁ ဦးရှိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## သဘာဝပိုးမွှားရောဂါကာကွယ်ဆေးနှင့် သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲခြင်း နည်းပညာပေးသင်တန်းဖွင့်

**ဘုတလင် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်မှ ထောက်ပံ့မှုဖြင့် ဘုတလင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော သဘာဝပိုးမွှားရောဂါ ကာကွယ်ဆေးနှင့် သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲခြင်း နည်းပညာပေးသင်တန်းကို ဒီဇင်ဘာ ၂၈ ရက်နံနက်ပိုင်းက ဘုတလင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မဟာဗန္ဓုလအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တာကာလအတွင်း ခရိုင်နှင့်မြို့နယ်မှ စိုက်ပျိုးရေးပညာရှင်များက သင်ကြားပို့ချခဲ့ပြီး ဒေသခံတောင်သူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေစကြို၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ရေစကြို ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သာစည်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ခန်းမ၌ မိုးပွင့်(၇) စီမံချက်အရ ပြုလုပ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်များအား လက်ရောက်ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝေက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင်ဌေးအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း၊ ညွှန်ကြားရေးမှူးဦးထွန်းဝေ၊မြို့နယ်ဦးစီးမှူး ဦးလှမိုးနှင့် အုပ်ချုပ်ရေးမှူးဦးညဏ်စန်းတို့က အသက် (၁၀)နှစ်ပြည့် ၆၆ဦး၊ ၁၈ နှစ်ပြည့် ၂၈၆ ဦး၊ စုစုပေါင်း ၃၅၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းစီ လာရောက်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# ကံမမြို့နယ်တွင် ချက်ကြံသီးနှံမျိုးသန့် မျိုးပွားကွင်းပြပွဲကျင်းပ

**ကံမ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနမှကြီးမှူး၍ ချက်ကြံသီးနှံမျိုးသန့်မျိုးပွားစံပြကွက်တွင် ကွင်းပြပွဲကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက ဓမ္မသော်ကျေးရွာအုပ်စု ဓမ္မသော်ကျေးရွာ ကွင်းအမှတ်(၁၀၀)၊ ဦးပိုင် ၂၉ ရှိ တောင်သူဦးမြင့်ဇော်၏ နဝဒေး(၄)၊(၅) ဧကမျိုးသန့်မျိုးပွား စံပြကွက်၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်အထောက်အကူပြုကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကျိုးဆောင်တောင်သူများ စုစုပေါင်း ၁၂၀ ကျော်ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်းက ကွင်းပြပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဗိုလ်ဝင်းက တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ တောင်သူများ သိသင့်သိထိုက်သည့် ဥပဒေဆိုင်ရာကိစ္စများရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးသီဟက ယခင်နှစ်စိုက်ပျိုးထားခဲ့သော စံပြကွက်နှစ်ဧက၏ ခုတ်သိမ်းနေမှုအခြေအနေနှင့် ယခုနှစ် စိုက်ပျိုးမည့် စံပြကွက်သုံးဧကကို လက်တွေ့သရုပ်ပြစိုက်ပျိုးမည့်အစီအစဉ်တို့ကို တင်ပြပြီး တောင်သူများနှင့်အတူ နှစ်ဆစ်ပါကြံမျိုးပိုင်းဖြတ်ခြင်း ဆေးရည်စိမ်ခြင်း၊ စိုက်မြောင်းအတွင်းမျိုးကြံထည့်သွင်းခြင်း၊ မြေသြဇာနှင့် မြေအောင်းပိုးသတ်ဆေးရည်ထည့်သွင်းခြင်းတို့ကိုလက်တွေ့စိုက်ပျိုးပြသခဲ့ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂** အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၏ ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာ၊ တက္ကသိုလ် စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဘွဲ့ရမောင်မယ်များနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အောင်မြင်ပြီးမြောက်ခဲ့ပြီး သက်ဆိုင်ရာအထူးပြုဘာသာရပ်များဖြစ်သည့် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ဘာသာရပ်များအလိုက် ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့)၊ ဘွဲ့လွန်အနုပညာဘွဲ့များနှင့် ဂုဏ်ထူးဆောင် (ဝိဇ္ဇာ)ဘွဲ့ရမောင်မယ် ၇၇ ဦးတို့ကို ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက ဘွဲ့လက်မှတ်များ တစ်ဦးစီအပ်နှင်းပြီး ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**


## ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊
မြို့ဟောင်းအနောက်ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ်(၁၀)နေ
ဦးအောင်သန်းထူး(မန်နေဂျာ-မြဝတီဘဏ်)-ဒေါ်ဝင်းကြည်
(လ/ထ မန်နေဂျာ-မြဝတီဘဏ်)တို့၏သား

**မောင်ဖြိုးကြွယ် B.A(History)**
**(ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
(၄၃)ရပ်ကွက်၊ အေးရိပ်သာလမ်း၊ အမှတ်(၁၂၁)နေ
ဦးမြင့်နိုင်ဦး(အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး)-ဒေါ်မြင့်မြင့်မော်တို့၏သမီး

**မမေသူအောင် B.C.Sc (UCSY)**
**(ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်)**

တို့သည် ၂၈-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘ၊ ဆွေမျိုးများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများ**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ အမှတ်(၂)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း အိမ်အမှတ်(၃၄)၊ ခြံအမှတ် W-12 နေ ဒေါ်ခင်မာဝင်း ၁၂/မဘန(နိုင်)၀၅၅၆၅၁ ပိုင်ဆိုင်သော ပေ ၃၀×ပေ ၆၀ အကျယ်ရှိ အိမ်နှင့်ခြံအား ဦးတင်နွယ်သို့ ရောင်းချရန် စရန်ငွေရယူပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းဝယ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားစာရွက်စာတမ်းဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ပါရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာဝင်း ၁၂/မဘန(နိုင်)၀၅၅၆၅၁**

## လူပျောက်



ရှမ်းပြည်နယ်၊ ကျောက်မဲမြို့၌နေထိုင်သူ အထက်ပါဓာတ်ပုံရှင် ဦးစံညွန့် အသက်(၅၈) နှစ်သည် ရန်ကုန်မြို့သို့ အလည်လာစဉ် ၂၈-၁၂-၂၀၁၄ရက်တွင် ကုက္ကိုင်း၊ ဗဟန်းမြို့နယ်၌ လူစုကွဲပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးပြု၍ အောက်ပါဖုန်းသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၅၅၄၀၀၅
၀၉-၇၉၅၅၅၄၀၃၀**

## (ကမ-၃)ပျောက်ဆုံးကြောင်းလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၁၅၄၇ စတားဒိုင်းမွန်း mm110-2 ဆိုင်ကယ်လက်ဝယ်ရှိသူ စစ်တွေမြို့ အမှတ်(၈၂၈) တပ်ရင်းနေ ဦးသာလှ ၁၃/ရစန(နိုင်)၀၄၉၃၄၀ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

**ကညန(ပြည်နယ်ရုံး)၊ စစ်တွေ**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်တွေမြို့နေ ဦးညီငယ်၏ သမီး ဒေါ်အေးမွန်စန်း ၁၀/ကမရ(နိုင်)၀၄၆၈၉၁ (ခ)ဒေါ်အေးအေးမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်မ၏သမီး မမိုးသီဂီခိုင် ၁၂/ဒဂဆ(နိုင်)၀၀၅၈၉၂ အား ၁၇-၁၂-၂၀၁၃ရက်တွင် အမွေပြတ်စွန့်လွှတ်ခဲ့ပါသည်။ ယခုအခါ သမီးဖြစ်သူအား ၃-၁-၂၀၁၅ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာပါသည်။

**မိခင်-ဒေါ်ခင်အုန်းမြင့် ၁၂/မဂဒ(နိုင်)၀၅၀၁၃၉**

## အမွေစားအမွေခံသမီးအဖြစ်မှစွန့်လွှတ်ခြင်း

ဖျာပုံမြို့၊ (၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်းနှင့် ၅ လမ်းထောင့်၊ အမှတ်(၁၇)နေ ဦးသောင်းထွန်း၏သမီး မဇင်မျိုးသိမ့်သိမ့်ထွန်း ၁၄/ဖပန(နိုင်)၁၀၀၁၆၉ သည် မိဘနှစ်ပါး ခွင့်မလွှတ်နိုင်သည့်အပြုအမူ ဆောင်ရွက်သွားပါသဖြင့် အမွေစားအမွေခံသမီးအဖြစ် စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ) ဖခင်-ဦးသောင်းထွန်း၊ မိခင်-ဒေါ်နုနုခင်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၃၂၈၅)၊ ဧရိယာ ဝဒသမ ၁၁၀ဧက၊ ဦးသန်းဝင်းအမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၆၄/၂၀၁၄)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်မိုးဖြူ ၉/ပမန(နိုင်)၁၆၈၅၈၀၊ (ဘ) ဦးမြင့်လွင်မှ မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက် ဦးသောင်းစိန်(ခ)ဦးသောင်းရွှေအမည်ပေါက် မြေကွက်အမှတ်(ပ-၂၃၃၆၄) ပါမစ်မြေအား အမည်ပေါက် ဦးသောင်းစိန်(ခ)ဦးသောင်းရွှေ ၁၂/ရကန(နိုင်)၀၃၃၁၅၄မှ မြေပေးမိန့်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးသောင်းစိန်(ခ)ဦးသောင်းရွှေ အမည်ပေါက် မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးနိုင်ရေးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


**ပြင်ဆင်ဖတ်ရှုပါရန်**

၂၂-၁၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၃) ကန့်ကွက်ကြော်ငြာ တောင်ဥက္ကလာပမြို့နယ်GP ဒေါ်ခင်စိမ်းထွေး၏ပိုင်ဆိုင်မြေပုံကူးတွင် မြေအမည်ပေါက် ဦးအေးကို-ဦးသာထွန်း အစား ဦးအေးကိုထွန်း-ဦးသာထွန်းဟု ဖတ်ရှုပါရန်။

# မြစိမ်းရောင်အိမ်ရာဝင်းအတွင်းမှ ကျူးကျော်တဲများ ရှင်းလင်းဖယ်ရှား



**ရန်ကုန်  ဇန်နဝါရီ  ၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အနော်ရထာစက်မှုဇုန်ရှိ မြစိမ်းရောင်အိမ်ရာဝင်းအတွင်း ကျူးကျော်ဆောက်လုပ်ထားသော တဲပေါင်း ၅၀၀ ကျော်အနက်မှ ၂၅၀ ကို ဒီဇင်ဘာ ၃၁ နံနက် ၆ နာရီက ဝါဝါဝင်းကုမ္ပဏီက ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။

အနော်ရထာစက်မှုဇုန် ဝါဝါဝင်းကုမ္ပဏီပိုင် မြစိမ်းရောင်အိမ်ရာဝင်းအတွင်း၌ ယခင်က ကျူးကျော်တဲများ ၁၀၀၀ ခန့်ရှိပြီး ရွှေသံလွင်စက်မှုဇုန်မှ ပြောင်းရွှေ့နေထိုင်သောတဲများအပါအဝင် မြစိမ်းရောင်မှ နည်းပညာတက္ကသိုလ်သို့ သွားသော လမ်းမ ညာဘက်ခြမ်းရှိ ကျူးကျော်တဲ ၂၅၀ ကို ကုမ္ပဏီမှ အလုပ်သမားများဖြင့် ဖယ်ရှားရှင်းလင်းခဲ့ရာ ဖယ်ရှားခံရသောသူများသည် မြစိမ်းရောင်နည်းပညာတက္ကသိုလ်လမ်းဘယ်ဘက်ရှိ မဖယ်ရှားသောတဲများရှိရာသို့ ပြောင်းရွှေ့ နေထိုင်လျက်ရှိကြောင်း သိရသည်။

(၁၆၄)

# ရော်ဘာအစေးလှီးခြင်းနှင့် အဆင့်မြင့်ရော်ဘာပြားထုတ်လုပ်ခြင်း သင်တန်းဖွင့်

**ပေါင်  ဇန်နဝါရီ  ၂**

ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကျေးလက်နေပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းများ ရရှိစေရေးအတွက် ရည်ရွယ်၍ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပေါင်မြို့နယ် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းကျင်းပသော ရော်ဘာအစေးလှီးခြင်းနှင့် အဆင့်မြင့်ရော်ဘာပြား ထုတ်လုပ်ခြင်း ပညာပေးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက်က ပေါင်မြို့နယ် ကကိုက်ကျေးရွာ အမကမူလွန်ကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် သထုံခရိုင် စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းဝေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က သင်တန်းပို့ချသော နည်းပညာများကို သင်တန်းသားများအနေဖြင့် ကြိုးပမ်းလေ့လာသင်ယူသွားရန် ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ ဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်၊ အတွင်းရေးမှူး ဦးဘုန်းမြင့်၊ မြို့နယ် စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်တို့က ရော်ဘာအစေးလှီးခြင်း နည်းပညာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ ပေါင်မြို့နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးရေးခြံရှင် တောင်သူများနှင့် သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# ကျေးလက်လမ်း/တံတားဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**မိုးကောင်း  ဇန်နဝါရီ  ၂**

မိုးကောင်းမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုနှင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူ၊ အတွင်းရေးမှူး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေသူရိန်စိန်လှနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃၀ ရက် နံနက်က ထီးချိုင့်-တောင်နီကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းသည် အရှည်သုံးမိုင်လေးဖာလုံရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၉၄ ဒသမ ၈၁၇ သန်းဖြင့် လည်းကောင်း၊ လမ်းပေါ်ရှိ ကွန်ကရစ် အုတ်ခုံခံ သစ်သားတံတားနှစ်စင်းနှင့် ရေပြွန်တံတားတစ်စင်းတို့ကို ခွင့်ပြုရန်ပုံငွေကျပ် ၄၆ သန်းဖြင့် လည်းကောင်း တင်ဒါအောင်မြင်သည့် ရှမ်းနီ ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းအောင်

# ကျိုင်းတုံ၌ ၃၂၄ ဒသမ ၅ သန်း တန်ဖိုးရှိ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်နှင့် မီးသတ်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်

**ကျိုင်းတုံ  ဇန်နဝါရီ  ၂**

ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူ ဖြည့်တင်းပေးသော ငွေကျပ် ၃၂၄ ဒသမ ၅ သန်း တန်ဖိုးရှိ မီးငြိမ်းသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ်ကိုးစီးနှင့် မီးသတ်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူက မီးငြိမ်းသတ်ယာဉ်အတွက် အထောက်အကူပြုပစ္စည်းများ ဝယ်ယူဖြည့်တင်းပေးရခြင်းကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ Young Auto ကုမ္ပဏီမှ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်နှင့် MYANMAR TRILLION GROUP မှ မီးသတ်ပစ္စည်းကိရိယာများ၏ စွမ်းရည်တို့ကို ရှင်းလင်းသည်။ ထို့နောက် ကျိုင်းတုံ မီးသတ်တပ်ဖွဲ့မှ အသက်ရှူကိရိယာဝတ်ဆင်အသုံးပြုမှု၊ ဂတ်စ်အိုးပိုက်မှ မီးတောက်လောင်လျှင် မီးငြိမ်းသတ်မှု၊ DCP ဖြင့် မီးငြိမ်းသတ်ခြင်း၊ HNE ကိရိယာဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးလောင်ပြင်တွင် မီးကာဝတ်စုံဝတ်၍ ကယ်ဆယ်ရေးသရုပ်ပြခြင်း၊ မီးငြိမ်းသတ်ယာဉ်များ၏ ရေပက်နိုင်မှု စွမ်းရည်တို့ကို သရုပ်ပြကြသည်။ အဆိုပါ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်တို့ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ လိုအပ်လျက်ရှိသော မြို့နယ်များသို့ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်နိုင် (iprd)

# ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးရေး အသိပေးရှင်းလင်း

**စစ်တွေ  ဇန်နဝါရီ  ၂**

နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ ၏ မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ခိုင်စံက ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြီး တက်ရောက်လာကြသူတို့၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

ကိုကြီးစော

**တိုင်းပြည်ဘက်စုံ တိုးတက်ဖို့ ကျသင့်အခွန် ပေးဆောင်စို့**


**ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယဦးစီးမှူး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း (၂/၂၀၁၄)ပါ ကြော်ငြာစာတွင် ပညာအရည်အချင်းအား ဖြည့်စွက်ကြော်ငြာခြင်း**

ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ်(၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)ရရှိသော ဒုတိယဦးစီးမှူးရာထူး (၄၀) နေရာတွင် ဖြည့်စွက်ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူသည့် ကြော်ငြာစာအား ၇/၉/၁၁-၁၂-၂၀၁၄ရက်များတွင် နေ့စဉ်ထုတ်မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ၌ ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကြော်ငြာစာ၏ အမှတ်စဉ်-၁(စ)တွင် အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)၊ B.E(IT)ဘွဲ့အား ထပ်မံဖြည့်စွက်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင်ရှိသော မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် တာယာဆိုဒ်စုံ (၂၆၄)လုံးနှင့် ဘက်ထရီဆိုဒ်စုံ (၇၁)လုံး ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၁-၂၀၁၅ ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၄-၁-၂၀၁၅ ရက်
**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၅-၁-၂၀၁၅ ရက်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၄၀၉၊ ၀၉-၄၂၀၇၄၁၅၂၂**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မိတ္ထီလာမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မိတ္ထီလာမြို့သို့ လာရောက်ဆေးကုသမှုခံယူသောလူနာများအတွက် လိုအပ်သော FDAအသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၁-၂၀၁၅ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ဆေးနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံးခန်း**
**အထွေထွေရောဂါကုဆေးရုံကြီး**
**မိတ္ထီလာမြို့၊**
**ဖုန်း-၀၆၄-၂၄၃၂၄၊ ၀၆၄-၂၃၀၀၄**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/9361, Toyota Mark II Gx110, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစောစိုးမင်း ၁၂/တတန(နိုင်)၁၆၆၂၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**အဆိုပြုတင်ဒါခေါ်ယူခြင်း**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ၁၆၈/၆ ရပ်ကွက်၊ ရိုးမတန်ဖိုးနည်းအိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ၁၄၁/၂ရပ်ကွက်၊ မဟာဗန္ဓုလအိမ်ရာစီမံကိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ နန္ဒဝန်တန်ဖိုးသင့်အိမ်ရာစီမံကိန်းအပိုင်း(၂)နှင့် မန္တလေးတိုင်းဒေသကြီး မြရည်နန္ဒာအိမ်ရာစီမံကိန်း အပိုင်း(၂)တို့တွင် အခြေခံအဆောက်အအုံ (Infrastructure) နှင့် လူနေအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းတင်ဒါများ လျှောက်ထားပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

(၁) **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်ရက်** - ၅-၁-၂၀၁၅ ရက် (တနင်္လာနေ့)
(၂) **တင်ဒါပိတ်မည့်ရက်** - ၃၀-၁-၂၀၁၅ ရက် (သောကြာနေ့)
(၃) **တင်ဒါတင်သွင်းရမည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲ၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်။

**တင်ဒါခေါ်ယူရေးဆပ်ကော်မတီ**
**ဖုန်း-၀၆၇-၄၀၇၅၂၇**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ယုမင်း ၁၂/ဥကမ(နိုင်)၀၂၅၂၀၁ ကိုင်ဆောင်သော သင်္ဘောသားမှတ်ပုံတင်လက်မှတ်(SID) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန် မေတ္တာရပ်ခံပါသည်။ **ဖုန်း-၀၉-၅၀၄၀၁၂၅**

# ကျေးရွာလျှပ်စစ်မီးရရှိရေး ညှိနှိုင်းဆွေးနွေး

**အင်းတော် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကျန်တောကျေးရွာအုပ်စု ကျော်ရွာကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီး သွယ်တန်းတပ်ဆင်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် က ကျေးရွာအခြေခံပညာမူလတန်းကျောင်းဆောင်သစ်၌ ကျင်းပခဲ့သည်။

"လျှပ်စစ်မီးလင်းရေးအတွက် ကျေးရွာမှာရှိတဲ့ ကျေးရွာသူ ကျေးရွာသားတွေအားလုံး ဝိုင်းဝန်းပြီး ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါမှလည်း မီးမြန်မြန်လင်းမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့ ရန်ပုံငွေကို ဝိုင်းဝန်းထည့်ဝင်ကြရမှာဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတော်ကနေ ကျေးရွာတွေမှာ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် လိုအပ်တဲ့ ရန်ပုံငွေကို ချေးငွေတွေ ထောက်ပံ့ကြေးတွေနဲ့ ပူးပေါင်းဆောင်ရွက်ရင်ရပါတယ်။ အဲ့ဒီအတွက် ကျေးရွာအတွင်းမှာ ထရန်စဖော်မာတွေ၊ မီးတိုင်တွေ မီးကြိုးတွေ၊ မီးလိုင်းတွေကို အရင်ဆုံးဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပြီးမှလိုင်းချိတ်ဆက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ကြရမှာပါ။ ငွေကြေးကုန်ကျမှုကများတဲ့ အတွက် တစ်ဦးတစ်ယောက်တည်းကလည်း လုပ်လို့မရပါဘူး။ အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်"ဟု အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးက ရှင်းလင်းပြောကြားသည်။

ကျေးရွာမီးလင်းရေးကော်မတီဝင်တစ်ဦးကလည်း "ကျွန်တော်တို့ ကျေးရွာက မီးလင်းမှ ဖြစ်တော့မှာပါ။ မီးမလင်းရင်ခေတ်နောက်ကျနေပြီလေ။ ကျွန်တော်တို့ရွာနဲ့ နီးတဲ့ရွာတွေက မီးလင်းပြီး ကျွန်တော်တို့က မီးမရတော့ အသိပညာအနေနဲ့လည်း နောက်ကျနေပြီလေ။ စကားအရပြောရရင် သမီးရည်းစားစကားပြောတာတောင် အဆင်မပြေဘူး။ မင်းတို့ရွာက မီးမရတော့ မစဉ်းစားဘူးလို့ ကောင်မလေးတွေက ပြောတယ်လေ။ မီးမရတော့ အစစအရာရာ သူများနောက်မှာပဲ ကျန်နေတာ။ ဒါကြောင့် ကျွန်တော်တို့က ၂၄ နာရီ မီးရအောင်ကြိုးစားရမှာပါ"ဟု ပြောသည်။ ဆွေးနွေးပွဲသို့ အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သီဟနှင့်အဖွဲ့ဝင်များ၊ ကျေးရွာခွဲအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။



အင်းတော်မြို့နယ်အတွင်း၌ ကျေးရွာပေါင်း ၁၅၃ ရွာရှိပြီး ကျေးရွာပေါင်း ၆၀ မှာ ၂၄ နာရီ မီးလင်းနေပြီး ကျေးရွာပေါင်း ၃၃ ရွာမှာ ၂၄ နာရီ မီးလင်းနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သီဟ**

# တောင်တွင်းချောင်ဒေသ မြို့မ-မင်းကင်းလမ်းပိုင်း မြေသားလမ်းဖောက်လုပ်

**မင်းကင်း ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့သည် ရွှေသမင်တောင်တန်းကြီး ကာဆီးထားမှုကြောင့် ကုန်းကြောင်းလမ်းပိတ်မြို့ဖြစ်ပြီး အခြားမြို့နယ်များနှင့် ဆက်သွယ်သွားလာရာတွင် ချင်းတွင်းမြစ်ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အားကိုးအားထားအသုံးပြုလျက်ရှိရာ မင်းကင်းမြို့နယ်၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍအရပ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ မြို့မ-မင်းကင်းလမ်းပိုင်း အရှည် ၁၇ မိုင် ၃ ဖာလုံကို အတိုဆုံးလမ်းအူကြောင်းအတိုင်း မြေသားလမ်း ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ မင်းကင်း-မြို့မလမ်းပိုင်းသည် ကနီ-မင်းကင်းလမ်းပိုင်းထက် လမ်းကြောင်းတိုလျက် မင်းကင်းမြို့မှ မုံရွာ-ယာကြီး-ကလေးဝလမ်းပိုင်းသို့ လမ်းကြောင်းတိုဖြင့် ဆက်သွယ်နိုင်မည်ဖြစ်သည်။ လမ်းဖောက်ရန် ရရှိ ရန်ပုံငွေဖြင့် မုံရွာစွမ်းအား၊ မြန်မာမိုးနိုင်၊ ချမ်းသာရွှေမြေကုမ္ပဏီများက စက်ယန္တရားကြီးများကိုအသုံးပြုကာ အမြန်ဆုံးလမ်းဖွင့်နိုင်ရန် ဦးစားပေးရွေးချယ်ဖောက်လုပ်လျက်ရှိပြီး မြေသားလမ်းဖောက်လုပ်ခြင်း၊ တံတားနှင့် ရေထွက်ပေါက်များ တည်ဆောက်ခြင်း၊ Drainage Structure များနှင့် Retaining Structure များ ပြီးစီးသည့် လုပ်ငန်းအဆင့်အထိ ထပ်မံလိုအပ်သော ရန်ပုံငွေကျပ် ၄၇၉၁ ဒသမ ၉၀ သန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံရရှိပါက လာမည့်တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအားလုံး ပြီးစီးမည်ဖြစ်ကြောင်းသိရသည်။



မြို့မ-မင်းကင်းလမ်းပိုင်း မြေသားလမ်းဖောက်လုပ်မှု အားလုံးပြီးစီးပါက တောင်တွင်းချောင်ဒေသရှိ ကျေးရွာအုပ်စု ၁၅ အုပ်စုမှ ကျေးရွာပေါင်း ၃၆ ရွာတွင် နေထိုင်သော ကျေးလက်ဒေသနေပြည်သူများ၏ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးတို့တွင် အထောက်အကူပြုမည် ဖြစ်သည့်အပြင် တောင်တွင်းချောင်ဒေသနေပြည်သူများနှင့် အခြားမြို့နယ်များမှ မင်းကင်းမြို့နှင့် ဆက်သွယ်သွားလာရေးတွင်လည်း အဆင်ပြေချောမွေ့လာမည် ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# တိုက်နယ်ဆေးရုံတည်ဆောက်မှု မကြာမီပြီးစီးမည်

**ပခုက္ကူ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် သမားတော်ကျေးရွာအုပ်စုရှိ ရေပြာကျေးရွာ၏မြောက်ဘက် ပုသိမ်-မုံရွာလမ်းမကြီးဘေးတွင် တည်ဆောက်လျက်ရှိသော (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်မှုလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပြီး မကြာမီတည်ဆောက်မှုအားလုံးပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံသည် အလျား ၁၂၆ ပေ၊ အနံ ၈၉ ပေ၊ အမြင့်၁၄ ပေရှိပြီး လူနာဆောင်၊ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်၊ အရေးပေါ်ခွဲစိတ်ခန်း၊ သားဖွားခန်းများပါဝင်ပြီး ဆရာဝန်၊ သူနာပြုများနှင့် အလုပ်သမားများနေထိုင်ရန် နှစ်ခန်း၊ လေးခန်း၊ ခြောက်ခန်းတွဲတိုက်များလည်း ပါဝင်ကြောင်းသိရသည်။

သမားတော်ကျေးရွာအုပ်စုတွင် ကျေးရွာ၂၀ ရှိပြီး လူဦးရေ ၁၁၀၀၀ ကျော်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ဆေးရုံလိုအပ်နေသဖြင့် ဆေးရုံတည်ဆောက်ပေးရန် တင်ပြတောင်းဆိုမှုအရ နိုင်ငံတော်က တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ညဏ်တိုး(iprd)**




**စက်မှုဝန်ကြီးဌာန**
**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ(ရန်ပယ်)၏ ဖျက်သိမ်းမည့် မြေပေါ်ရှိအဆောက်အအုံနှစ်လုံးနှင့် သွပ်ဆူးကြိုးဝင်းခြံ (ဆပ်သွားကျေးရွာ)တို့အား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၃-၁-၂၀၁၅ ရက်
**စတင်ရောင်းချမည့်ရက်/နေရာ** - ပြောင်းဖူးထုတ်ကုန်ထုတ်လုပ်ရေးဌာနခွဲ (ရန်ပယ်)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၁-၂၀၁၅ရက် (၁၂း၀၀)နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၂-၁-၂၀၁၅ ရက် (၁၀း၀၀)နာရီ

၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကိုရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**မြင်းနှင့်သိုးမွေးမြူရေးစခန်း(ရန်ပယ်)**
**ပြောင်းဖူးထုတ်ကုန်ပစ္စည်းထုတ်လုပ်ရေးဌာနခွဲ**
**ဖုန်း-၀၉-၅၃၃၃၂၇၆၊ ၀၉-၅၁၂၉၅၆၀**



**ပဲခူးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန**
**ပဲခူးမြို့**
## အိတ်ဖွင့်တင်ဒါ

၁။ ပဲခူးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေဖြင့် အောက်ပါအဆောက်အအုံများ ဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။
(က) ပြည်ခရိုင်(ခ)အဆင့်အားကစားရုံတည်ဆောက်ခြင်း လုပ်ငန်း(၁)ရပ်
(ခ) ပေါင်းတည်အားကစားကွင်းပတ်လည်အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း(၁)ရပ်
(ဂ) တောင်ငူခရိုင်အလေးမအားကစားရုံတည်ဆောက်ခြင်း လုပ်ငန်း(၁)ရပ်
(ဃ) ပဲခူးခရိုင်ကာယဗလလေ့ကျင့်ရုံတည်ဆောက်ခြင်း လုပ်ငန်း(၁)ရပ်

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၁၆-၁၂-၂၀၁၄ရက်မှ ၇-၁-၂၀၁၅ ရက်အတွင်း ရုံးချိန်တွင်ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ တင်ဒါပုံစံ (၁)စောင်လျှင်ငွေ ၂၀၀၀/-(ကျပ်နှစ်ထောင်)ဖြင့် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်မှာ ၇-၁-၂၀၁၅ ရက်ဖြစ်ပါသည်။

၄။ သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက် ကျော်လွန်ပြီး နောက်ကျတင်သွင်းလာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။
(က) ၀၅၂-၂၁၁၄၇
(ခ) ၀၅၂-၂၀၀၂၁၄

**တင်ဒါခေါ်ယူရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူလိုပါသည်-
(က) တိုင်းဒေသကြီး/ပြည်နယ်များအတွက် လိုအပ်သောဓာတ်အားလိုင်းနှင့် ခွဲရုံပစ္စည်းများ ဝယ်ယူရန်
(ခ) Japan ODA Loan (JICA ချေးငွေ - Loan Agreement No. MY-P1) ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများအား Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းနှင့် ၆၆/၃၃၊ ၆၆/၁၁၊ ၃၃/၁၁၊ ၁၁/၀.၄ ကေဗွီထရန်စဖော်မာများဝယ်ယူရန်
**တင်ဒါစတင်ရောင်းချမည့်ရက်** - ၃၁-၁၂-၂၀၁၄ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၄-၁-၂၀၁၅ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၅၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၁၇၅၊ ဖက်စ်-၀၆၇-၄၃၀၀၈၅**



## ကန့်ကွက်ကြော်ငြာစာထုတ်ပြန်ခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဈေးမရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (F,ကျုံးပြစ်)၊ ဦးပိုင်အမှတ်(၄၅-ခ)၊ မြေကွက်အမှတ် (၇၆/၂၃၃)မြေဧရိယာ ၀ ဒသမ ၀၇၆ ဧကရှိ မြေကွက်အား စလင်းမြို့နယ်၊ ဈေးမရပ်ကွက်နေ ဒေါ်ကျင်သွယ် (ဘ)ဦးငြိမ်းမောင်(အသက်) ၆၅/၂၀၁၄နှစ်၊ ၈/စလန(နိုင်)၀၅၀၀၂၅ မှ မြေငှား ဂရန်သစ်လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီးမြေငှားဂရန်ထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စလင်းမြို့**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/2181 Nissan AD VAY 12 S/W(4x2) [illegible] ယာဉ်လက်ဝယ်ရှိသူ ဦးညီညီ ၁၂/တမန(နိုင်)၀၄၄၇၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၉၇၀၅၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်လတ်လတ်ထွေး ၉/ရမသ(နိုင်)၀၀၆၅၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**



## သွာနုတ္တသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကြက်စားပြင်ရပ်ကွက်၊ ကျက်သရေလမ်း၊ အမှတ်(၇၁၄)နေ ဦးစံမင်း-ဒေါ်ဌေးရီ ၆/ထဝန(နိုင်)၀၃၄၁၆၂တို့၏သမီး မမီမီမင်း ၆/ထဝန(နိုင်)၀၃၄၁၆၅ သည်မိခင်နှင့်ညီအစ်ကိုမောင်နှမ အသိုင်းအဝိုင်းများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများအားပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ၎င်းအား သွာနုတ္တသမီးအဖြစ် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစံမင်း-ဒေါ်ဌေးရီ**
**အမှတ် ၇၁၄၊ ကျက်သရေလမ်း၊**
**ကြက်စားပြင်ရပ်၊ ထားဝယ်မြို့**

## ဘုတ္တာချောင်းကူးတံတား အသစ်တည်ဆောက်

**အင်းတော် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာအုပ်စု ပင်ဝယ်ကျေးရွာ ဘုတ္တာချောင်းကူးတံတားကို ဒီဇင်ဘာ ၂၆ ရက်က စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။ "ပင်ဝယ်ကျေးရွာနဲ့ သုသာန်သွားလမ်းမကြီးပေါ်မှာရှိတဲ့ ဘုတ္တာချောင်းကူးတံတားဟာ တစ်ရွာလုံးအတွက် မရှိမဖြစ်လိုအပ်နေတဲ့ တံတားပါ။ နိဗ္ဗာန်ယာဉ်တွေ၊ ထော်လာဂျီယာဉ်တွေ ဒီချောင်းရိုးကနေ အဓိက အားထားပြီး သွားလာနေရတာပါ"ဟု တံတားတည်ဆောက်ရေးတွင် လုပ်အားဒါနပေးလျှနေသူ အသက် ၈၃ နှစ်အရွယ်ရှိ ပင်ဝယ်ကျေးရွာနေ ဦးတင်မောင်(ဗန္ဓုလ)က ပြောသည်။

အရှည် ၃၂ ပေ၊ အကျယ် ၁၃ ပေရှိသော လှည်းကူး၊ ကားကူး သစ်သားတံတားဖြစ်ပြီး တံတားဖြစ်မြောက်ရေးအဖွဲ့အကျိုးတော်ဆောင် ဦးထွန်းစိန်နှင့် ဦးမောင်ဝင်းတို့ ဦးဆောင်၍ ပင်ဝယ်ကျေးရွာမှ စေတနာရှင် အလှူရှင်များ ထည့်ဝင်ငွေကျပ် သိန်း ၇၀ ခန့်ဖြင့် မတည်ကာ စေတနာလုပ်အားပေး ၅၀ ခန့်ဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။ **နီတိုး(မော်လူး)**

## မြို့နယ်လေးခုတွင် ရေပိုက်လိုင်းများ အဆင့်မြှင့်တင်မည်

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဖိလစ်ပိုင်နိုင်ငံမှ ကုမ္ပဏီတစ်ခုပူးပေါင်း၍ ရန်ကုန်မြို့တွင်းရှိ မြို့နယ်လေးခုတွင် ရေပိုက်လိုင်းများ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်းနှင့် အသစ်တပ်ဆင်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက "မကြာမီကာလအတွင်း ဖိလစ်ပိုင်အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Manila Water ကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကနဦးအနေနဲ့ တောင်ဥက္ကလာ၊ အင်းစိန်၊ မရမ်းကုန်းနဲ့ ကမာရွတ်မြို့နယ်တွေမှာ ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ မြို့နယ်လေးမြို့နယ်အတွင်းရှိ ရေပိုက်လိုင်းများ အသစ်တပ်ဆင်ခြင်းနှင့် ပင်မရေပိုက်လိုင်းများ ပြုပြင်ခြင်းများဆောင်ရွက်သွားမည်ဖြစ်ရာ လိုအပ်သည့် နည်းပညာနှင့် အခြားအကူအညီများကို ဖိလစ်ပိုင်ကုမ္ပဏီဘက်မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး လိုအပ်သည့် အလုပ်သမားများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဘက်မှ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ ရေပေးဝေမှုစနစ်သည် လက်ရှိအခြေအနေတွင် အဓိကမြို့နယ်များ၌သာ ပုံမှန်ရေပေးဝေလျက်ရှိပြီး ဆင်ခြေဖုံးမြို့နယ်အများစုမှာ မြေအောက်ရေအဝီစိတွင်းရေကိုသာ အားထားနေရဆဲဖြစ်သည်။ ယခုအခါ မြို့ပြလူဦးရေတိုးတက်လာခြင်း၊ ကန်ထရိုက်အဆောက်အအုံများ တိုးတက်လာခြင်း၊ ဟိုတယ်နှင့် အရောင်းဆိုင်များ တိုးပွားလာခြင်းတို့ကြောင့် ရန်ကုန်မြို့ရေလိုအပ်ချက်သည် ပိုမိုမြင့်မားလာလျက်ရှိသည်။ ဆင်ခြေဖုံးမြို့နယ်များ၌ ကန်ထရိုက်တိုက်များဆောက်လုပ်ရာတွင် မြေအောက်ရေအဝီစိတွင်းများကိုပါ ထည့်သွင်းတူးဖော်ပေးလေ့ရှိသည်။ **ကြံတိုင်းအောင်**

## သဘာဝစိမ့်စမ်းရေပေးဝေရေး တိုးချဲ့ဆောင်ရွက်

**မော်လူး ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ သူရောင်းကျေးရွာအုပ်စုတွင် သူရောင်းကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် သဘာဝစိမ့်ထွက်ရေဖြန့်ဝေပေးခြင်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



သူရောင်းကျေးရွာတွင် သဘာဝစိမ့်စမ်းရေရရှိရေးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကာ မေလတွင်ပြီးစီးခဲ့သည်။ သဘာဝစိမ့်စမ်းရေ သိုလှောင်ကန်မှာ အလျားပေ ၇၀၊ အနံပေ ၃၀၊ အမြင့် ၁၄ ပေ၊ ရေထု ၁၀ ပေရှိကာ ရေလှောင်ကန်မှ ကျေးရွာအထိ ပေ ၁၅၀၀၀ ခန့်အထိ လေးလက်မပိုက်နှစ်လိုင်းဖြင့်သွယ်ယူပြီး ကျေးရွာအတွင်းသို့ ဖြန့်ဝေပေးလျက်ရှိသည်။ သုံးလက်မ၊ နှစ်လက်မပိုက်များဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်ရေတိုင် ၃၃တိုင်သို့ ဖြန့်ဝေထားပြီး အိမ်ထောင်စု ၃၀၀ ကျော်အနက် ၁၆၃ စုကို ငါးမူးပိုက်များဖြင့် ပေးဝေထားပြီး ကျန်အိမ်ထောင်စုများသို့လည်း သဘာဝစိမ့်စမ်းရေ တိုးချဲ့ပေးဝေရန် အစီအစဉ်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ သူရောင်းကျေးရွာမှာ သဘာဝစိမ့်စမ်းရေရရှိဖို့ရာ မရှိမဖြစ်လိုအပ်လို့ လုပ်ခဲ့ရတာပါ။ အရင်က ရွာဘေးက ဖြတ်သန်းစီးဆင်းသွားတဲ့ လေးတန်ချောင်းက ရေကိုပဲ သောက်သုံးရေအဖြစ် သုံးစွဲခဲ့ကြတာပါ။ လွန်ခဲ့တဲ့ လေးနှစ်လောက်ကစပြီး ချောင်းရေဟာ သုံးစွဲမရအောင် နောက်ကျိလာပါတယ်။ ဒါကြောင့် သောက်သုံးရေရရှိဖို့အတွက် ချောင်းအတွင်းမှာ လက်ယက်တွင်းတွေတူးပြီး သောက်သုံးရေအခက်အခဲကို ဖြေရှင်းခဲ့ကြပါသေးတယ်။ ဒါပေမယ့် လစဉ်မိုးရွာတဲ့အချိန်တွေမှာ ခဏခဏပြန်ပြန်တူးနေရတဲ့အတွက် ရေရှည်မှာ အဆင်မပြေနိုင်လို့ စိမ့်စမ်းရေရရှိရေးကို ဆောင်ရွက်ခဲ့ရတာပါ။ ရေရရှိရေးအတွက် ကနဦးမတည်ငွေကျပ်သိန်း ၄၀၀ ရယ်၊ နိုင်ငံတော်က ချမှတ်ပေးတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ငွေကျပ် ၁၅ သိန်းနဲ့ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာပါ" ဟု သူရောင်းကျေးရွာ သဘာဝစိမ့်စမ်းရေရရှိရေး အကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးကျော်ငွေက ပြောသည်။

သူရောင်းကျေးရွာသည် လေးတန်ချောင်းဘေးတွင်တည်ရှိသော ကျေးရွာဖြစ်ပြီး လေးတန်ချောင်းဖျား ရွှေတွင်းရွှေမှော်များတွင် ရွှေတူးဖော်ခြင်းလုပ်ငန်းကြောင့် ချောင်းရေနောက်ကျိကာ သောက်သုံးရေအတွက် အခက်အခဲများရှိလာသဖြင့် ကျေးရွာနှင့် သုံးမိုင်ခန့်ကွာဝေးသော စည်ပိန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီး မြေကြီးအတွင်း စိမ့်ရေပေါက်မှရေကို ရေလှောင်ကန်တည်ဆောက်သိုလှောင်ပြီး ပိုက်များဖြင့်သွယ်ယူကာ သောက်သုံးရေဖြန့်ဝေပေးခြင်းဖြစ်သည်။ ယခင်က သောက်သုံးရေရရှိရေးအတွက် လေးတန်ချောင်းအတွင်း လက်ယက်တွင်းများပြုလုပ်ကာ သုံးစွဲခဲ့ကြကြောင်း၊ ယခုအခါ အဆိုပါ လေးတန်ချောင်းရေမှာ နွေမိုးဆောင်း တစ်နှစ်ပတ်လုံး နောက်ကျိနေသည့်အတွက် သောက်သုံးရေအခက်အခဲမှာ ရွာသူ ရွာသားများအတွက်သာမက လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွားများအတွက်ပါ အခက်အခဲရှိလာသဖြင့် သဘာဝစိမ့်စမ်းရေကိုသာ အသုံးပြုနေရကြောင်း သိရသည်။

**လ/၀၂၈**

## ကသာမြို့ ဒီဇင်ဘာနောက်ဆုံးအပတ် လူထုလမ်းလျှောက်ပွဲကျင်းပ

**ကသာ ဇန်နဝါရီ ၂**

ကသာခရိုင် ကသာမြို့တွင် ဒီဇင်ဘာ ၂၇ ရက် နံနက်က ဒီဇင်ဘာနောက်ဆုံးအပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲအဖြစ် ဧရာရွှေလီအားကစားခန်းမရှေ့မှစတင်၍ လမ်းမတော်လမ်းနှင့် ကမ်းနားလမ်းမကြီးတစ်လျှောက် ခရိုင်အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေဝင်းနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း နှစ်ထောင်ခန့် ပါဝင်လမ်းလျှောက်ခဲ့ကြကြောင်းနှင့် ပြည်သူများအား ငွေကျပ် ၃၄၀၀၀၀ တန်ဖိုး ရှိ လက်ဆောင်များကို ကံစမ်းမဲဖောက်၍ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ကျိုင်းတုံ၌ မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ကျိုင်းတုံ ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာတွင် မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က ယန်းလူးကျေးရွာအလက၌ ကျင်းပသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဦးကိုကိုသော်က မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တွဲဖက်ပြည်နယ်ဦးစီးဌာနမှူးနှင့် ကျိုင်းတုံခရိုင်ဦးစီးမှူး ဦးဆွေမြင့်တို့က ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ရာ အသက် ၁၀ နှစ်ပြည့်နိုင်ငံသား အမျိုးသား ၁၄၁ ဦး၊ အမျိုးသမီး ၁၁၉ ဦးနှင့် ၁၈ နှစ်ပြည့် နိုင်ငံသား အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၂၇၅ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းဝေက တွဲဖက်ပညာရေးဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**မောင်မောင်နိုင်(iprd)**


မအူပင် နည်းပညာသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်(၁၉၉၁-၂၀၀၆) ပညာသင်နှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏

### ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲ နှိုးဆော်စာ

မအူပင် GTI, GTC, TU ကျောင်းသား ကျောင်းသူဟောင်းများအသင်းမှ ဦးဆောင်ကျင်းပမည့် မအူပင်(GTI, GTC, TU) (၁၉၉၁-၂၀၀၆) ပညာသင်နှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(၁၉၉၁-၂၀၀၆)ပညာသင်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ/ဆရာမကြီးများအားလုံးလည်း သတ်မှတ်ချက်များအရ ကန်တော့ခံစာရင်းတွင် ထည့်သွင်းနိုင်ရေးအတွက် မိမိတို့၏ကိုယ်ရေးအချက်အလက်များအား ကိုဝင်းမော်သိန်း(ကိုမော်ကြီး) (၉၂-၉၄ EC) ဖုန်း-၀၉-၇၃၀၇၉၈၃၇သို့ ဆက်သွယ်ပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများကို အောက်ဖော်ပြပါအလှူငွေကောက်ခံရေးကိုယ်စားလှယ် ကျောင်းသား ကျောင်းသူဟောင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

**မြတ်ဆရာပူဇော်ပွဲအခမ်းအနား** **နေ့ရက်** - **၁၂-၂-၂၀၁၅ရက် ပြည်ထောင်စုနေ့(ကြာသပတေးနေ့)**

**အချိန်** - **နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီ**

**နေရာ** - **သာသနာ့ဗိမာန်၊ မအူပင်မြို့၊ ရွှေဘုန်းမြင့်ဘုရားကြီးရှေ့**

**မအူပင်မြို့သို့ စင်းလုံးငှားသဘော်ခရီးစဉ်ဖြင့် ထွက်ခွာမည်ဖြစ်ပါသည်။ အစီအစဉ်အသေးစိတ်ကို ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။**

**အလှူငွေကောက်ခံရေးကိုယ်စားလှယ်များ…ကိုဝင်း မော်သိန်း(မော်ကြီး)(၉၂-၉၄ EC) ဖုန်း-၀၉-၇၃၀၇၉၈၃၇၊ ကိုအောင်ကျော်စိန်(ကိုလတ်ကြီး) (၉၃-၉၅ EC) ဖုန်း-၀၉-၃၁၈၅၅၅၁၅၊ ကိုကြည်ဝင်းသိန်း (၉၄-၉၆ EC) ဖုန်း-၀၉-၅၀၈၃၈၄၁၊ ကိုဇော်မင်းလွင် (၉၅-၉၇ EP) ဖုန်း-၀၉-၂၅၃၁၉၅၆၈၇၊ ကိုအောင်မျိုးဦး (၉၆-၉၈ MP) ဖုန်း-၀၉-၂၅၄၂၀၄၃၃၁၊ မအေးပပ (၉၇-၉၉ EC) ဖုန်း-၀၉-၄၂၁၀၆၉၆၆၇၊ ကိုဆန်းမောင်မောင် (၉၇-၉၉ MT) ဖုန်း-၀၉-၅၀၄၂၃၄၀၊ မအေးအေးမော် (၉၈-၀၀) ဖုန်း- ၀၉-၄၂၁၀၂၂၆၈၅၊ အိဖြူ (၉၉-၀၁ MT) ဖုန်း-၀၉-၇၃၁၄၆၀၅၉၊ စုစုလွင် (၀၀-၀၂ EC) ဖုန်း-၀၉-၄၂၁၀၉၀၀၁၇၊ ဝတ်ရည်တင် (၀၁-၀၄ EC) ဖုန်း-၀၉-၅၀၁၁၁၁၀၊ စည်သူမျိုး (၀၁-၀၄ MP) ဖုန်း-၀၉-၈၇၅၇၃၉၀၄၃၊ ဖြိုးမင်းအောင် (၀၂-၀၄ MC) ဖုန်း-၀၉-၅၀၂၉၁၀၇၊ ထူးမြတ်နိုးဇင် (၀၃-၀၅ EC) ဖုန်း-၀၉-၂၅၀၁၇၈၃၆၁၊ ဝင်းမင်းအောင် (၀၂-၀၄ Bio tech) ဖုန်း-၀၉-၄၄၈၀၃၂၄၇၈**



**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ် (၁၀၆၇/က)၊ မြေကွက်တည်နေရာအမှတ် (၁၀၆၇/က)၊ ၃၃လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးငြိမ်းအောင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း(ဦးငြိမ်းအောင်)ကွယ်လွန်သဖြင့် ဒေါ်မြင့်စိန် ၁၂/ဥကတ(နိုင်)၁၁၁၂၁၁ က ပိုင်ဆိုင်ကြောင်းစာချုပ် (၆၄၄၁/၁၄) ဖြင့်ရရှိပြီး ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်နှင့်ကိုယ်တိုင်နေခံဝန်ချက်တို့တင်ပြ၍ ၄င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၅၆၆/၂၀၁၄)ဖြင့်ရရှိသူ ဦးကျော်သန်းထွန်း(ခ)စိုင်းခမ်းပန်က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကိုန်လွှာ (၃၄၀၇/၂၀၁၄)တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**Great Father Land Construction Chairman ဦးကျော်မြင့် ၎င်းကိုယ်စား**
**လက်မှတ်ရေးထိုးသူ ဦးဗိုလ်ဗိုလ်ဦး (Deputy Managing Director)နှင့်အများသိစေရန်**

Great Father Land Construction ကုမ္ပဏီမှ ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၄၉၂၄၂၊ အမှတ် (၂၂၁)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ၎င်းကိုယ်စား လက်မှတ်ရေးထိုးသူနှင့် အများသိစေရန်မှာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်(၂၄)ရှိ မြေကွက်ပေါ်တွင် နှစ်ခန်းတွဲ ၁၂ထပ်တိုက်(ဓာတ်လှေကား)အပါအဝင် အဆောက်အအုံရှိ ရှစ်ထပ်(အေနှင့်ဘီ) အခန်းနှစ်ခန်းဧရိယာ (၂၅×၆၀) ပေခန့်ရှိ ရေ၊ မီး၊ အပြည့်အစုံပါဝင်သော တိုက်ခန်းနှစ်ခန်းကို အခန်းရောင်းချသူ ဦးကျော်မြင့်မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ ရောင်းပိုင်ခွင့်ရှိသော အခန်းများဖြစ်ပြီး အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချခဲ့ရာ ကျွန်ုပ်၏အမှုသည်များမှ အရစ်ကျငွေချေစနစ်ဖြင့် စရန်ပေးဝယ်ယူခဲ့ပါသည်။ တိုက်ဆောက်လုပ်မည့်မြေနေရာကို သွားရောက်ကြည့်ရှုရာ မြေကွက်သာရှိပြီး Great Father Land Construction မှ တာဝန်ယူဆောက်လုပ်မည်ဖြစ်ကြောင်း ဆိုင်းဘုတ်ကိုသာ တွေ့ရှိရပါသည်။ စာချုပ်ချုပ်ဆိုသည့်ရက်မှစ၍ တစ်နှစ်ကျော်ကြာသည့်တိုင် အကောင်အထည်တစ်စုံတစ်ရာဖော်ဆောင်လုပ်နိုင်ခြင်းမရှိသေးသဖြင့် တိုက်ခန်းဝယ်ယူသူများအနေဖြင့် လွန်စွာမှနစ်နာနေရပါသည်။ Great Father Land Construction မှ Chairman ဦးကျော်မြင့်ဘက်မှလည်း ဤနစ်နာမှုများနှင့်ပတ်သက်၍ ကျွန်ုပ်တို့အမှုသည်များ တောင်းဆိုချက်များကို တစ်စုံတစ်ရာတာဝန်ယူဖြေရှင်းပေးခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်(၂၄)ရှိ နှစ်ခန်းတွဲ ၁၂ထပ်တိုက် အဆောက်အအုံနှင့်ပတ်သက်၍ တစ်စုံတစ်ရာ တာဝန်ယူဖြေရှင်းပေးပါရန်နှင့် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း တာဝန်ယူဖြေရှင်းပေးခြင်းမရှိပါက တရားဥပဒေနှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ အဆိုပါတိုက်ခန်းများအား တာဝန်ယူဖြေရှင်း ပေးခြင်းမပြုလုပ်မီ ကာလအတွင်း စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် (၂၄)ရှိ မြေကွက်နေရာအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရန် Great Father Land Construction ကုမ္ပဏီ Chairman ဦးကျော်မြင့် ကိုယ်စား လက်မှတ်ရေးထိုးသူနှင့် အများပြည်သူများသိစေရန် ကျွန်ုပ်အမှုသည်များ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**

| စဉ် | အမည် | မှတ်ပုံတင် | အခန်းနံပါတ် |
|---|---|---|---|
| ၁။ | ဒေါ်မြမြခိုင် | ၁၂/စခန(နိုင်)၀၂၀၃၀၂ | (ဓာတ်လှေကားပါ) ၁၂ထပ်တိုက် အဆောက်အအုံ၏ရှစ်ထပ်(ဘီ) ဘက်ခြမ်း(၁)ခန်း (၂၅×၆၀)ပေခန့် အမှတ် (၂၄)မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ် |
| ၂။ | ဒေါ်မေရီယုံ | ၁၃/လရန(နိုင်)၀၃၀၇၅၃ | (ဓာတ်လှေကားပါ) ၁၂ထပ်တိုက်အဆောက်အအုံ၏ ၈ထပ်(အေ) ဘက်ခြမ်း၊ (၁)ခန်း (၂၅×၆၀)ပေခန့် အမှတ်(၂၄)၊မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ် |

**လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) **LL.B**
တရားလွှတ်တော်ရှေ့နေ (၃၁၄၈/၈၅)၊ **Japan Tokyo 4 years, Legal Consultant**
အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း-၀၉-၄၂၀၇၂၆၉၉၉၊ ၀၉-၄၂၀၇၁၀၈၈၈၊ ၀၉-၄၂၀၇၃၀၃၁၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ချင်းတွင်းမြစ်ကမ်းဘေးကျေးရွာများတွင် ကူးသန်းသွားလာရေးအတွက် အင်ဂျင်တပ်လှေငယ်များ အသုံးပြုသူများလာ

**ကလေးဝ ဇန်နဝါရီ ၂**

ချင်းတွင်းမြစ်ကမ်းဘေးမြို့များဖြစ်သော ကနီ၊ မင်းကင်း၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်းမြို့များရှိ မြစ်ကမ်းဘေးကျေးရွာများအနေဖြင့် တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာရာတွင် ဟွန်ဒါအင်ဂျင်တပ်လှေငယ်များကို အသုံးပြုသွားလာမှု များပြားလာကြောင်း သိရသည်။

"ချင်းတွင်းမြစ်ကမ်းဘေးမှာတော့ လှေငယ်တွေက ကုန်းပေါ်ကဆိုင်ကယ်လိုပဲ၊ အသုံးပြုသူတွေများလာတယ်။ ကိုယ်တိုင်ထွင်လိုက်ကြတာပါ။ ဒါမျိုးက ရေကြောင်းမှာတော့ သွားဖို့အဆင်ပြေတယ်။ ကုန်ကျစရိတ်လည်း သက်သာတယ်။ အချိန်ကုန်လည်း သက်သာတယ်"ဟု ကလေးဝမြို့ ကိုင်းကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

ကလေးဝမြို့မှ ဒေသခံဦးမျိုးကျော်ကလည်း "ချင်းတွင်းမြစ်ကမ်းဘေးဟာ ကုန်းလမ်းကနေသွားဖို့ ဆိုင်ကယ်လမ်းမရှိ၊ ကားလမ်းမရှိဆိုတော့ ရေလမ်းကနေပဲ လှေတွေနဲ့ သွားလာမှုကို အားကိုးနေရပါတယ်။ တစ်ရွာနဲ့တစ်ရွာ တစ်မိုင်လောက်ပဲဝေးဝေး မော်တော်နဲ့သွားမယ်ဆိုတစ်ညတော့အိပ်ရပါတယ်။ ဒါကြောင့် နောက်ပိုင်း ကျေးရွာတွေမှာ ကိုယ်ပိုင်ဟွန်ဒါအင်ဂျင်လေးတွေကို လှေပေါ်မှာ တပ်ပြီး တစ်ရွာနဲ့ တစ်ရွာသွားလာဖို့ အသုံးပြုလာကြတယ်" ဟုပြောသည်။ ထိုသို့ အင်ဂျင်တပ်လှေငယ်လေးများကို စတင်အသုံးပြုလာကြသည်မှာ တစ်နှစ်ကျော်၊ နှစ်နှစ်ခန့်သာ ရှိသေးသော်လည်း သွားလာရေးအဆင်ပြေမှုနှင့် ကုန်ကျစရိတ်သက်သာမှုကြောင့် အချိန်တိုအတွင်း အသုံးများလာကြခြင်းဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း**



ကလေးဝမြို့မှ အင်ဂျင်တပ်လှေငယ်တစ်စင်းနှင့် ဒေသခံခရီးသည်အချို့။

# လွတ်လပ်ရေးနေ့ဂုဏ်ပြု သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်တွင် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် နှင်းဆီလမ်းရှိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ အလုံမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမကြီးနှင့် သူနာပြုသားဖွားဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲဝင် မိခင်နှင့်ကလေးများ တက်ရောက်ကြပြီး ပြိုင်ပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်လှလှကြည်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်လှလှမျိုးက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ဆုရရှိသူများကို ဆုချီးမြှင့်ရာ ခြောက်လမှ တစ်နှစ်အထိ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်ကလည်းကောင်း၊ တစ်နှစ်မှ တစ်နှစ်ခွဲအထိ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို ဆင်မင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်၊ တစ်နှစ်ခွဲမှ နှစ်နှစ်ခွဲအထိ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို စောရန်ပိုင်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်၊ နှစ်နှစ်မှ နှစ်နှစ်ခွဲ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို သစ်တောရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးနှင့် အမွှာဆုရရှိသူများကို စောရန်ပိုင်မြောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ရွှေတို့က ဆုများချီးမြှင့်ကာ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများကိုလည်း မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# လွတ်လပ်ရေးနေ့ ဦးတည်ချက်များ ဟောပြော

**စဉ့်ကူး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာအုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ရှောက်ပင်ရိုးကျေးရွာအုပ်စု ပျင်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ၌ လွတ်လပ်ရေးနေ့ ဦးတည်ချက်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်နုက (၆၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့ဦးတည်ချက်များနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းဟောပြောပြီး ကျောင်းသား ကျောင်းသူများကို စာအုပ်စာစောင်များ ဖတ်ရှုလေ့လာစေခဲ့ကာ လစဉ်ထုတ်စာပေရေချမ်းစင်နှင့် ရွှေသွေးစာစောင်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်သူ(စဉ့်ကူး)**



# သားဖွားဒီပလိုမာဘွဲ့နှင်းသဘင် ပြည်မြို့၌ ကျင်းပ

**ပြည် ဇန်နဝါရီ ၂**

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ပြည်မြို့ ပထမအကြိမ်မြောက် သားဖွားဒီပလိုမာအပ်နှင်းသည့် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်က ပြည်မြို့ ဗိုလ်ချုပ်လမ်း မူယာပင်ရပ် သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သူနာပြုသားဖွားသင်တန်းကျောင်း၏ စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင်များ၊ သင်ကြားရေးနည်းပြ၊ ဒုတိယနည်းပြ ဆရာဆရာမများ၊ ဘွဲ့ရဆရာမများ၊ ဝန်ထမ်းများ၊ သင်တန်းသူများ၏ မိဘများနှင့် ပြန်ကြားရေးသတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ သူနာပြုသားဖွားသင်တန်းကျောင်း၏ ကျောင်းအုပ်ဒေါ်ခင်မို့မို့ဦးက သားဖွားဒီပလိုမာဘွဲ့ ဆရာမ ၅၄ ဦးတို့ကို သူနာပြုသားဖွားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး သားဖွားဒီပလိုမာဘွဲ့လက်မှတ်များကို တစ်ဦးချင်း ချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးဦးကျော်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် သူနာပြုသားဖွားသင်တန်းကျောင်း၏ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ပြည်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာတင့်ရွှန်း၊ သူနာပြုသားဖွားသင်တန်းကျောင်း၏ ကျောင်းအုပ်ဒေါ်ခင်မို့မို့ဦးတို့က ဩဝါဒစကားများ ပြောကြားခဲ့ကြသည်။

**(၁၀၅)**

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)**

- သင်ဖတ်နေသော သတင်းများသည် မှားယွင်းသော ဖော်ပြချက်တွေလား?
- သင်ဖတ်နေသော သတင်းများသည် မခိုင်မာသော ကိုးကားချက်တွေ ထည့်သွင်းထားသလား?
- မီဒီယာမှာ ဖော်ပြမှုကြောင့် သင်၏သိက္ခာထိခိုက်နေပါသလား ?

စာဖတ်သူများက နစ်နာမှုနှင့် မကျေနပ်မှုတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာသတင်းဌာန (သို့မဟုတ်) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)**
**အမှတ်(၉၀၂)၊ ကိုးလွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၈၀၂၆၃၂၆**
**အီးမေးလ် mmpresscouncil @ gmail.com**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၉၆**

ဦးတင့်နိုင်ဦး **နှင့်** ဦးမောင်ဦး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ (၆၆×၆၇)ကြား၊ ၄၁လမ်း၊ အမှတ် (ခ-၂/၅၉)နေ ဦးမောင်ဦး (ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကျပ်သိန်း ၃၅၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၆ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အိမ်အမှတ် (ရ/၁၈)နေ ဒေါ်ကော်ကြူလန် ၁၃/လလန(နိုင်)၀၅၂၆၇၁ မှအများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်မ၏ခင်ပွန်း ဦးစိုင်းဘခိုင် ၁၃/တယန(နိုင်)၀၃၈၇၄၅ မှာ ကျွန်မအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူပြီး ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ဦးစိုင်းဘခိုင်မှာ ကျွန်မတို့ မိသားစုနှင့်လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် နောက်နောင်တွင်လည်း ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များအားလုံး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဒေါ်ကော်ကြူလန်**
**၁၃/လလန(နိုင်)၀၅၂၆၇၁**

## အမြန်ရောင်းမည်

နဝဒေးအိမ်ရာအရှေ့(စီးပွားရေးလုပ်ငန်းမြေကွက်) ရန်ကုန်ပုသိမ်လမ်းမအနီး၊
လှိုင်သာယာ ပေ ၇၅×ပေ ၁၀၀ (ထောင့်ကွက်) ဂရန်(ညှိနှိုင်း)
လက်ရှိတစ်လ ၃၅ သိန်း ဝင်ငွေရှိ၊ လုပ်ငန်းပါဝင်ပါသည်။
(အကျိုးဆောင်များ ဆက်သွယ်နိုင်ပါသည်။)
**ဆက်သွယ်ရန် ဖုန်း-၀၉-၈၆၃၄၅၁၀၊ ၀၉-၅၁၄၉၄၅၂**

## အိမ်ငှားမည်

လုံးချင်းနှစ်ထပ်တိုက်သစ်၊ ၁၆၀၀ စတုရန်းပေ၊ အိပ်ခန်း(၃)ခန်း၊ ရေချိုးခန်း၊ ဘိုထိုင်အိမ်သာ အပေါ်/အောက်၊ A/C-၃၊ ရှေ့ကား ၂စီးဆံ့၊ ဆိတ်ငြိမ်ရပ်ကွက်၊ အမှတ်(၁၀)၊ ဒေါ်လှပန်းလမ်း၊ ခဝဲခြံ၊ (၂)ရပ်ကွက်၊ မရမ်းကုန်း။

**ဦးဝင်းအောင်**
**ဖုန်း-၀၁-၆၄၆၂၈၉၊ ၀၉-၄၃၀၄၁၆၁၆**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၂)ရပ်ကွက်၊ မြခင်းသာပတ်လမ်း၊ အမှတ်(၁၃၉၄)ဟု ခေါ်တွင်သော ပေ(၄၀×၆၀) အကျယ်ရှိတရားဝင်မခွဲစိတ်ရသေးသော မြေကွက်မှ (ခေါင်းရမ်းခြမ်း) ၁၀ပေ×ပေ၆၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် စွဲကပ်တည်ရှိသော မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်စာတမ်းအဆက်ဆက်ဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုရောင်းချသူ ဦးကျော်စွာမြင့် ၁၂/ကမတ(နိုင်)၀၄၈၀၉၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ တစ်ပါတည်းယူဆောင်လာပြီး ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်၏ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ကန့်ကွက်သူမရှိပါလျှင် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည့်ငြိမ်းအောင် L.L.B အထက်တန်းရှေ့နေ(စဉ်-၃၀၁၅၅)**
**အမှတ်(၁၁၈)၊ ငါးလွှာ၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
### ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တွင် ပင်မစာသင်ဆောင်၏ ပေါ်တီကို မျက်နှာကြက် ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၁-၂၀၁၅ ရက်

**တင်ဒါပိတ်မည့်ရက်** - ၉-၁-၂၀၁၅ ရက်

အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

### လေလံတင်ဒါကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပင်မအလုပ်ရုံ(တောင်) ရွာမ-အင်းစိန်တွင် အသုံးပြုပြီးသော တာယာဟောင်းဆိုဒ်စုံ (၁၂၈၈) လုံးနှင့် ဘက်ထရီဟောင်း အရွယ်စုံ ၃၄၁လုံးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်။

**တင်ဒါပုံစံရောင်းမည့်ရက်** - ၇-၁-၂၀၁၅ရက်မှ ၂၀-၁-၂၀၁၅ရက်အထိ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၃-၁-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀နာရီ

**တင်ဒါပုံစံရောင်းချမည့်နေရာ** - ပင်မအလုပ်ရုံ(တောင်)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မင်းကြီးလမ်း၊ ရွာမအရှေ့၊ အင်းစိန်မြို့။

**ဆက်သွယ်ရန်ဖုန်း** - ၀၁-၆၄၀၁၂၃

**လေလံတင်ရောင်းချရေးကော်မတီ**

### အထက နတ်စင်ကုန်း(တောင်ငူ) ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲဖိတ်ကြားလွှာ

တောင်ငူမြို့နယ်၊ နတ်စင်ကုန်း အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၈) ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၁၁-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျောင်းသား ကျောင်းသူဟောင်းများ စုံညီစွာ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းကြပါရန်။

ဆရာမ ဒေါ်သန်းသန်းမြင့် အထက ကေတုမတီ(ငြိမ်း) ဖုန်း-၀၉-၄၃၀၁၈၁၉၈၊ ဆရာဦးမောင်မောင်သန်း အထက နတ်စင်ကုန်း ဖုန်း-၀၉-၄၂၈၁၁၆၂၆၊ ကိုကျော်ကျော်လွင် စဖို့စင်ဒီကိတ်၊ တောင်ငူ ဖုန်း-၀၉-၅၃၅၀၂၅၂၊ ကိုဟန်ဝင်းအောင် (အင်ဒိုင်း) ဖုန်း-၀၉-၅၁၉၃၀၄၄၊ ကိုကျော်မျိုးလင်း (ရန်ကုန်) ဖုန်း-၀၉-၇၃၀၂၀၄၃၅၊ ကိုတင်မျိုးအောင် (ရန်ကုန်) ဖုန်း-၀၉- ၅၀၆၂၇၇၅နှင့် ကိုကျော်ဇေယျ(နေပြည်တော်) ဖုန်း-၀၉-၄၉၂၅၉၆၁၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်ဦးဇော်ထွန်းမြင့်၏ Passport No.812170 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါ။

**ဖုန်း-၀၉-၂၅၀၀၅၅၁၈၇**

### ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(က) **အစမ်းလေ့ကျင့်ခြင်း** ၂၇-၂-၂၀၁၅ရက်(သောကြာနေ့) နံနက် ၉း၀၀နာရီ

(ခ) **ဘွဲ့နှင်းသဘင်အခမ်းအနား** ၂၈-၂-၂၀၁၅ရက်(စနေနေ့) နံနက် ၉း၀၀နာရီ

၂။ အဆိုပါဘွဲ့နှင်းသဘင်သို့ ၂၀၁၄ခုနှစ် ဇွန်လနှင့်ဒီဇင်ဘာလများတွင်ကျင်းပစစ်ဆေးခဲ့သည့် ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့ရနှင့် ၂၀၁၄ခုနှစ် အောက်တိုဘာလနှင့်ဒီဇင်ဘာလများတွင် ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ်ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-ကို သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အမျိုးသားများသည်လည်ကတုံးရုပ်နှင့် တိုက်ပုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံ(ပြည့်) အမျိုးသမီးများသည် ရင်ဖုံးလက်ရှည်အင်္ကျီ(ပြောင်)နှင့်နောက်ဆုံး သုံးလအတွင်းရိုက်ကူးထားသော (၁½"×၂")အရွယ် ကာလာဓာတ်ပုံသုံးပုံ ပူးတွဲ၍ ၂၃-၁-၂၀၁၅ ရက်နောက်ဆုံးထား၍ လျှောက်ထားရမည်။၎င်းရက်ထက်နောက်ကျသော လျှောက်လွှာများကို လုံးဝလက်ခံမည်မဟုတ်ပါ။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်း ကို မပျက်မကွက်တက်ရောက်ရမည်ဖြစ်ပြီး ပျက်ကွက်ပါက ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ခွင့်ရမည်မဟုတ်ပါ။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ(သို့) တိုင်းရင်းသားဝတ်စုံ(သို့)အနောက်တိုင်းဝတ်စုံကို ယဉ်ကျေးမှုနှင့်လျော်ညီစွာ အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်-ဖုန်း ၆၄၅၇၅၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကြံ့ကြံ့ရီ**
**မော်ကွန်းထိန်း**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်**
**ရန်ကုန်**

### မွေးနေ့ဆုတောင်း

ဖေဖေ မေမေချစ်သောသားလေး **မောင်စောရန်နိုင် 2nd MB, ဆေးတက္ကသိုလ်** ၏ ဇန်နဝါရီ ၃ရက်တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ပါစေ၊ ထူးချွန်ထက်မြက်သောသားလိမ္မာလေးဖြစ်ပါစေဟု ဆုတောင်းလျက်

**ဖေကြီး** - **ဦးမြနိုင် President Tyoko Garden IMC Co; Newyork U.S.A**

**မာမီ** - **ဒေါ်ဝါဝါငွေး**

**မမ** - **ဒေါက်တာစောယုနှင်း(ဗဟိုအမျိုးသမီးဆေးရုံ)**

**ညီမလေး** - **ချမ်းမြေ့နဒီ (Grade -3) ဒဂုံ(၁)**

### အထက (၁) ပုဇွန်တောင်ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲဖိတ်ကြားလွှာ

အထက (၁) ပုဇွန်တောင်ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုအောင်မြင်ကြသော ကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဒေါ်ကျင်ရီလေး | ဖုန်း-၀၁-၂၉၈၈၁၆ | ဦးအောင်နိုင် | ဖုန်း-၀၉-၇၃၀၅၇၁၇၇ |
| ဒေါ်ခင်စန်း | ဖုန်း-၀၁-၅၄၃၁၆၃ | ဒေါ်မြမြချို | ဖုန်း-၀၉-၂၅၀၀၁၁၉၃၈ |
| ဦးဝင်းမောင် | ဖုန်း-၀၉-၅၁၇၄၅၂၁ | ဒေါ်ထားထားမြင့် | ဖုန်း-၀၉-၃၁၆၂၅၆၆၁ |
| ဒေါ်လှစိုးကြည် | ဖုန်း-၀၉-၄၂၀၀၀၅၂၂၇ | ဒေါ်ဝင်းဝင်းမော် | ဖုန်း-၀၉-၇၃၀၈၄၅၃၈ |
| ဦးတင်ထွန်းအောင် | ဖုန်း-၀၉-၄၃၀၈၈၂၆၄ | | |

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

Myanmar National Airlines
104 Kanna Road
Kyauktada Township
Yangon, Myanmar
Ph: +951 378603
Fax: +951 371120
www.flymna.com

myanmar national airlines

# Job opportunity for airlines

Myanma Airways (Myanmar National Airlines-MNA) has now been launched and is stretching its wings into international markets in 2015. We have implemented our new sales, reservations and airport system and we are now looking for hard working and experienced people to join our Commercial team based in our new Travel Centre in Yangon.

**Reporting to Chief Commercial Officer**
* Head of Sales - (1) Post
* Head of Marketing - (1) Post
* Head of Revenue Management - (1) Post
* Head of Customer Experience - (1) Post

**Reporting to Head of Sales**
* Myanmar Sales Executive - (1) Post
* International Sales Executive - (1) Post
* Reservations Executive - (1) Post

**Reporting to Head of Marketing**
* Brand Executive - (1) Post
* Marketing Communcations Executive - (1) Post
* Online Marketing Executive - (1) Post
* Loyalty Executive - (1) Post

**Reporting to Head of Revenue Management**
* Pricing Executive - (1) Post
* Revenue Executive - (1) Post
* Systems Executive - (1) Post

**Reporting to Head of Customer Experience**
* Catering Manager - (1) Post
* Customer Experience Manager - (1) Post

**All candidates must have the following mandatory qualifications**
* Fluent in Myanmar language and English, written and spoken
* At least two years international airline experience in similar roles
* Fully skilled in Microsoft Office applications
* Appropriate qualifications for each job role

If you are an enthusiastic committed person and want to up grade your career then please send your CV and covering letter in English along with passport size photography to **managementoff@myanmaairways.aero,management@myanmaairways. aero** and **careers@mna.com** before 12th January 2015. You should clearly mention which job role you are interested in. For further information about Myanmar National Airlines please look online at **www.flymna.com**

### အမည်ပြောင်း

မကွေးမြို့နယ်၊ အင်းဦးကျေးရွာ အမကလွန်ကျောင်းစတုတ္ထတန်းမှဦးတင်မျိုးလတ်၏သမီး မသင်းဇာခြည်မျိုးအား မစုဟန်နီ(ခ) မသန့်ဖြူစင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသန့်ဖြူစင်**

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၃)၊ အဋ္ဌမတန်း(ခ)မှ စိုင်းလောဝ်လှိုင်း၏ ဖခင်အမည်မှန်မှာ ဦးတင်လေးအောင် LGE-၀၀၀၆၃၆ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ဦးမြင့်ဇော် ၁၃/လရန(နိုင်)၀၀၀၆၆၆ ၏သမီး လားရှိုးမြို့ အလက(၅)၊ ထခွဲ(၅)၊ နဝမတန်း(A)မှ မယွန်းမီမီဇော်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၀-၂၀၀၀ ဖြစ်ပါကြောင်း။ **မယွန်းမီမီဇော်**

### အများသိစေရန်ကြော်ငြာချက်

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ် (၁၉၈၄)၊ မြေကွက်တည်နေရာအမှတ်(၁၉၈၄)၊(၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်တင်အေး အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဒေါ်တင်အေး ၁၂/သဃက(နိုင်) ၀၈၆၆၂၉ ကိုယ်တိုင်မှ ပါမစ်မူရင်း ပျောက်ဆုံးကြောင်းတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) ထုတ်ပေးပြီးဖြစ်၍ ဒေါ်တင်အေး အမည်ပေါက်ပါမစ်မူရင်းအား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်ရှိမြတ်ရတနာအိမ်ရာ စီမံကိန်းအတွင်း မြေကွက်အမှတ်(၂၂၁) အကျယ်အဝန်း (ပေ၄၀×၆၇ပေ)ကို အမည်ပေါက် ဒေါ်သန်းသန်းနွယ် CJ-၀၀၉၄၉၀ ထံမှ ဒေါ်ကျင်စိန်၁၂/အလန(နိုင်) ၀၃၄၇၁၄ ကလည်းကောင်း၊ဒေါ်ကျင်စိန်ထံမှ ဦးကျော်စိုး ၇/ပခန(နိုင်)၀၁၀၃၈၇ကလည်းကောင်း စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ပြန်လည်ဝယ်ယူခဲ့ကြပြီး နောက်ဆုံးဝယ်ယူထားသူ ဦးကျော်စိုးက ၎င်း၏အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ပညာရှင်အဆင့်(၄)ရာထူးအတွက် ရာထူးတိုး စာမေးပွဲဖြေဆိုရန် လျှောက်လွှာခေါ်ယူခြင်း

ပညာရှင်အဆင့်(၄)ရာထူးများဖြစ်သော အလယ်တန်းကျောင်းအုပ်ရာထူးအတွက် အထက်တန်းပြ/အထက်တန်းပြ(ကာယ)/ပညာရေးကောလိပ်နည်းပြရာထူးမှလည်းကောင်း၊ ဦးစီးအရာရှိရာထူးအတွက် ဒုတိယဦးစီးမှူး/ဒုတိယစီမံကိန်းမှူး/လက်ထောက်ကြီးကြပ်/ ဒုတိယဦးစီးမှူး(ကာယ)ရာထူးမှလည်းကောင်း၊ ဒုတိယမြို့နယ်ပညာရေးမှူးရာထူးအတွက် လက်ထောက်မြို့နယ်ပညာရေးမှူးရာထူးမှလည်းကောင်း၊ ဦးစီးအရာရှိ (ကွန်ပျူတာ)ရာထူး အတွက် ကွန်ပျူတာစီစဉ်ရေးမှူး/ ကွန်ပျူတာလုပ်ဆောင်ရေးမှူး/လက်ထောက်ကြီးကြပ် (ICT) ရာထူးမှလည်းကောင်း ရာထူးတိုး စာမေးပွဲဖြေဆိုရန်အတွက် အောက်ဖော်ပြပါ အချက်အလက်များနှင့် ကိုက်ညီသောသူများသည် ဦးစီးဌာနအလိုက် လျှောက်ထားကြရန် ဖြစ်ပါသည်-

(က) အလယ်တန်းကျောင်းအုပ်ရာထူးတိုးအတွက် အထက်တန်းပြ/ အထက်တန်းပြ(ကာယ)/ပညာရေးကောလိပ်နည်းပြ(အထက်တန်းပြလုပ်သက်အပါအဝင်) လုပ်သက်(၃)နှစ် ပြည့်ပြီးသူများ။

(ခ) ဦးစီးအရာရှိ ရာထူးတိုးအတွက် ဒုတိယဦးစီးမှူး/ဒုတိယဦးစီးမှူး(ကာယ)/ဒုတိယစီမံကိန်းမှူး/လက်ထောက်ကြီးကြပ်ရေးမှူး (အထက်တန်းပြလုပ်သက်အပါအဝင်) လုပ်သက်(၃)နှစ် ပြည့်ပြီးသူများ။

(ဂ) ဒုတိယမြို့နယ်ပညာရေးမှူးရာထူးတိုးအတွက် လက်ထောက်မြို့နယ်ပညာရေးမှူး(အထက်တန်းပြလုပ်သက်အပါအဝင်)လုပ်သက်(၃)နှစ် ပြည့်ပြီးသူများ။

(ဃ) ဦးစီးအရာရှိ(ကွန်ပျူတာ)ရာထူးတိုးအတွက်ကွန်ပျူတာစီစဉ်ရေးမှူး/ ကွန်ပျူတာလုပ်ဆောင်ရေးမှူး/လက်ထောက်ကြီးကြပ်(ICT) (လက်ရှိရာထူးနှင့်လစာနှုန်းတူလုပ်သက်အပါအဝင်)လုပ်သက်(၃)နှစ်ပြည့်ပြီးသူများ။

(င) လုပ်သက်တွက်ချက်ရာတွင် ၃၁-၁၂-၂၀၁၄ ရက်စွဲဖြင့် သတ်မှတ်မည်။

(စ) လျှောက်လွှာများကို ၃-၁-၂၀၁၅ ရက်မှစ၍ သက်ဆိုင်ရာရုံး/ကျောင်းများတွင် အခမဲ့ရယူပြီး ၂၃-၁-၂၀၁၅ရက်နောက်ဆုံးထား လျှောက်ထားရန်ဖြစ်ပါသည်။

(ဆ) ၇-၂-၂၀၁၅ ရက်တွင် သက်ဆိုင်ရာဦးစီးဌာနအလိုက် ရေးဖြေစာမေးပွဲ ကျင်းပသွားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမည့်ရက်အား ဦးစီးဌာနအလိုက် သီးခြားထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(ဇ) အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(၁) အမှတ်(၁) အခြေခံပညာဦးစီးဌာန ဖုန်း-၀၁-၅၄၈၉၈၃၊ ၀၉-၈၃၀၁၉၂၃

(၂) အမှတ်(၂) အခြေခံပညာဦးစီးဌာန ဖုန်း-၀၂-၆၆၄၀၃

(၃) အမှတ်(၃) အခြေခံပညာဦးစီးဌာန ဖုန်း-၀၁-၂၁၂၉၇၄

**အမှတ်(၁)၊ (၂)၊ (၃) အခြေခံပညာဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ ရွှေစပါယ်အိမ်ရာ၊ မြေကွက်အမှတ်(၅)၊ ဧရိယာ ၀ ဒသမ ၀၄၇ ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးအားဆန်ဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အား အရောင်းအဝယ်စာချုပ် (၈၈၆၂/၂၀၁၄)တင်ပြ၍ ဦးကြည်ဝင်း ၁၂/ပဇတ(နိုင်)၀၁၅၇၃၄ အမည်သို့ပြောင်းလဲခွင့်ပြုပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်ရှိ မြတ်ရတနာအိမ်ရာ စီမံကိန်းအတွင်း မြေကွက်အမှတ်(၂၂၂) အကျယ်အဝန်း (၃၉ပေ ၆လက်မ×၆၇ပေ)ကို အမည်ပေါက် ဒေါ်သန်းသန်းနွယ် CJ-၀၀၉၄၉၀ထံမှ ဦးအောင်မျိုးထွန်း ၁၂/လမန(နိုင်)၀၀၁၉၉၉ကလည်းကောင်း၊ ဦးအောင်မျိုးထွန်းထံမှ ဒေါ်ခင်မာလာဝင်း ၁၂/မဂတ(နိုင်)၀၀၃၃၇၁ကလည်းကောင်း စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် ပြန်လည်ဝယ်ယူခဲ့ကြပြီး နောက်ဆုံးဝယ်ယူထားသူ ဒေါ်ခင်မာလာဝင်းက ၎င်း၏အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာ ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုး ရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြ ကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးထုလုပ်ပူဇော်မည့် စကျင်ကျောက်တော်ကြီး သီးကုန်း ၂၈၅ မိုင်တွင် တစ်ညတာရပ်နား

**မိတ္ထီလာ ဇန်နဝါရီ ၂**

နေပြည်တော် ဖိုးဇောင်းတောင် အောင်မောင်ဦးတောင်ညွန့်၌ တည်ထားကိုးကွယ်မည့် မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး ထုလုပ်ပူဇော်မည့် စကျင်ကျောက်တော်ကြီးကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်း စကားအင်း လမ်းအသုံးပြုခကောက်ခံရေး စခန်းအနီးမှ ဆက်လက်ပင့်ဆောင်လာရာ နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် မိတ္ထီလာမြို့ သီးကုန်း ၂၈၅ မိုင် ယာဉ်ရပ်နားစခန်းအနီးသို့ ရောက်ရှိကာ ယင်းနေရာ၌ တစ်ညတာ ကိန်းဝပ်ကြောင်း သိရသည်။ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး ထုလုပ်ပူဇော်မည့် စကျင်ကျောက်တော်ကြီးအား မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခရိုင်သာသနာရေးမှူး ဦးဝင်းဇော်ညွန့်နှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြိုဆိုပူဇော်ကြသည်။

ယင်းနောက် ဓမ္မစကြာတရားတော်များနှင့် မဟာပဋ္ဌာန်းကျမ်းမြတ် တရားတော်များကို ခရိုင်မြို့နယ် ဓမ္မစကြာဝတ်အသင်းများနှင့် သီးကုန်း၊ မွေ၊ မြင်းကန်၊ မုန်တိုင်၊ အောင်ဆန်း၊ ဈေးအရှေ့ပြင်၊ မြို့မ စသည့်ကျေးရွာ၊ ရပ်ကွက်၊ ဌာနဆိုင်ရာ ဓမ္မစကြာဝတ်အသင်းများက နေ့ညရွတ်ဖတ်ပူဇော်ကြသည်။ ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်၌ မော်တော်ယာဉ်ဖြင့် ခရီးဖြတ်သန်းသွားလာသူများကလည်း မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး ထုလုပ်ပူဇော်မည့် စကျင်ကျောက်တော်ကြီးအား လက်အုပ်ချီပူဇော်ကန်တော့၍ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး ထုလုပ်ပူဇော်မည့် စကျင်ကျောက်တော်ကြီးကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် မိတ္ထီလာသီးကုန်း ၂၈၅ မိုင် ယာဉ်ရပ်နားစခန်းအနီးမှ နေပြည်တော်သို့ ဆက်လက်ပင့်ဆောင်မည်ဖြစ်ကြောင်း သိရသည်။




သတင်းနှင့်ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)

မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး ထုလုပ်ပူဇော်မည့် စကျင်ကျောက်တော်ကြီး မိတ္ထီလာ သီးကုန်း ၂၈၅ မိုင်သို့ရောက်ရှိလာသည်ကို တွေ့ရစဉ်။

## ယနေ့ မာတိကာ


နိုင်ငံပေါင်းစုံကျွမ်းကျင်သူများအဖွဲ့ အဲအေးရှားလေယာဉ် ပျံသန်းမှု မှတ်တမ်းကိရိယာကို ဆက်လက်ရှာဖွေ စာ ၄

ရှမ်းပြည်နယ်အတွင်း၌ ငြိမ်းချမ်းစွာ စုပေါင်း ဆန္ဒထုတ်ဖော် စာ ၁၀

ကနီမြို့နယ် ကင်းကျေးရွာတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ မကြာမီဖွင့်လှစ်တော့မည် စာ ၁၃

ချယ်လ်ဆီးရှုံးပွဲကြုံ၍ မန်စီးတီးနှင့်အတူ အမှတ်တူဦးဆောင် စာ ၁၄


## ရန်ကုန်အဝေးသင်တက္ကသိုလ် www.yude.edu.mm ဝက်ဘ်ဆိုက်ထုတ်လွှင့်

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန် အဝေးသင်တက္ကသိုလ်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အဝေးသင်တက္ကသိုလ်များ၏ သင်ခန်းစာပို့ချချက်များကို Internet Protocol Television System (IPTV) ဖြင့် ၂၄ နာရီ ဝက်ဘ်ဆိုက်ထုတ်လွှင့်လျက်ရှိသည်။

ကျောင်းသား ကျောင်းသူများသည် မိမိကိုယ်ပိုင် Electronic Devices (Phone, Tablet, ipad, Laptop ) တို့ဖြင့် www. yude. edu. mm ဝက်ဘ်ဆိုက်ကိုဝင်၍ မိမိတို့နှင့်သက်ဆိုင်သော ဘာသာရပ်များကို သင်ယူလေ့လာနိုင်သည်။ အထူးပြုဘာသာသုံးခု၏ သင်ခန်းစာအသစ်များကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ထုတ်လွှင့်ပြီး ညနေ ၅ နာရီမှ နံနက် ၁ နာရီအထိနှင့် နံနက် ၁ နာရီမှ နံနက် ၉ နာရီ အထိ တို့တွင် ပြန်လည်ထုတ်လွှင့်သွားမည်ဖြစ်သည်ဟု သိရသည်။

ထို့အပြင် ပညာသင်ဆု လျှောက်ထားခြင်း၊ စာမေးပွဲအချိန်စာရင်း၊ အောင်စာရင်း၊ ဘွဲ့နှင်းသဘင်၊ သင်တန်းများကိုလည်း အဆိုပါ ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

"အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေက ဆရာ ဆရာမတွေ တိုက်ရိုက်သင်ကြားမှုကို အလွန်လိုချင်ကြတယ်။ တိုက်ရိုက်သင်ကြားမှုရရှိနိုင်ဖို့အတွက် ၂၄ နာရီ သင်ခန်းစာပို့ချချက်တွေကို လွှင့်ထုတ်နေပါပြီ။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

## ၂၀၁၅ ခုနှစ် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားများကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံတို့မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်တွင် နေပြည်တော်ရှိ ဗိုလ်ရှုခံမဏ္ဍပ်ရှေ့ ဥပစာ၌ ကျင်းပမည်ဖြစ်သည်။

လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော်အလံတင်အခမ်းအနားနှင့်အတူ နှစ်ပေါင်း (၅၀)ကြာ တိမ်မြုပ်နေသည့် မြန်မာနိုင်ငံ၏ ကောင်းမြတ်သောအစဉ်အလာတစ်ခုကို ပြန်လည်ဖော်ထုတ်ပြသသည့် အနေဖြင့် လွတ်လပ်ရေးနေ့ဗိုလ်ရှုခံအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၅ နာရီခွဲမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ(ရေဒီယို)တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လေဖိအားနည်းရပ်ဝန်း အားပျော့

**နေပြည်တော် ဇန်နဝါရီ ၂**

ယနေ့မြန်မာစံတော်ချိန် ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်သည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| ပူတာအိုမြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၆ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၇ | ဒီဂရီစင်တီဂရိတ် |







R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများ ဖြစ်ရမည်-

(၁) **ဝိဇ္ဇာဘွဲ့များ** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ စီးပွားရေး၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့်သုတပညာ၊ သတင်းအတတ်ပညာ၊ လုပ်ငန်းသုံးအင်္ဂလိပ်စာ)။

(၂) **သိပ္ပံဘွဲ့များ** (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဇီဝဗေဒ၊ စာရင်းအင်းပညာ၊ ကုန်ထုတ်ဓာတုဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ မိုးလေဝသ၊ ဇလဗေဒ)။

(၃) **ဥပဒေဘွဲ့**။

(၄) **နိုင်ငံခြားဘာသာဘွဲ့များ** (တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်း နှင့် အခြားနိုင်ငံခြားဘာသာစကားဆိုင်ရာဘွဲ့များ)။

(၅) **အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာဘွဲ့များ** (ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်)။

(၆) **စီးပွားရေးဘွဲ့များ** (ဘောဂဗေဒ၊ စာရင်းအင်းပညာ၊ ဝါဏိဇ္ဇဗေဒ၊ စီးပွားရေးစီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု)။

(၇) **ကွန်ပျူတာဘွဲ့များ** (ကွန်ပျူတာသိပ္ပံ၊ ကွန်ပျူတာနည်းပညာ)။

(င) ဘွဲ့လက်မှတ် **(မူရင်း)** နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(စ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(ဆ) ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် ၂၇ နှစ်ထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်ထိလည်းကောင်းလျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်း ခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)** ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ် အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး
# အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်နန်းသန်းထွေးမိသားစုအား အထူးကျေးဇူးတင်ဂုဏ်ပြုလွှာ

ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်နန်းသန်းထွေးမိသားစုမှ ဦးဆောင်စီစဉ်လှူဒါန်းမှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဟဲဟိုးဒေသဟဲသိမ်ပတ္တမြားတောင် သက်ရင့်ကျောက်လွှာများအတွင်း ပေပေါင်း ၈၀၀အထိ ခက်ခက်ခဲခဲ အစွမ်းကုန်အားထုတ်တူးယူပေးနိုင်ခဲ့သောကြောင့် 'ရွှေ' ထက်ရှားသော 'ရေ'လှိုင်လှိုင်ထွက်ရှိပြီဖြစ်သဖြင့် သာသနာရေးကိုလည်း မလစ်ဟင်းဘဲ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့မှုအတွက် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း (ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ)နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်နန်းသန်းထွေးမိသားစု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ပညာရှင်များ၊ မိမိတို့တတ်အားသရွေ့ စိတ်အား၊ လူအား၊ အမျိုးမျိုးသောအင်အားများဖြင့် ကြိုးပမ်းပံ့ပိုးခဲ့ကြသူများအားလုံး၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ဟဲသိမ်ပတ္တမြားတောင် ဆရာတော်အရှင်ကောဝိဒနှင့်သံဃာတော်များ၊ တရားစခန်းမှ ယောဂီများသာမက ဒေသခံများက အထူးပင်ဂုဏ်ယူ၊ ပျော်ရွှင်၊ ဝမ်းမြောက်ကျေးဇူးဥပကာရတင်ရှိကြပါကြောင်း လေးနက်စွာ မှတ်တမ်းတင်မော်ကွန်းရေးထိုးအပ်ပါသည်။

ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း မိသားစုတို့နှင့်တကွ အစွမ်းကုန်ပံ့ပိုးခဲ့ကြသော စေတနာရှင် ဒါနပါရမီရှင်များအားလုံး ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး မျက်နှာစာအသီးသီးတွင် ဆတက်ထမ်းပိုး တိုးတိုးကာ အောင်မြင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဟဲသိမ်ပတ္တမြားတောင် ဆရာတော်နှင့်**
**တပည့်ဒါယကာ၊ ဒါယိကာမများ**

FAME

အော်ဂဲနစ်စိုက်ပျိုးရေး၊ အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး
စာအုပ်သစ် မိတ်ဆက်ပွဲ ဖိတ်ကြားလွှာ

ဒေါက်တာခင်မောင်လွင် (FAME) ၏
စာအုပ်သစ်မိတ်ဆက်ပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါရန်
စာရေးသူနှင့် FAME မိသားစုမှ
ဝမ်းမြောက်စွာ ဖိတ်ကြားအပ်ပါသည်။

• နေ့ရက် ----- ၅-၁-၂၀၁၅ (တနင်္လာနေ့)
• အချိန် ----- နံနက် (၁၀း၀၀)နာရီ မှ (၁၂း၀၀)နာရီထိ
• နေရာ ----- Grand Ballroom, Sedona Hotel၊ ရန်ကုန်မြို့

စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။



အော်ဂဲနစ်ခေတ်သစ်တစ်ခုဆီသို့
အရောက်လှမ်းနိုင်ဖို့အတွက်



• အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်များ
• အော်ဂဲနစ်စိုက်ပျိုးရေးစနစ်၏ အကျိုးကျေးဇူးများ၊ အားနည်းချက်များ
• ဓာတုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ၏ ရေတို ရေရှည်ဆိုးကျိုးများ
• အော်ဂဲနစ်အစားအစာများ၏ ကျန်းမာရေးအကျိုးကျေးဇူးများ
စသည့်အကြောင်းအရာများကို စုံလင်စွာ ရေးသားဖော်ပြထားသော . . . . .

"အော်ဂဲနစ်စိုက်ပျိုးရေး၊ အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး" စာအုပ်

• ဖြန့်ချိရေး - FAME Publishing House
အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ ဝက်မွေးနှ(၃)၊ လှိုင်သာယာမြို့
ဖုန်း - ...၆၈၀၁၂၂ Fax: 95-1-680122, E-mail : fph@famepharma.com

"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကားဝယ်စို့"

✣ အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
✣ ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခဖိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
✣ အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - အမှတ်(၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းဆီးဖို့ရှင်အနီး၊ ဗဟန်းမြို့နယ်။ Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - သစ္စာလမ်းမကြီး၊ ဗဟိုဈေးမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်။ Ph: 09-254346475, 01-8500492
Show Room(3) - အမှတ်(၂၆၁ဘီ)၊ အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။ (ဘုတာမှတ်တိုင်နှင့်အုတ်ကျင်းမှတ်တိုင်ကြား)။ Ph: 09-254342979
Mandalay - အမှတ်(၄၁၃)၊ (၆၂)လမ်း၊ (၃၅ × ၃၆)လမ်းကြား၊ မန္တလေးမြို့။ Ph: 09-795594006, 09-795594008

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ


## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၆၃၀၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မအူပင်)
မအူပင်မြို့

## (၁)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်ဆုမွန်ကောင်းတောင်းခြင်း

၃-၁-၂၀၁၅ ရက်နေ့တွင် ကျရောက်သော
ကိုကျော်ကျော်မောင် နှင့် မဖြိုးမွှင်ဝေတို့၏
(၁)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည်
ရွှေနှစ်ပေါင်း(၁၀၀)တိုင်အောင် သာယာပျော်ရွှင်
ချမ်းမြေ့စွာဖြင့် [illegible]
[illegible]

## အမေရိကန်ပါမောက္ခ ရောဘတ်တေလာ ရေးသားသော The STATE IN MYANMAR မြန်မာ့သမိုင်းစာအုပ်ကို ဖေမောင်ကြီး မြန်မာဘာသာပြန်ဆိုသည့် 'မြန်မာနိုင်ငံရှိနိုင်ငံတော်နှင့် လူ့ဘောင်အဖွဲ့အစည်း ဆက်နွယ်မှု' စာအုပ်




မြန်မာနိုင်ငံသမိုင်း၏ မြန်မာဘုရင်များခေတ်မှ ယနေ့ ၂၀၀၈ ခုနှစ်ထိကာလကို နိုင်ငံရေးသိပ္ပံပညာနှင့် လူမှုရေးသိပ္ပံပညာရှုထောင့်တို့မှ အမြင်သစ်ဖြင့် ရှုမြင်လေ့လာသုံးသပ်ရေးသားထားသည့် စာအုပ်ဖြစ်သည်။

ဤစာအုပ်တွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ရှာဖွေရန်ခက်ခဲသောအချက်အလက်များ ကိုးကားချက်များ စာရင်းဇယားများ တိုက်ရိုက်ရရှိသည့်အကြောင်းအရာများ အများအပြားကို စုစည်းဖော်ပြထားသဖြင့် အရှည်သဖြင့် ရည်ညွှန်းကိုးကားနိုင်ရန် သိမ်းဆည်းထားသင့်သည့် စာအုပ်တစ်အုပ်လည်းဖြစ်သည်။

ဤစာအုပ်တွင် မြန်မာနိုင်ငံသမိုင်းတွင် တွေ့ကြုံခဲ့ရသည့် အောက်ပါ အဓိကပြဿနာများကို အခြေခံလျက် မြန်မာ့သမိုင်းအား ရှုမြင်လေ့လာ သုံးသပ်ထားသည်။

နိုင်ငံရေးသဘောတရားရေးရာပြဿနာများ
လူမှုစီးပွား ရေးရာပြဿနာများ
မြန်မာ့သမိုင်းရှိ နိုင်ငံရေးပါတီများ၏ လုပ်ရှားဆောင်ရွက်မှု
မြန်မာနိုင်ငံရှိ နိုင်ငံတော်၏ သဘောသဘာဝနှင့် အခက်အခဲ
ယင်းနိုင်ငံတော်နှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတို့၏ ဆက်နွယ်မှု
မြန်မာနိုင်ငံတော်သမိုင်းကို သိရှိနားလည်လိုသူတိုင်း မဖြစ်မနေ ဖတ်ရှုလေ့လာရမည့် စာအုပ်တစ်အုပ် ဖြစ်သည်။

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း ထွက်ပြီ


## အများသိစေရန် ကြေညာချက်

[illegible] အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏ အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့် အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက ပိုင်ဆိုင်မှုအထောက်အထားအချက်အလက်များနှင့်တကွ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့ လျှောက်ထား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဒေါ်ရင် | ၁၂/လမန(နိုင်) ၀၆၁၃၈၉ | (၃၀)၊ ရွှေပြည်(၁)လမ်း၊ ၁၀-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၂ | ဦးထွန်းဝေ | ၁၂/လမန(နိုင်) ၀၅၈၈၅၇ | (၂၃၅/A)၊ သီရိမင်္ဂလာလမ်းသွယ်၊ ၈-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၃ | ဒေါ်စင်လှမြိုင် | ၁၂/ကမရ(နိုင်) ၀၀၄၃၉၄ | (၇၅)၊ စံပါယ်ဖြူ(၃)လမ်း၊ ၁၁-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၄ | ဦးဝင်းနိုင် | ၁၂/လမန(နိုင်) ၀၆၁၃၅၀ | (၁၃)၊ ရွှေပြည်(၂)လမ်း၊ ၁၀-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၅ | ဒေါ်စင်ရွှန်း + ၁ | ၁၂/လမန(နိုင်) ၀၆၁၄၄၄ | (၃၂)၊ ရွှေပြည်(၁)လမ်း၊ ၁၀-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၆ | ဦးမင်းထွန်းမှူး + ၁ | ၁၂/လမန(နိုင်) ၀၀၀၆၄၉ | (၈၄၉)၊ ကျောင်းကုန်း(၃)လမ်း၊ ၇-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၇ | ဒေါ်နီး | ၁၂/အစန(နိုင်) ၁၃၂၂၆၇ | (၃၆၁)၊ အောင်မင်္ဂလာ(၃)လမ်း၊ တောင်ရပ်ကွက်၊ အင်းစိန် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၈ | ဦးချို | ၉/ညဥန(နိုင်) ၁၃၆၃၅၈ | (၂၀/ခ)၊ ကန်လမ်းလမ်းသွယ်၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၉ | ဦးတင်မောင်မြင့် | ၁၂/ကမတ(နိုင်) ၀၄၆၆၇၅ | (၉၀)၊ သရက်တော(၄)လမ်း၊ သရက်တောရပ်ကွက်၊ ကြည့်မြင်တိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၀ | ဦးမြင့်အောင် | ၁၂/မရက(နိုင်) ၀၂၅၇၇၈ | (၄၃၄၁+၄၃၅)၊ ဦးချစ်ထွန်းလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၁ | ဦးဝင်းစိန် | ၁၂/မရက(နိုင်) ၀၂၀၁၃၆ | (၁၁)၊ ဦးအောင်သွင်လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၂ | ဦးစိန်မြင့် | ၁၂/မရက(နိုင်) ၁၁၄၀၆၀ | (၁၂/က)၊ ဗဟန်းဝင်းလမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၃ | ဒေါ်အိအိလှိုင် | ၁၂/မရက(နိုင်) ၁၆၅၅၀၄ | (၄၃၉/ခ)၊ ဦးချစ်ထွန်းလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၂½-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၄ | ဒေါ်ချို + ၁ | ၁၂/ရကန(နိုင်) ၀၂၇၇၆၄ | (၄၂)၊ ဗဟန်းဝင်းလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၅ | ဦးဟန်ဝင်း | ၁၂/ကမရ(နိုင်) ၀၃၅၈၅၀ | (၃၄)၊ နိုင်ငံရွှေပါလမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၆ | ဒေါ်နွယ်ဝင်း | ၁၂/မရက(နိုင်) ၁၂၃၅၉၀ | (၂၅၈)၊ အောင်သစ္စာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၂½-ထပ်တိုက် ဆောက်လုပ်ရန် |

ဥက္ကဋ္ဌ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | မြို့နယ် | [illegible] | [illegible] | [illegible] | လိပ်စာ | [illegible] |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ဥက္ကဋ္ဌ [illegible]

[illegible]

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | မြို့နယ် | [illegible] | [illegible] | [illegible] | လိပ်စာ | [illegible] |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ဥက္ကဋ္ဌ [illegible]

